# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁၃) ရက် ၊ အင်္ဂါနေ့ ၊ (15-10-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၆၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၄**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။




ရတနာပုံ
၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၅ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူတစ်ရပ်လုံးပါဝင်သော ပြည်သူ့လုံခြုံရေးစနစ်

နိုင်ငံတော်နှင့် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်သူ့လုံခြုံရေးစနစ်သည် အရေးပါသောစနစ်တစ်ခုပင်ဖြစ်သည်။ ပြည်သူ့လုံခြုံရေးစနစ်တွင် ပြည်သူလူထု၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တပ်မတော်နှင့် လုံခြုံရေးတာဝန်ရှိသူများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများသည် အောင်မြင်နိုင်မည် ဖြစ်ပေသည်။ လက်ရှိ ကမ္ဘာတစ်ဝန်းတွင် ပြည်သူ့လုံခြုံရေးစနစ်ကို နိုင်ငံပေါင်း ၃၉ နိုင်ငံခန့်က ကျင့်သုံးလျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင်သာမက ဒေသတွင်းနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများတွင်လည်း ပြည်သူများပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးနှင့်ပတ်သက်၍ ဆိုရလျှင် ပြီးပြည့်စုံသည့်လုံခြုံရေးဟူ၍မရှိပေ။ ပြည်သူလူထုပါဝင်သည့်လုံခြုံရေးသည်သာလျှင် ပိုမိုခိုင်မာအားကောင်းသော လုံခြုံရေးစနစ်ဖြစ်ပေမည်ဖြစ်သည်။ ပြည်သူ့လုံခြုံရေးစနစ်တွင် လုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ပြည်သူများက အသိ၊ သတိရှိရှိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ပြည်သူလူထုတစ်ရပ်လုံးက လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်ဖြင့် လုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက လုံခြုံရေးဆိုင်ရာကျိုးပေါက်မှုများ လျော့နည်းသွားမည်ဖြစ်သည့်အပြင် လုံခြုံရေးဆိုင်ရာကျိုးပေါက်မှုများကို ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။

ယနေ့ကြုံတွေ့နေရသည့် နိုင်ငံ၏လုံခြုံရေးထိခိုက်မှုဖြစ်စဉ်များသည် နိုင်ငံရေးကို အခြေခံ၍ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပြီး မဲမသမာမှုကြောင့် အရေးပေါ်အခြေအနေဖြစ်ပေါ်ခြင်းကို နိုင်ငံရေးနည်းလမ်းများဖြင့်ဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့် ဖြေရှင်းရန်လုပ်ဆောင်လာခြင်းများကြောင့်ဖြစ်သည်။ ထို့ပြင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများသည် မြို့၊ ရွာများအတွင်း ဝင်ရောက်၍ ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အကာအကွယ်ပြု၍ အကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ မြန်မာနိုင်ငံတွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများရှိနေသရွေ့ နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုမှာ အနှောင့်အယှက်ဖြစ်နေဦးမည်သာဖြစ်သည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးနှောင့်ယှက်မှု ရှိနေသမျှကာလပတ်လုံး သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် လုံခြုံရေးကိုအထူးဂရုပြုဆောင်ရွက်နေရမည်ဖြစ်သည်။ ထို့ပြင် ပြည်သူများအနေဖြင့်လည်း လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးများအတွက် သတိပြုကြရန်လိုအပ်သည်။

လက်ရှိတွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏လုပ်ရပ်များကို ပြည်သူများက စက်ဆုပ်ရွံရှာမုန်းတီးနေပြီဖြစ်သည်။ ထို့ကြောင့် လုံခြုံရေးနှင့်ပတ်သက်၍ ပြည်သူလူထုက တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့လုံခြုံရေးစနစ်တွင် ပြည်သူများပါဝင်လာခြင်းက တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုပိုင်းများကို ပိုမိုအားကောင်းလာစေမည်ဖြစ်သောကြောင့် ပြည်သူများသည် တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့်အတူတကွပူးပေါင်းကာ ပိုမိုခိုင်မာအားကောင်းသည့် ပြည်သူ့လုံခြုံရေးစနစ်ကို ယခုထက်ပို၍ အားကောင်းခိုင်မာစွာ တည်ဆောက်ကြရန်လိုပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်နှင့်သာစည်မြို့နယ် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်



**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီးမိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်နှင့် သာစည်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဘေး ဝဲ၊ ယာတွင် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန် ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့်ဒေသခံ ပြည်သူများ တက်ရောက်ကာ တပျော်တပါးစိုက်ပျိုးကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် သစ်ပင်၊ သစ်တောများနှင့် သစ်တောဂေဟစနစ်များသည် လူသားများအတွက် လိုအပ်သည့်အစားအစာ၊ သစ်၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်ပင်အစရှိသည့်သစ်တောထွက်ပစ္စည်းအမျိုးမျိုးကို ထောက်ပံ့ပေးနေပြီး ရာသီဥတုပြောင်းလဲခြင်းကိုလည်း ထိန်းညှိပေးခြင်း၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း စသည့်ပတ်ဝန်းကျင်ကို ထောက်ပံ့ပေးသည့် အကျိုးကျေးဇူးများစွာ ရရှိပါကြောင်း၊ မိတ္ထီလာခရိုင်အတွင်းနိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ် လမ်းညွှန်ချက်အရ ရန်ကုန်-မန္တလေး ကား၊ ရထားလမ်းဘေးဝဲဠီယာတွင်ရှိ ကန္တာရသစ်ပင်များကို ရှင်းလင်း၍ဒေသသစ်မျိုးများဖြစ်သည့် တမာ၊ ဇီး၊ သရက်ပင်များတစ်အုပ်တစ်မစိုက်ပျိုးခဲ့ကြောင်း၊ အပင်စုစုပေါင်း ၂၃၅၇ ပင် စိုက်ပျိုးခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဆောင်၍ သတ်မှတ်နေရာတွင် သစ်ပင်များစတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ရန်ကုန်-မန္တလေးလမ်း၊ မိုင်တိုင်အမှတ် ၃၂၁/၁ မှ ၃၂၂/၂ ထိ လမ်းဘေးဝဲ၊ယာ သတ်မှတ်နေရာများတွင် သစ်ပင်များကို လူထုအင်အားတစ်ထောင်ကျော်ဖြင့် တပျော်တပါးစိုက်ပျိုးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကိုလိုက်လံကြည့်ရှုအားပေးခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲများကို သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာစေရန် ဂေဟစနစ်ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၁၅၃ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၁၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၀၈၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ စစ်ကိုင်းမြို့နယ်တွင် ၉၈၉ ဧကနှင့်မြင်းမူမြို့နယ်တွင် ၁၆၄ ဧက စုစုပေါင်း ၁၁၅၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ထောပတ်ပဲ ၁၀၈၅ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိ ၁၁၅၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ထောပတ်ပဲကို မိုးရာသီမှာ အများဆုံး စိုက်ပျိုးကြပါတယ်။ ထောပတ်ပဲဟာ အရောင်းအဝယ်ကောင်းတဲ့အမျိုးအစားထဲမှာပါတဲ့အတွက် အားထားစိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် ထောပတ်ပဲစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၉၁၈ ဧကနှင့် မြင်းမူမြို့နယ်တွင် ၁၆၇ ဧက စုစုပေါင်း ၁၀၈၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲ သီးနှံများကို သီးသန့်စိုက်ပျိုးကြသလို အချို့တောင်သူများက အပိုဝင်ငွေ ရရှိစေရန်အတွက် သီးညှပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် ကုလားပဲအုပ်စုနှင့်မြေထောက်ပဲ အရောင်းအဝယ် ကောင်းမွန်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲအုပ်စုနှင့်မြေထောက်ပဲ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ ပြောင်း၊ နှမ်းစသည့်ကုန်စည်များထဲတွင် ယခင်က ကုလားပဲအုပ်စုနှင့် မြေထောက်ပဲမှာ ပြည်တွင်းဈေးကွက်အတွင်းမှဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ ယခုလက်ရှိတွင် ကုလားပဲအုပ်စုနှင့် မြေထောက်ပဲများကို ကုန်သည်များဝယ်ယူမှု များပြားလာပြီး အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

"ကုလားပဲအုပ်စုနဲ့မြေထောက်ပဲက အရင်တစ်ပတ်လောက်က မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်အေးနေခဲ့တယ်။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းလာတဲ့အပြင် ပြည်ပကပါဝယ်ယူမှုတွေရှိလာပါတယ်" ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ကုလားပဲ(929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# အမရပူရမြို့နယ် ရေဘုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**အမရပူရ အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဘုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အောက်တိုဘာ ၁၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ရေဘုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ရေဘုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၄၂ ဦးကို ရန်ပုံငွေကျပ်သိန်း ၇၅၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၉၄၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၉၄၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၉၆၉၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၄၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၉၆၉၈ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၉၄၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ခရမ်း၊ မုန်လာတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် စိုက်ပျိုးနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၅၇၈၂ ဧက၊ ကနီမြို့နယ်တွင် ဧက ၅၅၇၀၊ ဆားလင်းကြီးမြို့နယ်တွင် ၆၅၃၂ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၁၅၆၀ စုစုပေါင်း ၁၉၄၄၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၆၀၂၇ ဧက၊ ကနီမြို့နယ်တွင် ၅၅၆၇ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၆၅၅၀ ဧကနှင့် ပုလဲမြို့နယ်တွင် ၁၅၅၄ ဧက စုစုပေါင်း ၁၉၆၉၈ ဧကဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ညောင်ဦးမြို့နယ် ချောင်းဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းဝကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၃ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းရန်ပုံငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်က ချောင်းဝကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၆၀ ကို ရန်ပုံငွေကျပ် ၃၄ ဒသမ ၄ သန်းထုတ်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ အောက်တိုဘာ ၁၄**


ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍သည်။

လပွတ္တာမြို့နယ်မှ ဒေသထွက်မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဩဂုတ်လအတွင်းက မျှင်ငါးပိ ပိဿာချိန် ၆၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် မျှင်ငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၂၅၉၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒေသထွက်မျှင်ငါးပိတွေကို ရန်ကုန်ဈေးကွက်နဲ့ အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က ပြီးခဲ့တဲ့ တစ်လအတွင်းနဲ့ အခုလက်ရှိမှာလည်း မျှင်ငါးပိတွေ ဝယ်ယူမှုများပြားနေပါတယ်။ အခုလို မျှင်ငါးပိတွေ အရောင်းအဝယ်ကောင်းလာတော့ လုပ်ငန်းရှင်တွေအပြင် လုပ်သားတွေပါ အဆင်ပြေလာပါတယ်"ဟု လပွတ္တာမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသခံရေလုပ်သားများထံမှ ပင်လယ်ပြင်မှရရှိသော မျှင်ကောင်များကို ဝယ်ယူအသုံးပြုပြီး အသင့်စားသုံးနိုင်သော မျှင်ငါးပိအဖြစ် ထုတ်လုပ်ရောင်းချနေခြင်းဖြစ်ကြောင်း၊ အဆိုပါ မျှင်ငါးပိထုတ်လုပ်ရောင်းချသည့် လုပ်ငန်းသည် ဒေသထုတ်ကုန်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး မျှင်ငါးပိလုပ်ငန်းတစ်ခုလျှင် လုပ်သား အနည်းဆုံး ၁၀ ဦးမှ ၁၅ ဦးထိ လုပ်ကိုင်ကြသောကြောင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မြေဆီလွှာနှင့် မြေသြဇာ (အပိုင်း-၈)

ပါမောက္ခကိုကိုအောင်

ထုထည်ကြီးမားသော ရေခဲပြင်ချပ်ကြီးများတွင် ကြီးမားသော ကြိတ်ခြေအားရှိကြသည်။ ကမ္ဘာပေါ်၌ လူသားများ မပေါ်သေးမီအချိန် ရေခဲခေတ်က မြောက်အမေရိကတစ်ဝန်း၌ အလွန်ကြီးမားသော ရေခဲထုကြီးက ဖုံးလွှမ်းနေခဲ့သည်။ ထိုရေခဲပြင်ချပ်ကြီးများက နောက်ဆုတ်သွားသောအခါ ကျန်ရစ်နေခဲ့သည့်အပိုင်းအစများက မြေသြဇာကောင်းသည့် မြေဆီလွှာများဖြစ်လာခဲ့ကြသည်။

မြောက်အမေရိက ရေခဲပြင်ကြီးများမှာ နှစ်မိုင်မှ သုံးမိုင်ခန့် ထိထူထဲခဲ့ကြပြီး ဖိအားကြောင့် တရွေ့ရွေ့ ချင်း အတိုးအဆုတ်ဖြစ်ပေါ်ခဲ့ကြသည်။ ထိုကဲ့သို့ ဖြစ်ပေါ်ခဲ့သည့် အချိန်ကာလကို မှန်းဆရန်ခက်ခဲသော်လည်း အောက်တွင်ရှိသော ကျောက်တုံး ကျောက်ခဲများကို အမှုန့်ဖြစ်သွားသည်ထိ ကြိတ်ခြေခြင်းဖြင့် ရှိရင်းစွဲမြေဆီလွှာနှင့် သမအောင်ရောနှောပေးနိုင်လောက်သည်ထိ ကြာမြင့်ခဲ့သည်မှာကမူ သေချာလှပေသည်။ ထိုရေခဲပြင်ကြီး ဆုတ်သွားသည့်အခါ ကြိတ်ခြေခြင်းခံကြရသော ကျောက်မှုန့်များက ထိုဒေသ၌ ပြန့်ကြဲကာကျန်ရစ်နေခဲ့သည်။ ရောမ ရေခဲပြင်ချပ်ကြီးများ၏ ကြိတ်ချေနိုင်သည့် စွမ်းအားကြောင့် နောင်ကာလတွင် လူတို့အတွက် ထွန်ယက်စိုက်ပျိုးနိုင်သော မြေသြဇာကောင်းသည့် မြေဆီလွှာများအဖြစ် ပေါ်ထွန်းလာခဲ့တော့သည်။

ရေခဲပြင်ချပ်ကြီးများနှင့် ရေခဲမြစ်များကြောင့် ဖြစ်ပေါ်လာသော မြေဆီလွှာများကို အမေရိကန်နိုင်ငံ မြောက်ပိုင်းဒေသ၌ တွေ့ရှိနိုင်သည်။ အဆိုပါဒေသ၏ တောင်ဘက်ပိုင်းနယ်နိမိတ်မှာ နယူးယောက်မြို့မှ နယူးယောက်တောင်ပိုင်းထိကျယ်ပြန့်ပြီး ထိုနေရာမှ အနောက်တောင်ဘက် စိန့်လူဝီမြို့၊ ထိုမှတဖန် မစ်ဇူရီမြစ်တစ်လျှောက် အနောက်မြောက်ဘက် ကနေဒါနိုင်ငံနယ်စပ်အထိတိုင်အောင် ကျယ်ပြန့်သွားသည်။

အလွန်တရာကြီးမားကျယ်ပြန့်သော ရေခဲပြင်များက ကြိတ်ခြေတိုက်စားသွားခြင်းကြောင့် ဖြစ်ပေါ်လာသော မြေဆီလွှာမှာနက်ရှိုင်းပြီး မြေသားက ညီညာကာ သဲအနည်းငယ်မျှသာ ပါဝင်သည်။ ၎င်းမြေဆီလွှာမှာ ထွန်ယက်စိုက်ပျိုးရန်ခက်ခဲသော မြေကျစ်မြေဆီလွှာ အမျိုးအစားဖြစ်ပြီး၊ ထိုမြေဆီလွှာမျိုးများတည်ရှိရာ အချို့ဒေသများ၌ မြေသြဇာကောင်းမွန်ပြီး အချို့သောဒေသများ၌မူ မြေသြဇာ ညံ့ဖျင်းကြသည်။ မြေဆီလွှာကိုဖြစ်ပေါ်လာစေခဲ့သော မူလကျောက်အမျိုးအစားနှင့် ဒေသ၏ရာသီဥတုအနေအထားတို့အပေါ်မူတည်ပြီး မြေသြဇာကောင်းမွန်ခြင်းနှင့် မြေသြဇာညံ့ဖျင်းခြင်းများ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

ယေဘုယျအားဖြင့်မူ အခြားသောမြေဆီလွှာများထက် မြေသြဇာပိုမိုကောင်းမွန်ပြီး ကောက်ပဲသီးနှံစိုက်ပျိုးမှုကို ကောင်းစွာဖြစ်ထွန်းစေသည်။ အမေရိကန်နိုင်ငံတစ်ခုလုံး၏ ၁၀ ရာခိုင်နှုန်းမှာ ထိုမြေဆီလွှာမျိုးများဖြစ်ကြသည့်အတွက် အမေရိကန်နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းအကြီးအကျယ်ဖြစ်ထွန်းအောင်မြင်နေသော နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ခြင်းဖြစ်သည်။

မြောက်ဘက်အရပ်ဆီသို့ ရေခဲပြင်ကြီးများက ဆုတ်သွားကြပြီးနောက် အပင်များမပေါက်ရောက်နိုင်သေးမီအချိန်က အလွန်သေးငယ်သော မြေမှုန့်အမြောက်အမြားကို လေကသယ်ဆောင်သွားခဲ့သည်။ အမေရိကန်နိုင်ငံအနောက်ပိုင်းဒေသမှ ပူပြင်းခြောက်သွေ့သောလေများက မြေမှုန့်အမြောက်အမြားကို စွတ်စိုသောဒေသများဆီသို့ ယူငင်ပို့ဆောင်ပေးကြသည်။ စွတ်စိုသောအရပ်ဒေသသို့ရောက်သောအခါ လေနှင့်အတူပါရှိလာသော မြေမှုန့်များက မြေပေါ်သို့ ကျဆင်းသွားကြရာမှ ထိုဒေသ၌ မြေဆီလွှာဖြစ်ပေါ်လာသည်။ ထိုကဲ့သို့ လေနှင့်အတူပါလာသောမြေမှုန့်များကြောင့် ဖြစ်ပေါ်လာသည့်မြေဆီလွှာမျိုးများကို ကန်းဆက်၊ နီဗရက်စကာ၊ မစ်ဇူရီ၊ အိုင်အိုဝါ၊ အီလီနွိုက်၊ အိုဟိုင်းယိုးနှင့် အင်ဒီယာနာပြည်နယ်တို့၌တွေ့နိုင်သည်။

ထို့မျှမက မစ္စစ္စပီမြစ်တစ်လျှောက်ရှိ မြေဆီလွှာများမှာလည်း ထိုမြေဆီလွှာမျိုးများပင်ဖြစ်ကြသည်။ လိုအက်မြေဝါဟုခေါ်ဆိုသော ထိုမြေဆီလွှာမျိုးများမှာ အလွန်ညက်ညောပြီး စွတ်စိုနေချိန်၌ စေးကပ်ကပ်ဖြစ်နေကာ၊ အဝါရောင် သို့တည်းမဟုတ် အနီနှင့်အဝါရောစပ်နေသည့် အရောင်မျိုးဖြစ်နေတတ်သည်။ ထိုမြေဆီလွှာအမျိုးအစားမှာ မြေသြဇာအလွန်ကောင်းမွန်သည့်အပြင် ထိုမြေဆီလွှာ ဖြစ်တည်နေရာအရပ်ဒေသကလည်း မိုးကောင်းသည့် အရပ်ဒေသဖြစ်နေရသည့်အားလျော်စွာ ထိုမြေဆီလွှာတည်ရှိရာအရပ်ဒေသများသည် ကောက်ပဲသီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်သောဒေသများအဖြစ် လူသိများထင်ရှားလေ့ရှိသည်။ ပြောင်းသီးနှံစိုက်ပျိုးမှုအတွက် အထူးလိုအပ်သော အဆိုပါမြေဆီလွှာမျိုးများတည်ရှိရာ အမေရိကန်နိုင်ငံအလယ်ပိုင်းဒေသ၏ အနောက်ဘက်ရှိ ကျေးလက်ဒေသများသည်လည်း ပြောင်းသီးနှံအကြီးအကျယ် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုကြောင့် လူသိများပြီးထင်ရှားလာရသည်။



မြေဆီလွှာဖြစ်ပေါ်လာအောင် သဘာဝအလျောက်စွမ်းဆောင်ပေးသော အရာများမှာ နှင်းခဲများ၊ ရေခဲပြင်နှင့် ရေခဲမြစ်များစီးဆင်းနေသော ရေများအပြင် သစ်ကပ်မှော်များ၊ အပင်တို့၏ အမြစ်များ၊ မြေအောင်းသတ္တဝါငယ်ကလေးများကလည်း အပါအဝင်ဖြစ်ကြသည်။ နှင်းခဲများကြောင့် ဒိုင်အိုရိုက် ကျောက်တုံးကြီးများသည်ပင်လျှင် နှစ်ခြမ်းကွဲသွားကြရသည်။ ရေခဲနေသည့်အခါ အပူချိန်ပြောင်းလဲသွားမှုကြောင့် ကြီးမားသော အင်အားစုများဖြစ်ပေါ်လာကာ ရောမကျောက်တုံးကြီးများကိုပင် အပိုင်းအစများဖြစ်သွားစေပြီး၊ ထိုအပိုင်းအစများ၌ အော်ဂဲနစ်ဒြပ်များ လုံလုံလောက်လောက်ရှိနေခဲ့လျှင် မြေသြဇာကောင်းမွန်သော မြေဆီလွှာများဖြစ်ပေါ်လာသည်။

ထို့အတူပင် ရေခဲပြင်ချပ်ကြီးများနှင့် ရေခဲမြစ်များကလည်း အောက်ပိုင်းရှိ ပူနွေးသော အရပ်ဒေသများဆီသို့ ရွေ့လျားသွားနေစဉ်၌ တွေ့သမျှသောအရာများကို ဖိနှိပ်ကြိတ်ခြေသွားကြသည်။ ထိုကဲ့သို့ ကြိတ်ခြေခံရမှုကြောင့် ကျန်ရစ်နေခဲ့သော ကျောက်အပိုင်းအစများက နောင်တွင်ကြေမွသွားကာ မြေဆီလွှာဖြစ်ပေါ်လာသည်။ ဤနည်းအားဖြင့်ပင် ဖြစ်ပေါ်လာသောမြေဆီလွှာများသည် လူသားတို့မပေါ်မီကတည်းက အမေရိကန်နိုင်ငံမြောက်ပိုင်းနှင့် ကနေဒါနိုင်ငံတို့တွင် စိုက်ပျိုးရန်ကောင်းသောလယ်မြေအများအပြား ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်။

သစ်ကပ်မှော်ကဲ့သို့သော အဆင့်အတန်းအလွန်နိမ့်သည့် အပင်များကလည်း ၎င်းတို့တွယ်ကပ်ပေါက်ရောက်ရာ ကျောက်သားစိုင်များကို ခြေခွဲဖြိုဖျက်ပြီး မြေဆီလွှာဖြစ်လာအောင် ကူညီဆောင်ရွက်ပေးကြသည်။ အပင်ကြီးငယ်တို့၏ အမြစ်များကလည်း မြေကြီးနက်ရာသို့ တိုးဝင်သွားကာ မြေအောက်ရှိ ကျောက်တုံးကျောက်ခဲများကို ကြေမွသွားအောင် ခြေခွဲဖြိုဖျက်ပေးပြီး မြေဆီလွှာကို ဖြစ်ပေါ်လာစေကြသည်။ ထို့ပြင် မြေကြီးထဲသို့ တိုးဝင်သွားသော အမြစ်ကြီးငယ်တို့က မြေဆီလွှာအတွင်းသို့ လေကို ဝင်ရောက်စေခြင်း၊ ဗက်တီးရီးယားတို့ကြောင့် ဆုံးရှုံးသွားရသော အော်ဂဲနစ်ဒြပ်များကိုပြန်လည်ဖြည့်တင်းပေးခြင်းဖြင့် မြေဆီလွှာကို သမစေကာမြေသြဇာကို ထက်သန် ကောင်းမွန်လာစေလျက်ရှိသည်။

ပုရွက်ဆိတ်ကဲ့သို့သော မြေအောင်း သတ္တဝါငယ်ကလေးများကလည်း မြေဆီလွှာအတွင်းသို့ လေကို ဝင်စေသည့်အပြင် မြေဆီလွှာကိုလည်း သမအောင် ရောနှောပြုပြင်ပေးကြသည်။ တိုက်စားသယ်ဆောင်တတ်သော ရေစီးအလျဉ်ကလည်း အောက်ပိုင်းသို့ရောက်သောအခါ ၎င်းရေစီးအလျဉ်ဖြင့် ပါလာသော အပိုင်းအစတို့က အောက်သို့ကျဆင်းသွားပြီး မြေဆီလွှာကိုဖြစ်ပေါ်လာစေသည်။ ဆွစ်ဇာလန်နိုင်ငံ၊ ရိုင်းနေဒေသကိုဖြတ်၍ စီးဆင်းနေသော ရိုင်းမြစ်သည် မြစ်အောက်ပိုင်း၌ ရေစီးနှေးလာပြီး မြစ်ရေစီးကြောင်းကလည်း ကွေ့ကောက်လာသောကြောင့် မြစ်ရေနှင့်အတူပါရှိလာသော မြေမှုန့်များက မြစ်ကမ်းဘေးဝဲယာ၌ အနည်ထိုင်သွားကြကာ မြေသြဇာအလွန်ကောင်းသော မြေဆီလွှာများကို ဖြစ်ပေါ်လာစေသည်။

စီးဆင်းနေသောရေသည် တိုက်စားသယ်ဆောင်တတ်သောသဘာဝရှိသည့်အတွက် ကောက်ပဲသီးနှံစိုက်ခင်းများ၌ ရေတိုက်စားသွားခြင်း၊ မြေဆီလွှာတိုက်စားခံရခြင်းတို့ကို ကာကွယ်နိုင်ရန်အတွက် ဆင်ခြေလျှောမြေကွက်များ၌ ထွန်ကြောင်းနှစ်ကြောင်းစီပါဝင်သော ကွန်တိုထွန်ကြောင်းများကို ဖန်တီးပြုလုပ်ထားရန်လိုအပ်သည်။ ထို့ပြင် ကွန်တိုထွန်ကြောင်းများသည် ရေကိုဝပ်နေစေခြင်းအားဖြင့် စိုက်ပျိုးမြေကို အမြဲစွတ်စိုနေအောင် ထိန်းသိမ်းပေးနိုင်စွမ်းလည်းရှိကြပေသည်။

## သံတောင်ကြီးမြို့နယ် မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး အောက်တိုဘာ ၁၄**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်ဇလီကုန်းကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများကို ထိရောက်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်နှင့် ဝန်ထမ်းများက မယ်ဇလီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၇၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၅၄၂၅ ဧက စိုက်ပျိုးပြီးစီး



**ကျုံပျော် အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ရာသီ၌ စပါး ၁၁၅၄၂၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၅၄၂၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လပထမပတ်ကစတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြောင်းသိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ၁၁၅၄၂၅ ဧကစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ စပါးစိုက်ဧကအားလုံးရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒေသရာသီဥတုနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့စပါးအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်။ ရွှေခရုကြောင့် ပျက်စီးဆုံးရှုံးတာမရှိစေဖို့ ရွှေခရုကာကွယ်နှိမ်နင်းရေး အသိပညာပေးလုပ်ငန်းတွေကို လုပ်ဆောင်ပြီး စိုက်ပျိုးခဲ့တာဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာတွင် စပါးစိုက်ဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ စပါးများ အထွက်နှုန်းကောင်းမွန်တိုးတက်စေရေး၊ အရည်အသွေးကောင်း စပါးများကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများကို စပါးစိုက်ခင်းများထိကွင်းဆင်းပြီး တောင်သူများနှင့်တွေ့ဆုံဆွေးနွေး ပညာပေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## သာစည်မြို့နယ် ယင်းမာရိုးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**သာစည် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ယင်းမာရိုးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၀ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းမာရိုးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၁၀ ကို ငွေကျပ် ၃၈ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၉ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၂ ဦးကို ရန်ပုံငွေကျပ် ၆၀ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

## ထမ်းရွက်သယ်ပိုး ပြည့်အကျိုး

\- တို့တစ်တွေ အသိနိုးပါလို့
ပြည့်အကျိုး ရွက်ထမ်းမယ်၊
တိုင်းဌာနီ ရွာမြို့
သာဖို့ရည်ရွယ်၊
တို့ချစ်တဲ့ မြန်မာ့နယ်
အလှခြယ် တို့အမျိုး၊
သည်ရေမြေ အလှစစ်ရယ်
ထွန်းသစ်မညှိုး။

\- ထူးမြတ်ဂုဏ် လျှံပြည့်ဖြိုး
ပြည့်အကျိုး ရှေ့ဦးဆောင်၊
မြန်မာ့မြေ မြန်မာ့အားရယ်နှင့်
လျှံပွားတည်အောင်၊
တိုင်းရင်းသား ညီနှင့်နောင်
ပြည်ထောင်စု သားချင်း၊
သည်ရေမြေ တစ်မိဖွားရယ်မို့
ပြည့်အားမာန်တင်း။

\- တွဲလက်ညီ ရိုင်းပင်းလို့
တိုင်းရင်းသား ညီနောင်ရေ၊
အငြိုးရန်စွယ် မာန်အတ္တ
ဝေးကြဖယ်စေ၊
ချစ်ကြိုးယုက် အားမာန်ဝေ
ပွားလျှံမြေ အသွင်သစ်၊
အသိဖွေ ညီညာမှုရယ်နှင့်
အမိမြေ ပြည်ရွာစုကို
တည်ကာထုဆစ်။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**

# နိုင်ငံတကာ သတင်းများ

## ယူကရိန်းနယ်စပ်အနီးနယ်မြေများမှ ပြည်သူများကို ဘေးလွတ်ရာသို့ ရုရှားရွှေ့ပြောင်းပေးထား

**မော်စကို အောက်တိုဘာ ၁၄**

အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် ယူကရိန်းနယ်စပ်အနီးရှိ နယ်မြေများမှ ကလေး ၈၀၀၀နီးပါး အပါအဝင် လူပေါင်း ၃၀၀၀၀ ကျော်ကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားကြောင်း ရုရှားလူ့အခွင့်အရေး မဟာမင်းကြီးရုံးက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းနယ်စပ်အနီးဒေသများမှ ရွှေ့ပြောင်းကယ်ထုတ်ထားသူများကို ရုရှားနိုင်ငံတစ်ဝန်းရှိ ယာယီစခန်းများ၌ နေရာချပေးထားကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်အတွင်း ရုရှားနိုင်ငံနှင့် စစ်မက်စတင်ဖြစ်ပွားခဲ့သည့် ယူကရိန်းနိုင်ငံသည် ရုရှားနယ်စပ်ဒေသများကိုတိုက်ခိုက်၍ ရုရှားတပ်များ၏ ယူကရိန်းပြည်တွင်းထိုးစစ်များကို တုံ့ပြန်လေ့ရှိသည်။

ထို့ပြင် ယူကရိန်းတပ်များသည် ယခုနှစ် ဩဂုတ်လမှစ၍ ရုရှားနိုင်ငံအနောက်ပိုင်း ခုစ်(စ်) နယ်မြေကို စစ်ရေးအရထိုးဖောက်တိုက်ခိုက်ခဲ့ရာ ရုရှားနိုင်ငံအတွက် ဒုတိယကမ္ဘာစစ် နောက်ပိုင်း ပထမဆုံးအကြိမ်ပြည်ပတပ်များ ကျူးကျော်မှုဖြစ်ခဲ့ရသည်။

သို့သော် လက်ရှိအချိန်တွင် ရုရှားတပ်များအနေဖြင့် ယူကရိန်းအရှေ့ပိုင်းစစ်မြေပြင်၌ စစ်ရေးအရ အသာစီးရနေကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ထိုင်ဝမ်ကျွန်းပတ်ပတ်လည်၌ ပီအယ်လ်အေစစ်ရေးလေ့ကျင့်မှုပြုလုပ်




**ပေကျင်း အောက်တိုဘာ ၁၄**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ) သည် ထိုင်ဝမ်ကျွန်းပတ်ပတ်လည်၌ယနေ့တွင်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေကြောင်း သိရသည်။

ယနေ့စစ်ရေးလေ့ကျင့်မှုများတွင် တရုတ်ရေတပ်မှ လျောင်နင်းလေယာဉ်တင် သင်္ဘောအပြင် အခြားစစ်လေယာဉ်ပေါင်း၁၂၅စင်း ထိပါဝင်ခဲ့ကြောင်း တရုတ်(တိုင်ပေ) တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

တရုတ်နိုင်ငံအနေဖြင့် တရုတ်(တိုင်ပေ)ကို ကိုယ်စားပြုနိုင်သည့် အခွင့်အရေးမရှိကြောင်း တရုတ်(တိုင်ပေ)သမ္မတက ထုတ်ဖော်ပြောကြားခဲ့ပြီး လေးရက်အကြာတွင် ပီအယ်လ်အေက ထိုင်ဝမ်ကျွန်းပတ်ပတ်လည်၌ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။

တရုတ်(တိုင်ပေ)သမ္မတ လိုင်ချင်တီး၏ အောက်တိုဘာ ၁၀ ရက် တရုတ်(တိုင်ပေ) အမျိုးသားနေ့ မိန့်ခွန်းကို တုံ့ပြန်သည့်အနေဖြင့် ယနေ့ စစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်နေခြင်းဖြစ်ကြောင်း တရုတ်ကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

သို့သော် ထိုင်ဝမ်ကျွန်းဝန်းကျင် စစ်ရေးလေ့ကျင့်မှုများ မည်မျှကြာမြင့်မည်ကို တရုတ်ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

တရုတ်အစိုးရသည် တရုတ်(တိုင်ပေ)ကို ပြည်မကြီးအချုပ်အခြာပိုင် နယ်မြေအဖြစ် မှတ်ယူထားပြီး လိုအပ်ပါက စစ်အင်အားသုံး၍ ပြည်မကြီးအချုပ်အခြာအောက် ထည့်သွင်းမည်ဖြစ်ကြောင်း ပြောကြားထားသည်။

Ref : Xinhua

Trs : KKO

## အမြင့်မီတာ ၈၀၀၀အထက်ရှိ တောင်ထိပ်အားလုံးကို နီပေါလူငယ်တစ်ဦး အောင်မြင်စွာတက်ရောက်

**ခတ္တမန္ဒူ အောက်တိုဘာ ၁၄**

အသက် ၁၈ နှစ်အရွယ် နီပေါလူငယ်တောင်တက်သမားတစ်ဦးသည် ကမ္ဘာပေါ်ရှိ အမြင့်မီတာ ၈၀၀၀အထက်ရှိ တောင်ထိပ်အားလုံးကို အောင်မြင်စွာတက်ရောက်နိုင်ခဲ့ကြောင်း ယနေ့ သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ အောင်မြင်မှုကြောင့် နီမာရင်ဂျီအမည်ရှိ အဆိုပါနီပေါလူငယ် တောင်တက်သမားသည် အမြင့်မီတာ ၈၀၀၀ အထက်ရှိ ကမ္ဘာ့တောင်ထိပ် ၁၄ ခုစလုံးကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် အသက်အငယ်ဆုံး တောင်တက်သမားအဖြစ် စံချိန်တင်ခဲ့သည်။

နီမာရင်ဂျီသည် မီတာ ၈၀၀၀ အထက်ရှိ ကမ္ဘာ့တောင်ထိပ်များ အနက် ၎င်းတက်ရောက်ရမည့် နောက်ဆုံး တောင်ထိပ်ဖြစ်သော အမြင့် ၈၀၂၇ မီတာရှိ ရှီရှာပန်ဂမာ တောင်ထိပ်ကို အောက်တိုဘာ ၉ ရက်တွင် အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည်။

အမြင့် မီတာ ၈၀၀၀ အထက်ရှိ ကမ္ဘာ့တောင်ထိပ် ၁၄ ခုစလုံးကို တက်ရောက်နိုင်ရေးသည် နိုင်ငံတကာတောင်တက်သမားများ၏ အမြင့်မားဆုံး စိတ်ကူးရည်မှန်းချက်ဖြစ်ပြီး တောင်တက်သမား ဦးရေ၅၀ခန့်သာ အောင်မြင်ခဲ့သော ရည်မှန်းချက်ဖြစ်သည်။

အဆိုပါတောင်ထိပ် ၁၄ ခုတို့သည် နီပေါ၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့ကြား ခွ၍တည်ရှိနေသည့် ဟိမဝန္တာနှင့် ကာရာကိုရမ်တောင်တန်းဒေသများ၌ တည်ရှိကြောင်း သိရသည်။

အဆိုပါ တောင်ထိပ်၁၄ ခုကို ပထမဆုံး အောင်မြင်စွာတက်ရောက်နိုင်ခဲ့သူမှာ အီတလီတောင်တက်သမား ရိန်းဟိုးလ်မက်ဆနာဖြစ်ပြီး ၁၉၈၆ ခုနှစ်တွင် တက်ရောက်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## တရုတ်ဝန်ကြီးချုပ်ခရီးစဉ်နှင့် အက်စ်စီအိုညီလာခံအတွက် ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့၌ လုံခြုံရေးတင်းကျပ်

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၁၄**

တရုတ်ဝန်ကြီးချုပ် လီချန်း၏ ခရီးစဉ်နှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို) ထိပ်သီး ညီလာခံတို့အတွက် ပါကစ္စတန် တာဝန်ရှိသူများက အစ္စလာမ်မာဘတ်မြို့၌ ယနေ့မှစ၍လုံခြုံရေးအထူးတင်းကျပ်ထားကြောင်း သိရသည်။

တရုတ်ဝန်ကြီးချုပ် လီချန်းသည် ယနေ့တွင် လေးရက်ကြာ တရားဝင် ပါကစ္စတန်ခရီးစဉ်အဖြစ် အစ္စလာမ်မာဘတ်မြို့သို့ စတင်ရောက်ရှိမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပါကစ္စတန်အစိုးရသည် အက်စ်စီအိုအဖွဲ့၏၂၃ ကြိမ်မြောက် ထိပ်သီးညီလာခံကို အောက်တိုဘာ ၁၅ ရက်မှ ၁၆ ရက်ထိ အစ္စလာမ်မာဘတ်မြို့၌ ကျင်းပရန် စီစဉ်ထားသည်။

လက်ရှိအချိန်တွင် ပါကစ္စတန်အာဏာပိုင်များသည် အစ္စလာမ်မာဘတ်မြို့အတွက် သုံးရက်ကြာ အများပြည်သူ အားလပ်ရက်ကာလကြေညာထားပြီး စာသင်ကျောင်းများနှင့်စီးပွားရေးလုပ်ငန်းများကို ပိတ်သိမ်းထားကြောင်း သိရသည်။

အက်စ်စီအို အစည်းအဝေးများကျင်းပမည့် နေရာဖြစ်သကဲ့သို့ ပြည်ပနိုင်ငံများမှ သံရုံးများလည်း တည်ရှိရာ အစ္စလာမ်မာဘတ်မြို့ အန်ရောင်ဇုန်၏ လုံခြုံရေးကို ပါကစ္စတန်ကြည်းတပ်က တာဝန်ယူမည်ဖြစ်သည်။

အက်စ်စီအို ထိပ်သီးညီလာခံတွင် တရုတ်၊ အိန္ဒိယ၊ အီရန်၊ ရုရှား အပါအဝင် နိုင်ငံပေါင်း ကိုးနိုင်ငံတို့မှ ထိပ်တန်းတာဝန်ရှိသူများ တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အီတလီထုတ်တိုက်ခိုက်ရေးစစ်လေယာဉ် ၂၄ စင်း နိုင်ဂျီးရီးယားလေတပ်ဝယ်ယူရန်စီစဉ်



**လာဂို့စ် အောက်တိုဘာ ၁၄**

လေတပ်အင်အားဖြည့်တင်းရေး အစီအစဉ်အရ နိုင်ဂျီးရီးယားနိုင်ငံသည် အီတလီနိုင်ငံထုတ်အမ်-၃၄၆ အမျိုးအစား တိုက်ခိုက်ရေး ဂျက်လေယာဉ် ၂၄ စင်းနှင့် အေဒဗလျူ ၁၀၉ ထရက်ကာအမျိုးအစား ရဟတ်ယာဉ် ၁၀ စင်း ဝယ်ယူရန် စီစဉ်ထားသည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

နိုင်ဂျီးရီးယား လေတပ်ဦးစီးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အဆိုပါလေယာဉ်နှင့် ရဟတ်ယာဉ်များကိုဝယ်ယူရေးအတွက် အီတလီနိုင်ငံအခြေစိုက် လီယိုနာဒိုအက်စ်ပီအေလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း နိုင်ဂျီးရီးယားတပ်မတော်ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယား လေတပ်က ဝယ်ယူမည့် အမ်-၃၄၆တိုက်လေယာဉ်၂၄ စင်းအနက် ပထမသုံးစင်းကို ၂၀၂၅ခုနှစ် နှစ်စပိုင်းတွင် လွှဲပြောင်းပေးနိုင်ဖွယ်ရှိပြီး ကျန်လေယာဉ်များကို ၂၀၂၆ ခုနှစ် နှစ်လယ်ပိုင်းထိ အသုတ်လိုက်ခွဲ၍ လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း လီယိုနာဒိုအက်စ်ပီအေကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အေဒဗလျူ ၁၀၉ ထရက်ကာ ရဟတ်ယာဉ်များကိုမူ ၂၀၂၆ခုနှစ် နှစ်စပိုင်းတွင်လက်ခံရရှိနိုင်ကြောင်း နိုင်ဂျီးရီးယားတပ်မတော်မှ တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

အနောက်မြောက်ပိုင်းဒေသ၌ လက်နက်ကိုင် တောပုန်းများ ထကြွမှု၊ ဘိုကိုဟာရမ်စစ်သွေးကြွအုပ်စု၏ပုန်ကန်မှုများနှင့်ရင်ဆိုင်နေရသည့် နိုင်ဂျီးရီးယားနိုင်ငံသည် ပြီးခဲ့သည့်နှစ်များအတွင်းကာကွယ်ရေးအသုံးစရိတ် မြှင့်တင်သုံးစွဲလာခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံသည် လေတပ်အင်အားဖြည့်ဆည်းရေး အစီအစဉ်အရ တရုတ်နိုင်ငံထုတ် ဝင်းလောင် II အမျိုးအစားမောင်းသူမဲ့လေယာဉ်များလည်း မှာယူထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက Starship ဒုံးပျံကို ပဉ္စမအကြိမ် စမ်းသပ်လွှတ်တင်




**ဝါရှင်တန် အောက်တိုဘာ ၁၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ယနေ့တွင် Starship ဒုံးပျံကို ပဉ္စမအကြိမ် အဖြစ် စမ်းသပ်လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် Starship ဒုံးပျံကို တက္ကဆက်ပြည်နယ် တောင်ပိုင်းရှိ စတားဘေ့စ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လွှတ်တင်ပြီး ခုနစ်မိနစ်မျှ အကြာတွင် Starship ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစ်စင်ရှိရာသို့ တည့်မတ်စွာ ပြန်လည်ဆင်းသက်ခဲ့ရာ ပစ်စင်၌ တပ်ဆင်ထားသည့် စက်လက်တံများက အောင်မြင်စွာချုပ်ထိန်းပေးနိုင်ခဲ့သည်။

Starship ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်ကမူ ကမ္ဘာပတ်လမ်းကြောင်းပေါ်ထိ ဆက်လက်ပျံသန်းပြီးနောက် ၆၅ မိနစ်ခန့် အကြာတွင် အိန္ဒိယသမုဒ္ဒရာအထက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်၍ ပေါက်ကွဲခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် Starship ဒုံးပျံများကို ၂၀၂၃ ခုနှစ် ဧပြီလနှင့် နိုဝင်ဘာလ၊ ယခုနှစ် မတ်လနှင့် ဇွန်လတို့တွင် စမ်းသပ်လွှတ်တင်ခဲ့ပြီးဖြစ်သည်။

Space-X ကုမ္ပဏီသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်များဆီသို့ လူသားများစေလွှတ်ရေးအတွက် Starship ဒုံးပျံများကို စမ်းသပ်လွှတ်တင်နေခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## Crew Dragon အာကာသလူသယ်ယာဉ် ကမ္ဘာမြေရာသီဥတုအခြေအနေကြောင့် နိုင်ငံတကာအာကာသစခန်းမှ ခွာထွက်မည့်အစီအစဉ်ကို ဆိုင်းငံ့ထားရ

**ဝါရှင်တန် အောက်တိုဘာ ၁၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်သည် ကမ္ဘာမြေရာသီဥတု အခြေအနေကြောင့် နိုင်ငံတကာ အာကာသစခန်းမှ ခွာထွက်မည့်အစီအစဉ်ကို ဆိုင်းငံ့ထားရကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများအရ သိရသည်။

Crew Dragon အာကာသလူသယ်ယာဉ်သည် မူလက အောက်တိုဘာ ၁၃ ရက်တွင် နိုင်ငံတကာအာကာသစခန်းမှခွာထွက်၍ ယနေ့တွင် ကမ္ဘာမြေပြင်ပေါ် ပြန်လည်ဆင်းသက်ရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် Crew Dragon အာကာသလူသယ်ယာဉ်ပြန်လည်ဆင်းသက်မည့် ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်းကမ်းလွန်ရာသီဥတုအခြေအနေကြောင့် နိုင်ငံတကာအာကာသစခန်းမှပြန်လည် ခွာထွက်မည့်အစီအစဉ်ကို ယနေ့သို့ နောက်ဆုတ်ထားကြောင်း



Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ Crew Dragon အာကာသလူသယ်ယာဉ်နှင့်အတူ အမေရိကန် အာကာသယာဉ်မှူးသုံးဦးနှင့်ရုရှားအာကာသယာဉ်မှူးတစ်ဦးတို့ ပြန်လည်လိုက်ပါလာမည်ဖြစ်သည်။

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) နှင့် Space-X ကုမ္ပဏီသည် Crew-8 အမည်ရှိ မစ်ရှင်ဖြင့် အထက်ပါ အာကာသယာဉ်ကို ယခုနှစ် မတ် ၃ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ခဲ့သည်။

လွှတ်တင်ပြီး နှစ်ရက်အကြာတွင် Crew Dragon အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Alasemenia အပင်မျိုးစိတ်သစ်တစ်မျိုး၏ သစ်စေ့ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ပေကျင်း အောက်တိုဘာ ၁၄**

Alasemenia အမည်ရှိ အပင်မျိုးစိတ်သစ်တစ်မျိုး၏ သစ်စေ့ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများအရ သိရသည်။

Alasemenia သစ်စေ့ကျောက်ဖြစ်ရုပ်ကြွင်း၏သက်တမ်းမှာ နှစ်ပေါင်းသန်း ၃၆၀ နှင့် ၃၈၅ သန်းကြားတွင်ရှိသည်ဟု ပေကျင်းမြို့တော် ပီကင်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Alasemenia သစ်စေ့ကျောက်ဖြစ်ရုပ်ကြွင်းသည် ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ တောင်ပံပါသစ်စေ့များအနက် သက်တမ်းရှေးအကျဆုံး တောင်ပံပါ သစ်စေ့ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Alasemenia သစ်စေ့ကျောက်ဖြစ်ရုပ်ကြွင်း၏ သက်တမ်းသည် သက်တမ်းရှေးအကျဆုံးတောင်ပံပါ သစ်စေ့ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် သတ်မှတ်ခံထားရသော သစ်စေ့ထက် နှစ်ပေါင်းသန်း ၄၀ ပို၍ ရှေးကျသည်ဟု တရုတ်သိပ္ပံပညာရှင်များက ထွက်ချက်ထားကြောင်း သိရသည်။

Alasemenia သစ်စေ့ကျောက်ဖြစ်ရုပ်ကြွင်းသည် အရွယ်အစားအားဖြင့် ၂၅ မီလီမီတာမှ ၃၃ မီလီမီတာထိရှိသည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Alasemenia သစ်ပင်များသည် လွန်ခဲ့သောနှစ်ပေါင်း ၃၈၂ သန်း နှင့် ၃၇၂ သန်း ကြားကာလ ဒီဗိုနီယံဘူမိခေတ်မှ အပင်များ ဖြစ်ကြကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ဝက်ခြံလိမ်းဆေးဆီတစ်မျိုးက အခန်းတွင်း အပူချိန်အောက်တွင်ထားပါက ကင်ဆာရောဂါ ဖြစ်စေနိုင်သည့်ဓာတုပစ္စည်းအဖြစ် ပြောင်းလဲနိုင်

**နယူးယောက် အောက်တိုဘာ ၁၄**

လူသုံးများသည့် ဝက်ခြံလိမ်းဆေးဆီတစ်မျိုးသည် အခန်းတွင်း အပူချိန်အောက်တွင် ထားသိုပါက ကင်ဆာရောဂါများ ဖြစ်စေနိုင်သည့် ဓာတုပစ္စည်းတစ်မျိုးအဖြစ် ပြောင်းလဲသွားနိုင်ကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားသည်။

အထူးသဖြင့် ဘင်ဇောလ်ပါရောဆိုက် (Benzoyl Peroxide) ခေါ် ဓာတုပစ္စည်းတစ်မျိုးပါဝင်သည့် ဝက်ခြံလိမ်းဆေးဆီများမှာ အခန်းတွင်း အပူချိန်အောက်၌ ထားရှိပါက ကင်ဆာဖြစ်စေတတ်သည့် ဓာတ်ပစ္စည်းများ (Carcinogen) အဖြစ် ပြောင်းလဲသွားတတ်သည်ဟု အမေရိကန် သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘင်ဇောလ်ပါရောဆိုက်သည် အပူချိန်မြင့်မားနေချိန်၊ နေရောင်ခြည်၏ ခရမ်းလွန်ရောင်ခြည်များနှင့် ထိတွေ့မိချိန်တွင်လည်း Carcinogen အဖြစ်ပြောင်းသွားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အေးမြသည့်နေရာတွင်ထားသိုပါက ဘင်ဇောလ်ပါရောဆိုက်များ Carcinogen အဖြစ်သို့ ပြောင်းလဲသွားမှုကို လျှော့ချနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နာတာရှည်စိတ်ဖိစီးမှုပြဿနာကြောင့် အူမကြီးကင်ဆာဆဲလ်များပျံ့နှံ့မှု မြန်ဆန်နိုင်

**ပေကျင်း အောက်တိုဘာ ၁၄**

နာတာရှည်စိတ်ဖိစီးမှုပြဿနာကြောင့်အူမကြီးကင်ဆာဆဲလ်များ ပျံ့နှံ့မှု မြန်ဆန်လာနိုင်ကြောင်း သုတေသန ပညာရှင်များက အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားသည်။

နာတာရှည်စိတ်ဖိစီးမှုပြဿနာကြောင့် အူမကြီးကင်ဆာ လူနာများ၏အစာခြေလမ်းကြောင်းစနစ်အတွင်း ဗက်တီးရီးယားစုဖွဲ့မှု ပုံစံ ပျက်ပြားသွားတတ်ပြီး အူမကြီးကင်ဆာဆဲလ်များ ပျံ့နှံ့မှုပို၍ မြန်ဆန်လာနိုင်ကြောင်း တရုတ် သုတေသန ပညာရှင်များက ပြောကြားသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ နာတာရှည် စိတ်ဖိစီးမှုပြဿနာကြောင့် ကင်ဆာဆဲလ်များ ကြီးထွားမှုမြန်လာနိုင်သည့်အပြင် အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ အကျိုးပြုဗက်တီးရီးယားများလည်း ထိခိုက်ပျက်စီးသွားတတ်သည်ကို တွေ့ရကြောင်း တရုတ် သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် နာတာရှည် စိတ်ဖိစီးမှုပြဿနာကြောင့် ကင်ဆာဆဲလ်များကို ခုခံအားစနစ် ရှာဖွေဖျက်ဆီးရေးအတွက် အထူးကျေးဇူးပြုတတ်သော Lactobacillus ခေါ် ဗက်တီးရီးယားများ ထိခိုက်ပျက်စီးသွားတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

စိတ်ဖိစီးမှု ပြဿနာရှိသည့် အူမကြီးကင်ဆာ လူနာများကို သမားရိုးကျကင်ဆာကုထုံးများနှင့်အတူ ဇီဝအကျိုးပြု ဗက်တီးရီးယား ဖြည့်စွက်ဆေးများအသုံးပြုကုသခြင်းဖြင့် အကျိုးရှိနိုင်ကြောင်း တရုတ် သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

### ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စုပွဲစဉ် ပွဲကြိုသုံးသပ်ချက်များ ML

**စကော့တလန် Vs ပေါ်တူဂီ**

ကစားမည့်ရက်/အချိန် (၁၆-၁၀-၂၀၂၄ နံနက် ၀၁:၁၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ပေါ်တူဂီ ၂ - ၁ စကော့တလန်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| စကော့တလန် | - | အိမ်(ရှုံး) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| ပေါ်တူဂီ | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |

စကော့တလန်အသင်းဟာ အုပ်စုသုံးပွဲကစားအပြီးမှာ သုံးပွဲစလုံး နိုင်ပွဲမရခဲ့သလို ခံစစ်ပိုင်းကလဲ တစ်ပွဲကိုအနည်းဆုံးနှစ်ဂိုးထိပေးခဲ့ရတာ ဖြစ်ပါတယ်။ ပေါ်တူဂီကတော့ကစားသမားစုဖွဲ့မှု ကောင်းမွန်နေသလို စီရော်နယ်ဒိုကလဲ ပုံမှန်ဂိုးသွင်းနေတာကြောင့် ရမှတ်အပြည့်နဲ့ အမှတ်ပေးဇယားကိုဦးဆောင်နေတာကို တွေ့ရမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ပေါ်တူဂီအသင်းပဲ နိုင်ပွဲဆက်မှာပါ။

**ခန့်မှန်းရလဒ် - စကော့တလန် ၁ - ၂ ပေါ်တူဂီ**

**ဆွစ်ဇာလန် Vs ဒိန်းမတ်**

ကစားမည့်ရက်/အချိန် (၁၆-၁၀-၂၀၂၄ နံနက် ၀၁:၁၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဒိန်းမတ် ၂ - ၀ ဆွစ်ဇာလန်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဆွစ်ဇာလန် | - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ဒိန်းမတ် | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |

ဆွစ်ဇာလန်အသင်းကလဲ သုံးပွဲစလုံးနိုင်ပွဲမရသေးဘဲ ခံစစ်က ပေးဂိုး ရှစ်ဂိုးထိ သွင်းဂိုးတွေခွင့်ပြုပေးခဲ့ရတာကို တွေ့ရမှာပါ။ ဒိန်းမတ်အသင်းကတော့ ပြီးခဲ့တဲ့ပွဲမှာစုဖွဲ့မှုကောင်းတဲ့ စပိန်အသင်းကိုကပ်ရှုံးခဲ့ပေမဲ့ ခြေစွမ်းပိုင်းကျဆင်းသွားခြင်းမရှိတာကြောင့် အခုပွဲစဉ်မှာလဲ ပေးဂိုးများနေတဲ့ ဆွစ်ဇာလန်အသင်းခံစစ်ကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာဖြစ်လို့ ညွှသည့်ဒိန်းမတ်အသင်းပဲရလဒ်ကောင်းမှာပါ။

**ခန့်မှန်းရလဒ် - ဆွစ်ဇာလန် ၁ - ၂ ဒိန်းမတ်**

### အားကစားသတင်းအတိုအထွာများ

- ဒိန်းမတ်အသင်းကိုအနိုင်ရခဲ့သည့်ပွဲစဉ်တွင် လူလယ်တိုက်စစ်မှူး ယာမယ်ဒဏ်ရာရရှိခဲ့သော်လည်း ပြင်းထန်မှုမရှိသည့်အတွက် ဘာစီလိုနာအသင်းသို့ ပြန်လည်စေလွှတ်ရန် ဆန္ဒမရှိကြောင်း နည်းပြ ဒီလာဖူအန်တီက ထုတ်ဖော်ပြောကြားခဲ့သည်။
- ဘရာဇီးအသင်းက လေ့ကျင့်ရေးအစီအစဉ်တွင် တိုက်စစ်မှူး မာတင်နယ်လီ တံကောက်ကြောဒဏ်ရာရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သဖြင့် အာဆင်နယ်အသင်းမှ ကိုင်ဟာဗက်၊ သောမတ်ပါတေး၊ ဆာကာအပါအဝင် ကစားသမားလေးဦးထိ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့သည်။
- ချဲလ်ဆီးအသင်းတိုက်စစ်မှူး အန်ကူကူက အနာဂတ်တွင် အသင်းဟောင်း ပီအက်စ်ဂျီအသင်းသို့ ပြန်လည်ပြောင်းရွှေ့လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်းက နေ့ရာသီအပြောင်းအရွှေ့ကာလက စတုဂတ်အသင်းနည်းပြဟိုးနက်စ်ကိုခေါ်ယူရန် ချဉ်းကပ်ခဲ့သော်လည်း ငြင်းပယ်ခဲ့သည်ဟု နည်းပြဟိုးနက်စ်က အတည်ပြုပြောကြားခဲ့သည်။
- ချဲလ်ဆီးအသင်းပိုင်ရှင် နှစ်ဦးအကြား အသင်းအိမ်ကွင်း စတန်ဖို့ဒ်ဘရစ်အားကစားကွင်းကို အသစ်တည်ဆောက်ရေးနှင့်ပတ်သက်ပြီး သဘောထားကွဲလွဲမှုများရှိနေကြောင်း သိရသည်။

ML

# MFF Royal-D U-19 Futsal Championshipပြိုင်ပွဲ
## အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Royal-D U-19 Futsal Championshipပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယနေ့နံနက် ၉ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

MFF Royal-D U-19 Futsal Championshipပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၉နာရီခွဲတွင် Hinthar FCအသင်းနှင့် Yangon Futsalအသင်းတို့ကစားခဲ့ရာ Hinthar FCအသင်းက ငါးဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် Focus FC အသင်းနှင့် Special One FC အသင်းတို့ကစားခဲ့ရာ Focus FC အသင်းက ရှစ်ဂိုး ခြောက်ဂိုးဖြင့် လည်းကောင်း၊ မွန်းတည့် ၁၂ နာရီ တွင် Jullniss FCအသင်းနှင့် YCDC Margaအသင်းတို့ကစားခဲ့ရာYCDC Marga အသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Rule Breakers FC အသင်းနှင့် Gold Dreamအသင်းတို့ ကစားခဲ့ရာ Gold Dreamအသင်းက ငါးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် Gloriuos Thuder FCအသင်းနှင့် Mahar Unitedအသင်းတို့ ကစားခဲ့ရာ Mahar Unitedအသင်းက လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီ ၄၅ မိနစ်တွင် Let Wel Youth အသင်းနှင့် Shadows FCအသင်းတို့ ကစားခဲ့ရာ Let Wel Youth အသင်းက လေးဂိုး တစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

MFF Royal-D U-19 Futsal Championshipပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် King Cobra FC အသင်းနှင့် Knight FCအသင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် D.Aung Paing FC အသင်းနှင့် Ingenious Boy FC အသင်း၊ မွန်းတည့် ၁၂နာရီတွင် Insein City အသင်းနှင့် Teen Teenager FC အသင်း၊ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Thu Underdog FCအသင်းနှင့် Team Phoenix အသင်း၊ မွန်းလွဲ ၂နာရီခွဲတွင် FCT Youth အသင်းနှင့် Generations Youth အသင်း၊ ညနေ ၃ နာရီ ၄၅ မိနစ်တွင် Power HBI အသင်းနှင့် Bushido FC အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

## အီဂျစ်အသင်းလူစာရင်းမှ ဆာလာဟ်နုတ်ထွက်၍ လီဗာပူးအသင်းနှင့် ပြန်လည်ပူးပေါင်း

**ကိုင်ရို အောက်တိုဘာ ၁၄**

တိုက်စစ်မှူး ဆာလာဟ်သည် အာဖရိကနေးရှင်းလိဂ်ပြိုင်ပွဲအဖြစ် ကစားခဲ့သည့် မော်ရစ်တေးနီးယားအသင်းနှင့် ပွဲစဉ်အပြီးတွင် အသင်းလူစာရင်းမှနုတ်ထွက်၍ လီဗာပူးအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ကြောင်း သိရသည်။

ဆာလာဟ်သည် မော်ရစ်တေးနီးယားအသင်းနှင့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခဲ့ရာ ပံ့ပိုးကောင်းပြသနိုင်ခဲ့ပြီး ပွဲချိန် ၇၉ မိနစ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ကာ နာကျင်အချိန်ပိုတွင် အသင်းဖော်ကစားသမားအက်ဒဲလ်နှင့်လူစားလဲထွက်ခွာခဲ့ခြင်းဖြစ်သည်။

အီဂျစ်အသင်းသည် ဆာလာဟ်ကိုဒဏ်ရာကြောင့်အသင်းလူစာရင်းမှ နုတ်ထွက်ခွင့်ပြုခဲ့ခြင်းမဟုတ်ဘဲ အီဂျစ်အသင်းသည် နေးရှင်းလိဂ်ပြိုင်ပွဲတွင် သုံးပွဲကစားအပြီးသုံးပွဲစလုံး အနိုင်ရထားသည့်အတွက် လာမည့်ပွဲစဉ်တွင် ဆာလာဟ်ကို အနားပေးရန် လီဗာပူးအသင်းသို့ ပြန်လည်စေလွှတ်ခဲ့သည်။



လီဗာပူးအသင်းသည် လာမည့် အောက်တိုဘာ ၂၀ ရက်၌ ချဲလ်ဆီးအသင်း၊ အောက်တိုဘာ ၂၄ ရက်တွင် လိုက်ပ်ဇစ်အသင်း၊ အောက်တိုဘာ ၂၇ ရက်တွင် အာဆင်နယ်အသင်း၊ အောက်တိုဘာ ၃၁ ရက်တွင် ဘရိုက်တန်အသင်းတို့နှင့် ပွဲကျပ်များ ကစားရမည်ဖြစ်ပြီး လက်ရှိ အမှတ်ပေးပွဲခုနစ်ပွဲအပြီးတွင် ရမှတ် ၁၈ မှတ်ရယူ၍ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## ကင်ရှီရိုက ခရစ္စတိုဖာကို ဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရရှိပြီး ဝိတ်တန်းနှစ်ခု၏ ကမ္ဘာ့ချန်ပီယံဖြစ်လာ

**ကိုတိုကူ အောက်တိုဘာ ၁၄**

WBC ကမ္ဘာ့ဖလိုင်းဝိတ်တန်း ချန်ပီယံအတွက် WBC ကမ္ဘာ့လိုက်ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဂျပန်လက်ဝှေ့သမား ကင်ရှီရိုနှင့် စိန်ခေါ်သူ နီကာရာဂွါလက်ဝှေ့သမား



ခရစ္စတိုဖာတို့ ဂျပန်နိုင်ငံ ကိုတိုကူမြို့၌ အောက်တိုဘာ ၁၃ ရက်က ထိုးသတ်ခဲ့ရာ ကင်ရှီရိုကဒိုင်ပွဲရပ်ဖြင့်အနိုင်ရရှိကာ မတူညီသောဝိတ်တန်းနှစ်ခု၏ ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ကင်ရှီရိုသည် ၁၁ ချီမြောက်တွင် ခရစ္စတိုဖာကို ဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ခရစ္စတိုဖာသည် နှာခေါင်းရိုးကျိုးဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် ကြိုးဝိုင်းဒိုင်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် ကင်ရှီရိုကိုအနိုင်ပေးခဲ့ခြင်းဖြစ်သည်။

ကင်ရှီရိုကမွေးရပ်မြေတွင်ထိုးသတ်သည့် ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်အတွက် ပြင်ဆင်မှုကြီးကြီးမားမားပြုလုပ်ထားသလို ၎င်း၏ပွဲစဉ်ကိုလာရောက်အားပေးခဲ့သော ဂျပန်ပရိသတ်များအား မျက်နှာမငယ်ရစေရေးအတွက် အကောင်းဆုံး ပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သည့် ခရစ္စတိုဖာသည် ဒဏ်ရာပြဿနာကြောင့် အနည်းဆုံး ခြောက်လခန့်ထိ အနားယူရတော့မည်ဖြစ်ကြောင်း ခရစ္စတိုဖာ၏အသင်းမှ ထုတ်ပြန်ခဲ့သည်။

Ref : Xinhua

Trs : AZL

# နေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၉)တွင် ရောဝတီယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲရရှိ



**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၉) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ရောဝတီယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃နာရီခွဲက စလင်းအားကစားကွင်းတွင် ရောဝတီယူနိုက်တက်အသင်းနှင့်ဟံသာဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရောဝတီယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ရောဝတီယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၇ မိနစ်တွင် နိုင်လာ၊ ပွဲချိန် ၇၇ မိနစ်တွင် အောင်ချစ်တို့ကသွင်းယူပေးနိုင်ခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၂၀ ၌ ဇော်လင်းအောင်က သွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက တောင်ဒဂုံအားကစားကွင်းတွင် ရခိုင်ယူနိုက်တက် အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရတနာပုံ အက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၄ မိနစ်နှင့် ၇၅ မိနစ်တို့တွင် ခွန်မြင့်ဆွေက သွင်းယူနိုင်ခဲ့ပြီး ရခိုင်ယူနိုက်တက် အသင်းအတွက်သွင်းဂိုးကို ပွဲချိန် မိနစ် ၂၀ တွင် သော်ဇင်နိုင်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၃၀၊ ပွဲချိန် ၅၇မိနစ်၊ ပွဲချိန် ၆၉ မိနစ်နှင့် ပွဲချိန် ၇၂ မိနစ်တို့တွင် စိုင်းဇေယျာကျော် တစ်ဦးတည်းက သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# Black Desert Championship ပြိုင်ပွဲ ချန်ပီယံဆုကို မက္ကာသီ ဆွတ်ခူး

**အိုင်ဗင် အောက်တိုဘာ ၁၄**

အမေရိကန်နိုင်ငံ ယူတက်ပြည်နယ် အိုင်ဗင်မြို့တွင် ကျင်းပခဲ့သည့် Black Desert Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမားမက္ကာသီက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၃ ချက်လျော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျာမနီ ဂေါက်သီးရိုက်ကစားသမားဂျက်ဂါက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ထားနိုင်ပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် စထရီမန်းနှင့် ဂလိုဗာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

မက္ကာသီသည် ပြီးခဲ့သည့် ဩဂုတ်လက Korn Ferry Tour တွင် ချန်ပီယံဖြစ်ခဲ့ပြီးနောက် PGA Tour သို့စတင်ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက် PGA Tour တွင် ဒုတိယမြောက်ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယမြောက် ပါဝင်ယှဉ်ပြိုင်ခဲ့သောPGA Tour တွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် PGA Tour ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**




# အောက်တိုဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာအမျိုးသမီးဖူဆယ်အသင်း တစ်ဆင့်မြင့်တက်ပြီး ကမ္ဘာ့အဆင့် ၃၇ နေရာ၌ ရပ်တည်

**ရန်ကုန် အောက်တိုဘာ ၁၄**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းများ၏ အောက်တိုဘာလအတွက်ကမ္ဘာ့အဆင့်သတ်မှတ်ချက်ကိုထုတ်ပြန်ခဲ့ရာ မြန်မာအမျိုးသမီးဖူဆယ်အသင်း ကမ္ဘာ့အဆင့် တစ်ဆင့်မြင့်တက်လာခဲ့ပြီး ကမ္ဘာ့အဆင့် ၃၇ နေရာတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

အောက်တိုဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာအမျိုးသမီး ဖူဆယ်အသင်းသည် ရမှတ် ၉၅၅ ဒသမ ၅၂ မှတ်ဖြင့် ကမ္ဘာ့အဆင့် တစ်ဆင့်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏အောက်တိုဘာလအတွက်ကမ္ဘာ့အဆင့် သတ်မှတ်ချက်များအရ အာဆီယံဇုန်တွင် ထိုင်းအသင်းက အဆင့်အပြောင်းအလဲ မရှိခဲ့ဘဲ ကမ္ဘာ့အဆင့် ၆ ဖြင့် အာဆီယံအဆင့် ၁ နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ဗီယက်နမ်အသင်းက နှစ်ဆင့်မြင့်တက်ခဲ့ကာ ကမ္ဘာ့အဆင့် ၁၁ ဖြင့် အာဆီယံအဆင့် ၂၊ အင်ဒိုနီးရှားအသင်းက ၁၀ ဆင့်ထိကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့် ၂၄ ဖြင့် အာဆီယံအဆင့် ၃၊ မလေးရှားအသင်းက အပြောင်းအလဲမရှိခဲ့ဘဲ ကမ္ဘာ့အဆင့် ၂၈ဖြင့် အာဆီယံအဆင့် ၄၊ မြန်မာအသင်းက ကမ္ဘာ့အဆင့် ၃၇ ဖြင့် အာဆီယံအဆင့် ၅၊ ဖိလစ်ပိုင်အသင်းက နှစ်ဆင့်မြင့်တက်ခဲ့ပြီး ကမ္ဘာ့အဆင့် ၅၉ ဖြင့် အာဆီယံအဆင့် ၆ နေရာတွင် အသီးသီးရပ်တည်ခဲ့ကြပြီး ဘရူနိုင်းအသင်း၊ ကမ္ဘောဒီးယားအသင်း၊ လာအိုအသင်း၊ စင်ကာပူအသင်းနှင့် တီမောလက်စ်တေအသင်းတို့ အနေဖြင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက် မဝင်ရောက်သေးကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းသည် ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံအမျိုးသမီး ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်မှုများ လုပ်ဆောင်လျက်ရှိနေကြောင်း သိရသည်။

**STA**

# ရန်ကုန်တိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၂၈ရက်မှ နိုဝင်ဘာ ၉ ရက်ထိ ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို လူငယ်ကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပမည်ဖြစ်သည့်အတွက် ပြိုင်ပွဲကို အသက် ၂၀နှစ်အောက် ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပြီး ပြိုင်ပွဲဝင်ကစားသမားများကို အသက်သေချာစိစစ်သွားမည်ဖြစ်ကာ သက်ကျော်ကစားသမားများကို ပြိုင်ပွဲမှ ထုတ်ပယ်သွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲဝင်ယှဉ်ပြိုင်လိုသည့်အသင်းများအနေဖြင့် ကစားသမား ၂၄ဦးဖြင့် အသင်းကိုစုဖွဲ့ရမည်ဖြစ်ပြီး အသင်းအုပ်ချုပ်သူ၊ နည်းပြအဖွဲ့တွင် အနည်းဆုံး ခြောက်ဦး ပါဝင်ရမည်ဖြစ်ကာ ပြိုင်ပွဲအသင်း ၁၀သင်းဖြင့်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသည့်အသင်းများအနေဖြင့် အောက်တိုဘာ ၂၃ရက် နောက်ဆုံးထားပြီး ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ထံ စာရင်းပေးသွင်းရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၊ ပဒေသာအားကစားကွင်း၊ သုဝဏ္ဏလေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် ပဒုမ္မာအားကစားကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ် ပထမဆုကို ငွေကျပ်သိန်း ၁၀၀၊ ဒုတိယဆုကို ငွေကျပ် ၇၅သိန်းနှင့် တတိယဆုကို ငွေကျပ်သိန်း ၅၀ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပြီး တစ်ပွဲချင်းစီအလိုက် အကောင်းဆုံးကစားသမားဆုများကို ငွေကျပ် နှစ်သိန်းနှင့် ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးကစားသမားဆုများကို ငွေကျပ် ငါးသိန်းနှုန်းဖြင့် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# အာဆင်နယ်အသင်းသမိုင်းတွင် အိမ်ကွင်း၌ ဂိုးအများဆုံးသွင်းယူနိုင်သည့်စံချိန်ကို တိုက်စစ်မှူး ကိုင်ဟာဗက် လိုက်မီရန်နီးစပ်

**လန်ဒန် အောက်တိုဘာ ၁၄**

အာဆင်နယ်အသင်းတိုက်စစ်မှူး ကိုင်ဟာဗက်သည် အောက်တိုဘာ ၅ ရက်က ကစားခဲ့သည့် ဆောက်သမ်တန်အသင်းနှင့်အိမ်ကွင်းပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲစုံတွင် အိမ်ကွင်းခုနစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့သည့် ဗန်ပါစီ၏စံချိန်ကိုလိုက်မီနိုင်ခဲ့သည့်အပြင် အသင်းသမိုင်းတွင် ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း အိမ်ကွင်းတွင် ဂိုးအများဆုံးသွင်းယူနိုင်သည့်စံချိန်ကို လိုက်မီရန် နီးစပ်လျက်ရှိကြောင်းသိရသည်။

အာဆင်နယ်အသင်းသမိုင်းတွင် အိမ်ကွင်းပွဲစဉ်များ၌ သွင်းဂိုးရှစ်ဂိုးထိသွင်းယူနိုင်သည့် ကစားသမားများမှာ တိုက်စစ်မှူးဟောင်း ဟင်နရီက ၂၀၀၀ ပြည့်နှစ်တွင်လည်းကောင်း၊ လစ်စမန်းက ၁၉၅၄ ခုနှစ်တွင်လည်းကောင်း၊ ဂျင်မီဘရိန်းက ၁၉၂၇ ခုနှစ်ကလည်းကောင်း သွင်းဂိုးရှစ်ဂိုးထိသွင်းယူနိုင်သည့် ကစားသမားအဖြစ် ရပ်တည်နေသော်လည်း ကိုင်ဟာဗက်အနေဖြင့် လာမည့် ရှက်တာဒိုးနက်အသင်းနှင့်ပွဲစဉ်၊ လီဗာပူးအသင်းပွဲစဉ်တို့တွင် ဂိုးသွင်းယူနိုင်ပါက အဆိုပါကစားသမားများ၏ စံချိန်ကို လိုက်မီနိုင်မည်ဖြစ်သည်။

ကိုင်ဟာဗက်သည် အာဆင်နယ်အသင်းတိုက်စစ်တွင် ပုံမှန်ပွဲကစားခွင့်ရရှိခဲ့ပြီးနောက် မေ ၁၉ ရက်က အဲဗာတန်အသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်၊ ဩဂုတ် ၁၇ ရက်က ဝုဗ်အသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်၊ ဩဂုတ် ၃၁ ရက်က ဘရိုက်တန်အသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်၊ စက်တင်ဘာ ၂၅ ရက်က ဘော်တန်အသင်းနှင့် ကွာရာဘောင်းဖလားပွဲစဉ်၊ စက်တင်ဘာ ၂၈ ရက်က လက်စတာအသင်းနှင့် ပရီးမီးယားလိဂ်ပွဲစဉ်၊ အောက်တိုဘာ ၁ ရက်က ပီအက်စ်ဂျီအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်နှင့် အောက်တိုဘာ ၅ ရက်က ဆောက်သမ်တန်အသင်းတို့နှင့်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တို့တွင် အိမ်ကွင်းခုနစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ကိုင်ဟာဗက်သည် လာမည့် အောက်တိုဘာ ၂၃ ရက်တွင်ကစားမည့် ရှက်တာဒိုးနက်အသင်းနှင့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခြင်းမရှိစေကာမူ အောက်တိုဘာ ၂၇ ရက်၌ကစားမည့်လီဗာပူးအသင်းနှင့်ပွဲစဉ်တို့တွင် ဂိုးသွင်းယူနိုင်ခဲ့ပါက ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း အိမ်ကွင်းတွင်သွင်းဂိုးရှစ်ဂိုးထိသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်မည် ဖြစ်ကြောင်း သိရသည်။

**Ref : Dailycannon**

**Trs : ML**

# စားနပ်ရိက္ခာဖူလုံရေး လူတိုင်းပါဝင်ကြိုးပမ်းပေး

ညွန့်ဝင်း(နတ်တလင်း)

အသက်ရှည်စေသည့်အကြောင်းတရား လေးပါးတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ ပါဝင်သည်။ ထိုအထဲတွင်အာဟာရသည်အရေးကြီးဆုံးနေရာတွင် ပါဝင်နေသည်။ အာဟာရ မှီဝဲစားသောက်ရမှသာ အသက်ရှင်ရပ်တည်နိုင်ပေသည်။ ထိုသို့ မှီဝဲစားသောက်ရာ၌လည်း အာဟာရလုံလောက်မျှတစွာ ရရှိရန်လိုအပ်သည်။ ထို့ကြောင့် လူ့ဘဝ၏ အဓိကလိုအပ်ချက်ကြီးသုံးရပ်တွင် စား၊ ဝတ်၊ နေရေးဟူ၍ စားရေးကို ရှေ့ဆုံးမှထားရှိခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် အသက်ရှင်ရပ်တည်နိုင်ပြီး ကုန်ဆုံးသွားသောစွမ်းအင်များ ပြန်လည်ဖြည့်တင်းရန် အစာအာဟာရကို မှချမှီဝဲရသည်။ ကျွန်ုပ်တို့လူသားများသည် သမိုင်းဦးအစတွင် အာဟာရအတွက် သားကောင်များကိုဖမ်းဆီးပြီး အစိမ်းလိုက်စားခဲ့ကြသည်။ ရာသီဥတုဒဏ်ခံနိုင်ရန်နှင့် သားရဲတိရစ္ဆာန်များဘေးမှကာကွယ်ရန် မီးကိုအသုံးချရာမှ အသားစိမ်းများ မီးထဲသို့ အမှတ်မထင်ကျပြီးဆယ်ယူစားသောက်ရာတွင် အသားကို အစိမ်းစားခြင်းထက် ချက်ပြုတ်စားခြင်းက ပိုမိုအရသာရှိကြောင်း သိခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် သီးနှံများကို ရှာဖွေစားသောက်ရာမှ အလွယ်တကူ စားသုံးနိုင်ရန် ကိုယ်တိုင်စိုက်ပျိုးလာကြသည်။ ခိုင်းစေရန်နှင့် အသားအတွက် သားကောင်များကို မွေးမြူလာကြသည်။ ထိုသို့ဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် စားနပ်ရိက္ခာအတွက် မရှိမဖြစ်သော လုပ်ငန်းများ ဖြစ်လာသည်။

အစပိုင်းတွင် စိုက်ပျိုးမွေးမြူ၍ စားနပ်ရိက္ခာ ထုတ်လုပ်မှုနှင့် လူတို့၏ စားသုံးမှု မျှတလုံလောက်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် တိုးချဲ့၍ စိုက်ပျိုးမွေးမြူလျက် စားနပ်ရိက္ခာ ပိုမိုထုတ်လုပ်သည့်ကြားမှပင် တဖြည်းဖြည်း အဆမတန်တိုးပွားလာသော လူဦးရေအတွက် ရိက္ခာမလုံလောက်မှုများ ဖြစ်လာသည်။ ကမ္ဘာ့လူဦးရေ တိုးပွားနှုန်းကလည်း ဒီရေအလား တရိပ်ရိပ်တိုးတက်လာနေခဲ့သည်။ နှစ်ဆယ်ရာစုကုန်ဆုံးချိန်တွင် ကမ္ဘာ့လူဦးရေမှာ သန်း ၆၀၀၀ ထိ တိုးပွားလာပြီး နှစ်ဆယ့်တစ်ရာစုထဲတွင် သန်း ၆၆၀၀ ခန့်ထိရှိလာသည်။ ထိုလူဦးရေ သန်း ၆၀၀၀ ကျော်အတွက် စားနပ်ရိက္ခာလုံလောက်ရေးသည် အရေးတကြီးကြိုးပမ်းဆောင်ရွက်ရမည့် ကိစ္စဖြစ်လာသည်။

ကမ္ဘာ့လူဦးရေတိုးပွားမှုကြောင့် နေစရာများ တိုးချဲ့ခြင်း၊ စိုက်ပျိုးမြေများတိုးချဲ့ခြင်းဖြင့် နောက်ထပ်တိုးချဲ့ရန်နေရာ ရှားပါးလာသည်။ ကမ္ဘာမြေကလည်း ထပ်မံမကျယ်ပြန့်နိုင်တော့ပေ။ ထို့ကြောင့် စိုက်ပျိုးမြေတိုးချဲ့ရန် မဖြစ်နိုင်တော့ဘဲ စိုက်ပျိုးမွေးမြူရေးစနစ်များကို ပိုမိုတိုးတက်အောင် နည်းပညာအကူအညီဖြင့် တီထွင်ကြိုးပမ်းလာကြရသည်။ သို့သော် ကမ္ဘာတွင် စားနပ်ရိက္ခာပြတ်လပ်မှု၊ အာဟာရချို့တဲ့မှုများကို တွေ့ကြုံရင်ဆိုင်နေရသည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် ကမ္ဘာ့စားနပ်ရိက္ခာပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ၁၉၄၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ကနေဒါနိုင်ငံ ကွီဘက်မြို့၌ ကွီဘက်ညီလာခံကြီးကို ကျင်းပခဲ့သည်။ ထိုညီလာခံတွင် "ကမ္ဘာတစ်လွှားရှိ လူသားထုတစ်ရပ်လုံး မတောင့်မတ၊ မကြောင့်မကြနှင့် ငြိမ်းချမ်းစွာစားသောက်နေထိုင်နိုင်ရန်" ဟူသော ဦးတည်ချက်ဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့၏ ရည်မှန်းချက်မှာ "မည်သည့်ကလေးငယ်မျှ ထမင်းမစားရဘဲ အိပ်ရာဝင်သည် မရှိစေရ။ မည်သည့်လူကြီးတစ်ယောက်မျှ နောက်တစ်နေ့ ထမင်းအတွက် ပူပန်ကြောင့်ကြမှုမရှိစေရ"ဟူ၍ ဖြစ်သည်။ ထိုဦးတည်ချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ စတင်ဖွဲ့စည်းခဲ့သော အောက်တိုဘာ ၁၆ ရက်နေ့ကို ကမ္ဘာ့စားနပ်ရိက္ခာနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ ၎င်းသတ်မှတ်ချက်အရ နှစ်စဉ် အောက်တိုဘာ ၁၆ ရက်နေ့ရောက်တိုင်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားများ ကျင်းပလာခဲ့သည်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့သည် အသေးစိတ်ရည်ရွယ်ချက် (၄) ရပ် ထားရှိဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့မှာ-

(၁) အာဟာရပြည့်ဝမှုနှင့် လူနေမှုအဆင့်အတန်း မြှင့်တင်ပေးရန်၊

(၂) လယ်ယာ၊ သစ်တော၊ ရေလုပ်ငန်းတို့မှ စားသောက်ကုန်ပစ္စည်းနှင့် စိုက်ပျိုးထွက်ကုန်များ ပိုမိုတိုးတက်လာစေရန်၊

**❖နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်နေသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် နည်းကောင်း၊ လမ်းကောင်း၊ မျိုးကောင်းများအသုံးပြု၍ စက်မှုလယ်ယာစနစ်ကို ဦးတည်အကောင်အထည်ဖော်ခဲ့သည်။ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် စပါးနှင့်ပဲအမျိုးမျိုးကို အရည်အသွေးပြည့်မီ၍ ပိုမိုအထွက်တိုးရန် ဘက်ပေါင်းစုံစီမံပေးလျက် စိုက်ပျိုးစရိတ်ချေးငွေများကို ရာသီအလိုက် ထုတ်ချေးပေးလျက်ရှိသည်။ သားငါးကဏ္ဍတွင်လည်း စီမံကိန်းများချမှတ်ဆောင်ရွက်နေသည်။ ❖**

(၃) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ကျေးလက်လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးရန်၊

(၄) ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို အားပေးကူညီပြီး ငတ်မွတ်ခေါင်းပါးမှုကို ဖယ်ရှားရန် တို့ဖြစ်သည်။

ထို့ပြင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အဖွဲ့ (WFP) ကိုလည်းဖွဲ့စည်း၍ အထူးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အရေးပေါ်အခြေအနေအရ လိုအပ်သလိုဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီး ရိက္ခာပြတ်တောက်သည်နှင့် အလှူရှင်နိုင်ငံများက ဝိုင်းဝန်းကူညီဆောင်ရွက်ရန်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများ၏ ညီလာခံကို တစ်နှစ်ခြား ကျင်းပသည်။ ထိုသို့ အစီအစဉ်များ ချမှတ်ဆောင်ရွက်နေသော်လည်း လိုအပ်ချက်များက ရှိနေဆဲဖြစ်သည်။

ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် ပြီးခဲ့သော ဆယ်စုနှစ်ကာလအတွင်း ကြိုးပမ်းဆောင်ရွက်နေသည့်ကြားမှပင် စားနပ်ရိက္ခာလိုအပ်မှု လျော့ကျခြင်း မရှိဘဲ အာဟာရမပြည့်ဝသူဦးရေ တိုးတက်လျက်သာရှိခဲ့သည်။ ကမ္ဘာ့လူဦးရေ သန်း ၆၀၀၀ ကျော်အနက် အာဟာရမပြည့်ဝသူဦးရေမှာ သန်း ၈၀၀ ကျော်ရှိကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ထုတ်ပြန်ချက်အရ သိရသည်။ ၎င်းထုတ်ပြန်ချက်အရ ယေဘုယျအားဖြင့် ကမ္ဘာ့လူဦးရေ ကိုးဦးလျှင် တစ်ဦးသည် အာဟာရပြည့်ဝမှုမရှိဘဲ ငတ်မွတ်နေကြောင်း တွေ့ရသည်။ ဤသို့ဖြစ်ရသည်မှာ ကမ္ဘာ့လူဦးရေအတွက် စားနပ်ရိက္ခာ ထုတ်လုပ်နိုင်မှုပမာဏ မပြည့်စုံမှုကြောင့်သာမက စားနပ်ရိက္ခာတို့၏ အရည်အသွေးမပြည့်ဝမှုကြောင့်လည်းဖြစ်သည်ဟု သိရသည်။ လူတို့၏ စားသောက်မှုပုံစံများမှာလည်း ကျန်းမာရေးနှင့် ညီညွတ်စွာ မစားသောက်နိုင်မှုသည် ကမ္ဘာ့ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများ၏ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်လာသည်။ ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး ရေရှည်တည်တံ့သော စားနပ်ရိက္ခာများကို လူတိုင်း ရရှိစားသုံးနိုင်ရေးသည် ချက်ချင်းလုပ်ဆောင်ရမည့် အရေးကြီးကိစ္စဖြစ်လာသည်။ လူတို့သည် သဘာဝအသီးအနှံထက် ပြုပြင်ပြီးသား အသင့်စားသုံးနိုင်သော အစားအစာများကိုသာ အလွယ်တကူ စားသုံးလာကြသည်။ ၎င်းသည် အာဟာရမပြည့်ဝခြင်း၊ ရောဂါထူပြောခြင်း၏ အကြောင်းများဖြစ်လာသည်။ စားနပ်ရိက္ခာထုတ်လုပ်မှုနှင့်ပတ်သက်၍ FAO ၏ တင်ပြချက်တွင် ယခင်က ကမ္ဘာမှာစားနပ်ရိက္ခာအတွက် အပင်အမျိုးပေါင်း ၆၀၀ ကျော်စိုက်ပျိုးခဲ့ကြသော်လည်း ယခုအခါ အပင်ကိုးမျိုးကိုသာ အထူးဦးစားပေးစိုက်ပျိုးလာခဲ့ကြသည်။ ထိုအထဲမှ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် ဂျုံ၊ ပြောင်း၊ စပါးတို့ကို ခေတ်မီ အထွက်တိုးနည်းလမ်းများဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ကမ္ဘာ့စားနပ်ရိက္ခာ၏ ၅၀ ရာခိုင်နှုန်းကျော်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံ ဖြစ်သည်နှင့်အညီ စိုက်ပျိုးသီးနှံ ၆၀ ကျော်ကို ရာသီအလိုက် ကြိုးစားစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူအားလုံး ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရဓာတ်ပြည့်ဝဖူလုံစေရန် ချမှတ်ပြီးဖြစ်သော စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာများဖြစ်သည့် ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ ကုန်ထုတ်စွမ်းအား တိုးတက်စေမှု၊ ဈေးကွက်ချိတ်ဆက်နိုင်မှု၊ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုဟူသော မဟာဗျူဟာ သုံးရပ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်လာခဲ့သည်။ လက်ရှိ ဆန်နှင့် အခြားပြည်တွင်းထွက်သီးနှံများ၊ သားငါးများသည် ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပိုလျှံထွက်ကုန်များကို နိုင်ငံခြားသို့ပင် တင်ပို့ရောင်းချနိုင်သည်။ သို့သော် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာထုတ်လုပ်မှုဖြစ်စဉ်ကိုကြည့်လျှင် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ သမားရိုးကျ လုပ်ငန်းအတွေ့အကြုံနှင့် နည်းနာများအပေါ် အခြေခံ၍ လုပ်ကိုင်နေရဆဲဖြစ်သည်။ မျက်မှောက်ကမ္ဘာ့အခြေအနေအရ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရုံနှင့်မရတော့ပေ။ သူတစ်ပါးနှင့်အတူယှဉ်၍ ပြေးသင့်လျှင် ပြေးနိုင်ရပါမည်။ ထို့ပြင် လဲသူကို ကူ၊ ယိုင်သူကို ဖေး၍ နေးသူကို လက်တွဲခေါ်သင့်လျှင် ခေါ်ရမည်။ ထို့ကြောင့် သမားရိုးကျ နည်းလမ်းများဖြင့် ရိက္ခာထုတ်လုပ်မှုအဆင့်မှ နည်းပညာဆန်းသစ်မှုဖြင့် ပိုမိုတိုးတက်ထုတ်လုပ်နိုင်သောအဆင့်ရောက်အောင် ဆက်လက်ကြိုးပမ်းကြရမည်။.

မြန်မာနိုင်ငံတော်အစိုးရသည် စားနပ်ရိက္ခာအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကို တိုးချဲ့ဆောင်ရွက်စေလျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်နေသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် နည်းကောင်း၊ လမ်းကောင်း၊ မျိုးကောင်းများ အသုံးပြု၍ စက်မှုလယ်ယာစနစ်ကို ဦးတည်အကောင်အထည်ဖော်ခဲ့သည်။ အဓိက စိုက်ပျိုးသီးနှံဖြစ်သည့် စပါးနှင့်ပဲအမျိုးမျိုးကို အရည်အသွေးပြည့်မီ၍ ပိုမိုအထွက်တိုးရန် ဘက်ပေါင်းစုံစီမံပေးလျက် စိုက်ပျိုးစရိတ်ချေးငွေများကို ရာသီအလိုက် ထုတ်ချေးပေးလျက်ရှိသည်။ သားငါးကဏ္ဍတွင်လည်း စီမံကိန်းများ ချမှတ်ဆောင်ရွက်နေသည်။ မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းသည် မိုင်ပေါင်း ၁၃၀၀ ကျော် ရှည်လျားရာ ငါးလုပ်ငန်းနှင့် ရေသယံဇာတ လုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ပြုလုပ်နိုင်သည်။ သားငါးကဏ္ဍ ရေရှည်တိုးတက်စေရေးအတွက် ငါး၊ ပုစွန် မျိုးမပြုန်းတီးရေး၊ ဇီဝဆိုင်ရာ ဂေဟစနစ် မပျက်စီးစေရေးတို့ကို နိုင်ငံတော်က စနစ်တကျ ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်လာခဲ့သည်ကို ဆက်လက်ထိန်းသိမ်းလျက် ငါးနှင့်ရေသယံဇာတများ ရေရှည်တည်တံ့တိုးပွားစေရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သားငါးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်၍ အရည်အသွေးမီ စားသောက်ကုန်များ ထုတ်လုပ်နိုင်ရန် ပြဋ္ဌာန်းထားသော မြေသြဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေများနှင့်အညီ နိုင်ငံတော်က အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။ မွေးမြူရေးတွင် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များကို မွေးမြူနိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးရေးတွင်လည်း ရာသီဥတုကြောင့် သီးနှံများ ပျက်စီးမှုမှကာကွယ်ရေး၊ အရည်အသွေးကောင်း စိုက်ပျိုးသီးနှံများ ပြည့်ဝစွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ပံ့ပိုးကူညီမှု၊ အစိုးရနှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဟန်ချက်ညီညီ ကြိုးပမ်းနိုင်မှသာ ကမ္ဘာတစ်ဝန်း ငတ်မွတ်ခေါင်းပါးမှုများ ကင်းဝေးလျက် အာဟာရပြည့်ဝရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ ပြည့်စုံလာမည်ဖြစ်သည်။

ကမ္ဘာတွင် ဆက်လက်တိုးပွားလာမည့် လူဦးရေကို ရပ်တန့်အောင်တားဆီးနိုင်မည် မဟုတ်ချေ။ ထို့ကြောင့်တိုးပွားလာသောလူဦးရေကို ကုန်ထုတ်လုပ်မှုစွမ်းအားစုအဖြစ် အကောင်းဆုံးဖန်တီး အသုံးချသွားရမည်သာဖြစ်သည်။ ထိုသို့ ဖန်တီးအသုံးချလျက် တစ်ဦးချင်း၊ တစ်နိုင်ငံချင်းစီတို့က ခေတ်မီနည်းပညာများကိုအသုံးပြုလျက် စားနပ်ရိက္ခာဖူလုံရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုံ့လစိုက်ထုတ်ဆောင်ရွက်ကြမည်ဆိုလျှင် ကမ္ဘာသူ၊ ကမ္ဘာသားတို့သည် ဒုဗ္ဘိက္ခန္တရကပ် တည်းဟူသော ငတ်မွတ်ခေါင်းပါးမှုဘေးမှကင်းလွတ်ကာ ဝပြောသာယာစွာ အသက်ရှင် ရပ်တည်နေနိုင်ကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ကမ္ဘာ့စားနပ်ရိက္ခာနေ့ သဝဏ်လွှာများ**
- **နှစ်စဉ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနား ဟောပြောချက်များ**
- **နေ့စဉ်ထုတ် သတင်းစာများ**

# သီတင်းကျွတ်ပွဲတော်အတွက် အလှဆင်မီးပုံးများနှင့် လက်တွန်းမီးပုံးများကို မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ တင်ပို့လျက်ရှိ



**ရန်ကုန် အောက်တိုဘာ ၁၄**

သီတင်းကျွတ်ပွဲတော်အတွက် အလှဆင်မီးပုံးများနှင့် လက်တွန်းမီးပုံးများကို မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့သို့ တင်ပို့လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဘောဂ ရပ်ကွက်ရှိ အလှဆင်နှင့်လက်တွန်းမီးပုံးများ ထုတ်လုပ်လျက်ရှိသည့် ခင်မောင်ကြည်မိသားစု မီးပုံးလုပ်ငန်းပိုင်ရှင် ဦးခင်မောင်ကြည်က ပြောပြ၍ သိရသည်။

အလှဆင်နှင့် လက်တွန်းမီးပုံးများကို ရန်ကုန်တိုင်းဒေသကြီးတွင် ကြည့်မြင်တိုင်မြို့နယ် ဘောဂ ရပ်ကွက်ရှိ လက်မှုပညာရှင်များက အများဆုံးပြုလုပ်လေ့ရှိပြီး ရန်ကုန်တိုင်းဒေသကြီးသာမက ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့သို့ ပို့ဆောင်ပေးရကြောင်း သိရသည်။

"ကျွန်တော်တို့ ရပ်ကွက်ကို ပန်းတဉ်းတန်းလို့လဲ ခေါ်ကြတယ်။ ဒီရပ်ကွက်မှာက မြန်မာမှုလုပ်ငန်း လုပ်ကိုင်တဲ့သူတွေ တော်တော်များတယ်။ ဘုရားထီးတော်တွေ၊ ဘုရားကြေးဆင်းတု၊ ကျောက်သားဆင်းတု၊ ကနုတ္တဒဏ်ထီးဖြူ ရွှေထီးစတဲ့ နိဗ္ဗာန်ကုန်တွေ လုပ်ကြပါတယ်။ ဒီဟာကတော့ ရာသီကုန်ပေါ့။ လုပ်တာကတော့ ကျွန်တော်တို့ ဖွန်လလောက်ဆိုရင် နယ်တွေကို အော်ဒါကောက်ပြီး၊ အဲဒီအချိန်ကတည်းက စလုပ်တာပေါ့။ အခုအချိန်ကတော့ နယ်တွေမှာရောင်းနေပြီ။ ဒီအလုပ်ကတော့ မိသားစုအလုပ်ပါပဲ။ အိမ်ရှိလူကုန် လုပ်ကြတာပဲ။ နယ်တွေကို ဩဂုတ်လဆိုတစ်ဖြတ်ပို့လိုက်ပြီး စက်တင်ဘာလပိုင်းမှာ အမှာရမှ ထပ်ပို့တယ်။ အဓိကပို့တာကတော့ မွန်၊ ပဲခူး၊ ဧရာဝတီပေါ့။ ကျွန်တော်တို့လုပ်လာတာ နှစ်ပေါင်း ၅၀ ကျော်ပြီဆိုတော့ အော်ဒါကပုံမှန်ရနေပြီ။ အခုနှစ်ကတော့ အော်ဒါပါးတယ်။ အလှဆင်မီးပုံးဆိုရင် နယ်တစ်နယ်ကို အလုံး ၁၀၀ လောက် ပို့ရပါတယ်။ လက်တွန်းကတော့ တစ်နယ်ကို ၂၅ လုံးလောက်တော့ ပို့ရပါတယ်"ဟု ခင်မောင်ကြည်မိသားစု မီးပုံးလုပ်ငန်းပိုင်ရှင် ဦးခင်မောင်ကြည်က ပြောပြ၍ သိရသည်။

ASH

# ပဝါပါးပါး သနပ်ခါးရုပ်သံဇာတ်လမ်းတွဲကို Fortune TV ရုပ်သံလိုင်းမှ အောက်တိုဘာ ၁၉ ရက်တွင် စတင်ထုတ်လွှင့်မည်

**ရန်ကုန် အောက်တိုဘာ ၁၄**

Fortune TV ရုပ်သံလိုင်းမှ ပဝါပါးပါး သနပ်ခါးအမည်ရှိ မြန်မာရုပ်သံ ဇာတ်လမ်းတွဲကို အောက်တိုဘာ ၁၉ ရက်မှ စတင်ကာ ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ကြောင်း အဆိုပါ မြန်မာရုပ်သံ ဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင်ထူးအောင်က ပြောပြ၍ သိရသည်။

ပဝါပါးပါး သနပ်ခါးအမည်ရှိ မြန်မာရုပ်သံ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မယ်ခိုင်က ရေးသားထားကာ ရည်မွန်အောင် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ သိုးဆောင်းက တာဝန်ယူရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီကားလေးကို သဘောကျပါတယ်။ မြန်မာ့ရိုးရာအမွေအနှစ်ပုံစံ ရသလေးလဲပါတယ်။ ချစ်စရာကောင်းတဲ့မြန်မာ့




ရိုးရာဓလေ့လဲပါပါတယ်။ ဇာတ်ကအချစ်ရော၊ ဒရာမာလေးရော၊ မထင်မှတ်ထားတဲ့ အကြောင်းအရာလေးတွေလဲ ပါပါတယ်။ ထုတ်လွှင့်ပြသရင်လဲ အားပေးကြပါအုံး"ဟု သရုပ်ဆောင် ထူးအောင်က ပြောပြသည်။

အဆိုပါ ပဝါပါးပါး သနပ်ခါးအမည်ရှိ မြန်မာရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် ထူးအောင်၊ ထူးသာ၊ သာသာ၊ ဖွဲ့၊ နေမင်းလင်း၊ ပိုင်ကြီး၊ မေဂရေစ့်၊ သံစဉ်မောင်၊ ပြည့်ကောင်းစုသန့်၊ မယ်တင်၊ မြင့်မြင့်ခိုင်နှင့် သရုပ်ဆောင်များစွာပါဝင်ပြီး အဆိုပါမြန်မာရုပ်သံဇာတ်လမ်းတွဲကို အောက်တိုဘာ ၁၉ ရက် ည ၈ နာရီခွဲမှ စတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း Fortune TV ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# တေးသံရှင်အစ္စဏီ၏ မွေးနေ့အထိမ်းအမှတ် One Man Show & Birthday Celebration ကို ရန်ကင်းမြို့နယ်ရှိ Vintage Moe Kaung တွင် ပြုလုပ်သွားမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

တေးသံရှင် အစ္စဏီ၏ မွေးနေ့အထိမ်းအမှတ် One Man Show & Birthday Celebration ကို ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ Vintage Moe Kaung တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် အစ္စဏီက ပြောပြ၍ သိရသည်။

အဆိုပါ အစ္စဏီ၏ မွေးနေ့အထိမ်းအမှတ် One Man Show & Birthday Celebration ကို Vintage Moe Kaung တွင် အောက်တိုဘာ ၁၅ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင် အစ္စဏီ၏ သီဆိုဖျော်ဖြေမှုများကို တေးသံရှင် အစ္စဏီ၏ ကိုယ်ပိုင် တေးဂီတအဖွဲ့ဖြစ်သည့် Banner 7 Music Band က အကောင်းဆုံး တီးခတ် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်ကို ပျောက်နေတယ်ပြောကြပေမဲ့ Music နဲ့ နီးနီးစပ်စပ်တော့ရှိပါတယ်။ ကျွန်တော့်မွေးနေ့လေးကိုလဲ ရင်ခုန်နေပြီဗျာ။ ဘာပဲပြောပြော ဒီ BD Show လေးမှာ ကျွန်တော့်ကိုယ်ပိုင် Banner 7 Music Band နဲ့အတူတူ သီချင်းအသစ်တွေရော၊ သီချင်းအဟောင်းတွေရော အကောင်းဆုံး ကြိုးစားထားပါတယ်။ မကြာမီမှာလဲ ပရိသတ်တွေ ကျွန်တော့်ရဲ့သီချင်းတွေကို ခံစားရတော့မှာပါ။ ဒီပွဲလေးမှာ ကျွန်တော့်ကို ခင်မင်တဲ့၊ အားပေးတဲ့ ပရိသတ်အချို့နဲ့ပဲ လုပ်လိုက်ရတဲ့အတွက်ကိုလဲ နားလည်ပေးစေချင်ပါတယ်"ဟု တေးသံရှင် အစ္စဏီက ပြောပြသည်။

တေးသံရှင် အစ္စဏီသည် မကြာသေးမီက "တကယ်တော့ ကိုယ့်တစ်ယောက်တည်း" အမည်ရှိ တေးသီချင်းသစ် ထွက်ရှိထားကာ Banner 7 Music Band နှင့်အတူ တေးသီချင်းအသစ်များကို ပရိသတ်လက်သို့ ပေးအပ်နိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

ASH

# Amazon MGM ၏ Voltron ဇာတ်ကား၌ မင်းသား ဟင်နရီကာဗေး ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၁၄**

Amazon MGM စတူဒီယို၏ Voltron အမည်ရှိရုပ်ရှင်ဇာတ်ကားသစ်တွင် Superman မင်းသား ဟင်နရီကာဗေး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Voltron ဇာတ်ကားတွင် မင်းသား ဟင်နရီကာဗေးနှင့်အတူ မင်းသား ဒန်နီယယ်ကွင်းတိုယေလည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Voltron ဇာတ်ကားသည် ဂျပန်အင်နီမေးရှင်း ကာတွန်းရုပ်ရှင်ကားများဖြစ်သည့် Beast King Golion နှင့် Kikou Kantai Dairugger Xu တို့ကို မှီငြမ်းရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Voltron ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ရော်ဆန်မာရှယ် သာဘာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Voltron ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်အိမ် အသေးစိတ်ကို Amazon MGM က ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း၊ Voltron ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ရော်ဆန်မာရှယ် သာဘာက ဇာတ်ညွှန်းရေးဆရာ အယ်လန်ရှန်းမင်းနှင့် ပူးတွဲရေးသားမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO





# Freakier Friday ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဩဂုတ် ၈ ရက်တွင် ရုံတင်မည်

**နယူးယောက် အောက်တိုဘာ ၁၄**

Freakier Friday လျှို့ဝှက်သည်းဖို ဟာသဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် ဩဂုတ် ၈ ရက်တွင် ရုံတင်ပြသရန် ဒစ္စနီးကုမ္ပဏီက စီစဉ်ထားကြောင်း အောက်တိုဘာ ၁၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

Freakier Friday ဇာတ်ကားသည် Freaky Friday(2003)ဇာတ်ကား၏နောက်ဆက်တွဲဇာတ်ကားဖြစ်ကြောင်း သိရသည်။

Freakier Friday ဇာတ်ကားတွင် မူလ Freaky Friday ဇာတ်ကားမှ မင်းသမီး လင်ဆေးလိုဟန်နှင့် ဂျေမီလီကားတစ်တို့ပင် ပြန်လည်ပါဝင်ထားသည်။

Freakier Friday ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ နီရှာဂါနာထရာက တာဝန်ယူရိုက်ကူးပေးထားကြောင်း သိရသည်။

Freakier Friday ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျော်ဒန်ဝိုက်က ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses opening ceremony of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions



Senior General Min Aung Hlaing addresses the opening ceremony of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions.

**Nay Pyi Taw October 14**

The opening ceremony of the silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions was held at MICC 2 here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the SAC Joint Secretary and wife, SAC members and wives, union level officials, union ministers and wives, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw command commander, deputy ministers, members of the steering committee, work committee and subcommittees to hold the competitions, state/region chief ministers, judges, managers, coaches, supporting teams, national races contestants from regions and states and officials.

Patron of the Steering Committee to hold the Competitions Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, Chair of the Steering Committee Union Minister for Religious Affairs and Culture U Tin Oo Lwin and Nay Pyi Taw Council Chair U Than Tun Oo formally opened the competitions.

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing pushed the button to unveil the signboard of the competitions.

At the second part of the ceremony, a collective performance of traditional musical instruments of national races of the Union was staged.

In his address, the Senior General said may all the attendees here enjoy happiness and become persons who love and conserve national culture and the persons who are able to raise the dignity of race.

National races of the Union have lived in harmony in Myanmar throughout the thousand years of history. They could lay a large and strong foundation of Myanmar culture. Moreover, they are standing tall among the global nations with their own Myanmar culture which is unique and profound.

There are a number of national level festivals for the ever flourishing of Myanmar virtues through the national efforts. The annual holding of the competition amounts to conserving the national fervor and pride and national culture of Myanmar. In other words, it is an effort to further activate national spirit.

The competitions has now reached its silver jubilee thanks to the participation of all the national races of the Union to successfully hold every competitions.

The competitions play a pivotal role in ensuring sustainability of national culture and strengthening self-esteem.

The amateur new generation of the early events of the competitions that began in 1993 are now professional artists at the current competitions. It is satisfying that the cultural heritage is handed over to amateur kith and kin from regions and states through the competitions.

Myanmar is a country where major races, Kachin, Kayah, Kayin, Chin, Bamar, Mon, Rakhine, Shan, are living in unity and embrace Myanmar country, Myanmar race and Myanmar culture as a common term for national characteristics. When performing arts of Myanmar races is analyzed, however they differ from one another, they all have the same basic musical instruments -- bronze, string, leather, aerophones, and clapping.

Likewise, their dances may look different, but they all are the movements of body parts including **head, waist, legs and hands**. So, they are evolving from the same foundation and source.



Senior General Min Aung Hlaing greets the national race musicians from the traditional orchestra of the national races.

Therefore, it can be seen that traditional dances of respective states are chosen by lot every year and then artistes from all regions and states are required to join the dance competitions for the traditional dances as cultural exchange in traditional cultural performing arts competitions. It is believed that national races will understand each other's cultures by exchanging them, not only strengthening friendship but also contributing much to identification, preservation and promotion of traditional arts of national races.

Moreover, not only music was jointly performed with traditional musical instruments of national races but also traditional music of national races, which are distinct characteristics of states, was presented at the opening ceremony of this silver jubilee event. This amounted to appreciation of values of legacies of traditional arts as well as proving the solidarity through arts.

Myanmar traditional arts, which had been thriving in successive eras, were suppressed by colonialists when Myanmar was enslaved by them. As Myanmar artistes, however, resisted the oppression relentlessly and exerted efforts to preserve them out of national spirit, it can be seen proudly that Myanmar traditional cultural arts have continued to thrive with their original traditional characteristics.

Laypersons and monks of great wisdom including monk poets composed 550 life stories and 10 Jataka tales of Buddha into various works including stories, verses and oral stories to enable all three age groups to enjoy them through ways and means of their choice.

*See Page 13*



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla greet the judges of competitions.

*From Page 12*

It is believed that the performances of Maha Janaka Jataka tale at this year's event will be able to vividly depict its moral that noble men will be able to overcome any difficulties and achieve their goals if they exert efforts properly through relentless perseverance, diligence, endeavour and enhanced commitment.

Similarly, it is also expected that Vessantara Jataka at the professional level puppet competition will be able vividly depict the merits of precepts observed by noble ones who fulfil the needs of others and rivalries between justice and injustice.

In conclusion, the Senior General urged all artistes to exert efforts through their artistic talent to continue to flourish the culture, arts and national characteristics of Myanmar people, which have been thriving magnificently for millenniums, to preserve the deep-rooted Myanmar history and high standards of Myanmar culture as long as the world exists and to inspire and strengthen the national spirit in new generation youths.

Then, chairman of the steering committee for the event Union Minister for Religious Affairs and Culture U Tin Oo Lwin reported to the Senior General on arrangements for the event.

After the ceremony, the Senior General and wife and party cordially greeted the judges of competitions.

Then, the Senior General and wife cordially greeted national race musicians from the traditional orchestra of the national races and presented honorary cash rewards for them.

The silver jubilee 25th anniversary of Myanmar Traditional Cultural Performing Arts Competition is being organized in accordance with four objectives to uplift national prestige and integrity and to preserve the cultural heritage and national characteristics, to explore, preserve and uplift the traditional cultural heritage of performing arts of ethnic nationals and national cultural characteristics, to explore and preserve the traditional cultural heritage for the young generation and further propagate the national spirit and to serve as a national cultural entity for State development, peace and stability. 100

# Farmers in Wetlet Township finish cultivation of more than 13,000 acres of monsoon sesame

**Wetlet October 14**

A total of 13,550 acres of monsoon sesame has been cultivated in Wetlet Township of Sagaing Region this monsoon, according to the township Agriculture Department.

Local farmers planted 13,550 acres of monsoon sesame against the target of 16,075 acres of monsoon sesame this year.

Daw Khin San, Head of Wetlet Township Agriculture Department said: "Local authorities earmarked cultivation of more than 16,000 acres of monsoon sesame this monsoon but local farmers have planted more than 13,000 acres of monsoon sesame. Our department helps local farmers expand sown acreage of sesame, boost per-acre yield of crop and use GAP system."

This year, officials of Township Agriculture Department provide agricultural techniques, quality strains of crops, and expansion of sown acreage for local farmers.



A monsoon sesame plantation.

The crops produced in GAP system can fetch good prices in the domestic market as well as foreign market. Hence, it helps those in production chains of sesame increase incomes for their families. 206

# More than 25,000 acres of pigeon pea planted in Ayadaw Township

**Ayadaw October 14**

A total of 25,410 acres of pigeon pea has been planted in Ayadaw Township of Sagaing Region this monsoon, according to the statistics of Monywa District Agriculture Department.

In 2024-25 monsoon, the township planned to grow 28,825 acres of pigeon pea but local farmers started cultivation of pigeon pea and so far they have planted 25,410 acres against the target cultivation.

Daw San San Myint, Head of Monywa District Agriculture Department disclosed: "Farmers have planted more than 25,000 acres of monsoon pigeon pea against the target of more than 28,000 acres. Our department helped local farmers boost per-acre yield of crops. Local farmers grow pigeon pea as mixed crop and separate crop."

This year, officials of Township Agriculture Department disseminated agricultural knowledge about selection of quality strains of crops, agricultural techniques and prevention of pests to farmers.

Officials of the township department shared techniques of making natural fertilizers and pesticides with local farmers to cut their agricultural costs. 206

# Death toll from Israeli airstrikes on Lebanon reaches 2,306, injuries up to 10,698: ministry

**Beirut October 14**

The death toll from Israeli airstrikes on Lebanon since Oct. 8, 2023, has reached 2,306, with injuries totaling 10,698, said the Lebanese Health Ministry on Sunday.

On Saturday alone, Israeli airstrikes killed 51 and injured 174, according to the ministry.

The ministry said Israeli raids resulted in 14 deaths and 63 injuries in southern Lebanon, while 10 were killed and 50 wounded in Nabatieh.

It added that three were killed and 11 wounded in Bekaa, and 13 were injured in Baalbek-Hermel.

It also noted that 22 people were killed and 33 others injured in Mount Lebanon, while two were killed and four more injured in North Lebanon.

In addition, unnamed Lebanese military sources reported Sunday that an Israeli warplane fired four air-to-ground missiles at a house in Mayfadoun village deep in southern Lebanon, killing seven civilians and wounding one other.

Since Sept. 23, the Israeli army has been launching intensive airstrikes across Lebanon in a sharp escalation with Hezbollah.

Since Oct. 8, 2023, Hezbollah and the Israeli army have been exchanging fire across the Lebanon-Israel border amid fears of a broader conflict as the war between Hamas and Israel continues in the Gaza Strip.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဒရုန်းခြိမ်းခြောက်မှုများကို တန်ပြန်နိုင်မည့် စွမ်းအားမြင့်မိုက်ခရိုဝေ့ဖ်စနစ်များ တီထွင်ထုတ်လုပ်ရန် အိန္ဒိယကြိုးပမ်းနေ



အိန္ဒိယတပ်မတော်သည် ဒရုန်းခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ဖျက်နိုင်မည့် အဆင့်မြင့်နည်းပညာတစ်ခုဖြစ်သည့် စွမ်းအားမြင့်မိုက်ခရိုဝေ့ဖ်(HPM) စနစ်များ တီထွင်ထုတ်လုပ်ရန် ကြိုးပမ်းနေကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယစစ်ဘက်၏အဆိုပါလုပ်ဆောင်မှုသည် အရွယ်အစားသေးငယ်သော လေကြောင်းခြိမ်းခြောက်မှုများကို အကွာအဝေး ငါးကီလိုမီတာအတွင်း ရှာဖွေထောက်လှမ်းနိုင်မှု၊ ခြေရာခံထိန်းကျောင်းနိုင်မှုနှင့်တိုက်ခိုက်ဖျက်ဆီးနိုင်မှု အရေးကြီးသော စွမ်းဆောင်ရည်လိုအပ်ချက်အတွက် ရည်ရွယ်ဆောင်ရွက်လာခဲ့ခြင်းလည်းဖြစ်သည်။ သမားရိုးကျ Projectile-Based (ကျည်ဆန်၊ ခဲယမ်းများအသုံးပြုခြင်း)နည်းလမ်းများနှင့်မတူဘဲ HPM စနစ်များသည် ဒရုန်းများ၏ အီလက်ထရွန်နစ်စနစ်များကို တိုက်ရိုက်နှောင့်ယှက်ရန် လျှပ်စစ်သံလိုက်လှိုင်းများကို အသုံးပြုသည်။ မိုက်ခရိုဝေ့ဖ်နည်းလမ်းသည် လှိုင်းနှုန်းများ ပစ်မှတ်ထားတိုက်ခိုက်သည့်နည်းလမ်းဖြစ်ပြီး ရန်သူ့ဒရုန်းများ မကြာခဏ အသုံးပြုလေ့ရှိသော Anti-Jamming သို့မဟုတ် Electronic Protection ကိရိယာများ ထိရောက်မှုလျော့ပါးသွားစေလိမ့်မည်ဖြစ်သည်။

HPM နည်းပညာကို ပေါင်းစပ်ခြင်းသည် အိန္ဒိယ သံချပ်ကာတိုက်ခိုက်ရေးယာဉ် (AFVs)များကို အဆင့်မြင့်ဒရုန်းကာကွယ်တိုက်ဖျက်ရေးစွမ်းရည်များဖြင့် တပ်ဆင်ရန် ကျယ်ပြန့်စွာ ကြိုးပမ်းဆောင်ရွက်လာသည့် မဟာဗျူဟာတစ်ရပ်လည်းဖြစ်သည်။ 12.7 မီလီမီတာ စက်သေနတ်များကဲ့သို့သော သမားရိုးကျလက်နက်များသည် အကြီးစား လေကြောင်းပစ်မှတ်များကို တိုက်ခိုက်ရာတွင် ထိရောက်မှုရှိသော်လည်း သေးငယ်ပြီး ရွေ့လျားစစ်ကစားပျံသန်းနိုင်သော အသေးစားဒရုန်းများကို ကြားဖြတ်ပစ်ချနိုင်ရန် လွန်စွာခဲယဉ်းလှကြောင်း သိရသည်။

HPM စနစ်များသည် တိုက်ခိုက်ရေးအခြေအနေများအတွင်း ခြိမ်းခြောက်မှုများစွာကို မြန်မြန်ဆန်ဆန်နှင့် ပိုမိုထိရောက်စွာ တုံ့ပြန်မှုများအတွက် ဒရုန်းများကို ရုပ်ပိုင်းဆိုင်ရာတိုက်ခိုက်ဖျက်ဆီးခြင်းမဟုတ်ဘဲ စွမ်းရည်မဲ့စေရန် နှောင့်ယှက်တိုက်ခိုက်မှုနည်းလမ်းများဖြစ်သာ Non-Kinetic Solution တစ်နည်းအားဖြင့် တွင်ကျယ်သော ဝေါဟာရအသုံးနှုန်းအနေဖြင့် Soft-Kill နည်းလမ်းများအတွက် ပစ်မှတ်အမြောက်အမြားကို တစ်ပြိုင်နက်တည်း တိုက်ဖျက်နိုင်စွမ်းကွက်လပ်ကို အားဖြည့်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ဤနည်းပညာကို လက်ခံကျင့်သုံးခြင်းသည် အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မှုတွင် မဟာဗျူဟာမြောက် တိုးတက်ဖွံ့ဖြိုးမှုကို ဖော်ညွှန်းလျက်ရှိသည်။ တစ်ဆက်တည်းတွင်ပင် အိန္ဒိယတပ်မတော်သည် အဆိုပါ ဒရုန်းရန်တန်ပြန်ရေး နည်းပညာများကို တစ်စုတစ်စည်းတည်း ပေါင်းစည်းထည့်သွင်းတည်ဆောက်သွားမည့် Common Air Defense Tracked System (CADET) ကဲ့သို့သော ပလက်ဖောင်းအသစ်များကို တီထွင်ကြံဆ ရှာဖွေကြိုးပမ်းလျက်ရှိသည်။ ဤပလက်ဖောင်းသစ်သည် ကျယ်ပြန့်သော ဧရိယာများပေါ်တွင် တစ်ခုတည်းဖြစ်စေ၊ အစုလိုက်အပြုံလိုက်ဖြစ်စေ ဝင်ရောက်လာနိုင်သည့် ဝေဟင်ခြိမ်းခြောက်မှုများ တုံ့ပြန်နိုင်စွမ်းကို စုပေါင်းကာကွယ်ရေးစွမ်းရည်များအဖြစ် အဆင့်မြှင့်တင် ကြိုးပမ်းလာခြင်းလည်း ဖြစ်ကြောင်း သိရသည်။

HPM စနစ်များကဲ့သို့ အဆင့်မြင့်ကာကွယ်ရေးနည်းပညာများတွင် ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်ဆောင်နေခြင်းဖြင့် အိန္ဒိယနိုင်ငံသည် နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်နက်နယ်မြေအပေါ် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများမှ စွမ်းအားပြည့် ကာကွယ်စောင့်ရှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Indian Army Launches Technological Offensive to Counter Drone Threat with High-Power Microwave Systems ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန် Anduril ကုမ္ပဏီက Bolt-M အလိုအလျောက်တိုက်ခိုက်ရေးဒရုန်းကို မိတ်ဆက်ပြသခဲ့

အမေရိကန် Anduril Industries ကုမ္ပဏီသည် အထူးပြုကျွမ်းကျင်အော်ပရေတာများမလိုအပ်ဘဲ တိကျသောတိုက်ခိုက်မှုတာဝန်များကို လုပ်ဆောင်နိုင်သည့် ကိုယ်ပိုင်တိုက်ပွဲဝင် လုပ်ဆောင်နိုင်စွမ်းရှိသော တိုက်ခိုက်ရေးဒရုန်းသစ်တစ်မျိုးကို မိတ်ဆက်ပြသခဲ့သည်ဟု The Defense Post သတင်းဌာနက အောက်တိုဘာ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Bolt-M ဟု အမည်ပေးထားသော တိုက်ခိုက်ရေးဒရုန်းသစ်(Loitering Munition အမျိုးအစား)သည် အော်ပရေတာများက ပစ်မှတ်ကိုရှာဖွေထောက်လှမ်း၍ ခွဲခြားစိစစ်ဖော်ထုတ်ပေးနိုင်ခြင်း၊ ရန်သူ့လှုပ်ရှားမှုများကို ခြေရာခံထိန်းကျောင်းနိုင်ခြင်းနှင့် ပစ်မှတ်များအပေါ် မည်သို့ထိရောက်စွာ တိုက်ခိုက်ဖျက်ဆီးနိုင်မည်ကို ဆုံးဖြတ်ခြင်းတို့တွင် ကူညီပေးနိုင်လိမ့်မည်ဖြစ်သည်။

အလေးချိန်အားဖြင့် သုံးပေါင်ရှိထိပ်ဖူးတပ်ဆင်ထားပြီး ပုံသေပစ်မှတ်နှင့်ရွေ့လျားမြေပြင်ပစ်မှတ်နှစ်မျိုးစလုံးကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။ လက်ရှိခေတ်သစ်စစ်ပွဲများတွင် ရေပန်းစားလျက်ရှိသော FPV ဒရုန်းများသည် ကျွမ်းကျင်ဒရုန်းအော်ပရေတာများ လိုအပ်သည်။ Bolt-M တိုက်ခိုက်ရေးဒရုန်းသည် အော်ပရေတာအတွက် လုပ်ဆောင်ရရှင်းလင်းလွယ်ကူပြီး ငါးမိနစ်အတွင်း တိုက်ပွဲဝင်အသင့်ဖြန့်ကြက်နိုင်စွမ်းရှိသည်။ လိုအပ်သည့်အချိန်တွင် လိုအပ်သလို စစ်ကူ၊ ပစ်ကူပေးနိုင်ရန် လျင်မြန်စွာဖြန့်ကြက်၍ တိကျစွာ တိုက်ပွဲဝင်နိုင်စွမ်းရှိသည့်အတွက် ရှေ့တန်းကျကျစစ်မျက်နှာများတွင် အထူးသင့်လျော်မည်ဖြစ်သည်။

မြေပြင်ထိန်းချုပ်ရေးစခန်း၏ ဖွဲ့စည်းတည်ဆောက်ပုံမှာ အလွယ်တကူတပ်ဆင်ဖြုတ်သိမ်းရ လွယ်ကူစေရန် ဒီဇိုင်းထုတ်ထားသဖြင့် ဒရုန်းတပ်ဖွဲ့ဝင်များအတွက် ဘေးကင်းလုံခြုံမှု၊ ယုံကြည်စိတ်ချရမှုနှင့် စစ်ဆင်ရေးတာဝန်ကို သက်သောင့်သက်သာဖြင့် လွယ်ကူစွာထမ်းဆောင်နိုင်စေမည်ဖြစ်ရာ ရည်မှန်းချက်တာဝန်အပေါ် သေချာစွာ အာရုံစိုက်ထားနိုင်မည်ဖြစ်ကြောင်း Anduril ကုမ္ပဏီက ပြောကြားခဲ့သည်။



Bolt-M တိုက်ခိုက်ရေးဒရုန်းသည် ကုန်ကျစရိတ်သက်သာစေရန်နှင့်ထုတ်လုပ်မှုစွမ်းအားမြင့်မားစေရန် ဈေးကွက်တွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သော Commercial Off-The-Shelf နည်းပညာများကို အသုံးချ၍ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ဘေးကင်းလုံခြုံစွာဆောင်ရွက်နိုင်ရန်အတွက် Bolt-M တိုက်ခိုက်ရေးဒရုန်းတွင် သယ်ယူပို့ဆောင်ရေး၊ အခြေစိုက်စခန်းသို့ပြန်ရန် သို့မဟုတ် တာဝန်ပြောင်းလဲ၍ ပြန်လည်တပ်ဖြန့်နေရာချထားစဉ်အတွင်း ခဲယမ်းများကို ဘေးကင်းစွာ ဖြုတ်သိမ်းနိုင်ရန် အီလက်ထရွန်နစ်ကိရိယာကို အသုံးပြုထားသည်။ Anduril ကုမ္ပဏီ၏ အဆိုအရ အဆိုပါတိုက်ခိုက်ရေးဒရုန်းသည် မိနစ် ၄၀ ကျော်ကြာ လေထဲတွင်ပျံသန်းနေနိုင်ပြီး အကွာအဝေးကီလိုမီတာ ၂၀ ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။

Bolt-M သည် ဉာဏ်ရည်တု စက်ပစ္စည်းများထံမှ လေ့လာသင်ယူမှုနှင့် အချက်အလက် တွက်ချက်လုပ်ဆောင်ခြင်း အဆင့်မြင့်နည်းပညာများကို အသုံးပြု၍ အရေးကြီးသတင်းအချက်အလက်များကို စိစစ်ဖော်ထုတ်ပေးနိုင်သည့် ဆန်းသစ်သော Lattice ဆော့ဖ်ဝဲလ်ကို အသုံးပြုထားသည်။

**Anduril Introduces Bolt-M Autonomous Attack Drone ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# အင်ဒိုနီးရှားနိုင်ငံတွင် ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုကို ယခင်နှစ်ကထက် ၆၀ ရာခိုင်နှုန်းလျှော့ချနိုင်ခဲ့



**ဂျကာတာ အောက်တိုဘာ ၁၄**

အင်ဒိုနီးရှားနိုင်ငံတွင် ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုကို လျှော့ချနိုင်ရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်လာခဲ့ရာ ယခင်နှစ်အတွင်း ဖြစ်ပွားခဲ့သော တောမီးလောင်ကျွမ်းမှုထက် ၆၀ ရာခိုင်နှုန်း လျှော့ချနိုင်ခဲ့ပြီဖြစ်ကြောင်း အင်ဒိုနီးရှား သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာန(MEF)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုအခြေအနေကို ကောင်းကင်ဂြိုဟ်တုမှတ်တမ်းဓာတ်ပုံများဖြင့်လည်း မှတ်တမ်းတင်ခဲ့ပြီး ၂၀၂၄ ခုနှစ် နှစ်ဦးပိုင်းမှ အောက်တိုဘာလထိ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သော နေရာပေါင်း ၃၁၆၃ နေရာရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ကထက် သိသိသာသာလျော့ကျခဲ့ကြောင်း အင်ဒိုနီးရှား သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာန (MEF)မှ ပြောရေးဆိုခွင့်ရှိသူ သောမတ်စ်နီဖင်လူရီက ပြောကြားခဲ့သည်။

"၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်ကနေ အောက်တိုဘာ ၁၀ ရက်ထိ တောမီးလောင်ကျွမ်းမှုကို စိစစ်ခဲ့ရာမှာ နေရာပေါင်း ၃၁၆၃ နေရာထိ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်က ကာလတူအတွင်းမှာ တောမီးလောင်ကျွမ်းမှုနေရာပေါင်း ၇၇၈၆ နေရာထိ ရှိခဲ့ပါတယ်။ စီမံချက်တွေနဲ့ တောမီးထိန်းချုပ်လျှော့ချရေးလုပ်ငန်းတွေ ဆောင်ရွက်တာ ထိရောက်မှုရှိတယ်လို့ သတ်မှတ်နိုင်ပါတယ်"ဟု သောမတ်စ်နီဖင်လူရီက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်လျှော့ချနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သလို တောမီးလောင်ကျွမ်းမှု ဖြစ်ပွားသည်နှင့် အခြားနေရာများသို့ ကူးစက်လောင်ကျွမ်းခြင်း မရှိစေရေးအတွက် လေကြောင်းအကူအညီကို ချက်ချင်းရယူကာ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့ခြင်းကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားသည့်နေရာ လျော့ကျလာခြင်းဖြစ်ကြောင်း သောမတ်စ်နီဖင်လူရီက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ကော်စတာရီကာနိုင်ငံအနီး ပစိဖိတ်ကမ်းရိုးတန်းတွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ဆန်ဂျို့စ် အောက်တိုဘာ ၁၄**

ကော်စတာရီကာနိုင်ငံအနီး ပစိဖိတ်ကမ်းရိုးတန်းတွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ပြီး ထိခိုက်ပျက်စီးမှုမရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ကော်စတာရီကာနိုင်ငံ၏ ပစိဖိတ်ကမ်းရိုးတန်းတွင် ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျူရှိ ငလျင်တစ်ခု အောက်တိုဘာ ၁၂ ရက်က လှုပ်ခတ်ခဲ့ကြောင်း၊ ငလျင်၏ပြင်းအားများသည့်အတွက် ကနဦးထိခိုက်ပျက်စီးမှုများနှင့် ပတ်သက်ပြီး မဖော်ပြနိုင်ခဲ့ဘဲ အောက်တိုဘာ ၁၃ ရက်တွင် ထိခိုက်ပျက်စီးမှုမရှိကြောင်း အမေရိကန်နိုင်ငံ၏ ဘူမိဗေဒစစ်တမ်း(USGS)က သတင်းထုတ်ပြန်ခဲ့သည်။

ငလျင်သည် ကော်စတာရီကာနိုင်ငံ၏အနောက်မြောက် ပစိဖိတ်ကမ်းရိုးတန်းတွင် လှုပ်ခတ်သွားခဲ့ခြင်းဖြစ်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဗဟိုချက်နှင့်နီးသော ဧရိယာများအတွင်းရှိ အဆောက်အအုံများလှုပ်ခါသွားခဲ့သော်လည်း ပျက်စီးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ ငလျင်သည် ကမ်းရိုးတန်းမြို့ တာမာရင်ဒို၏ အနောက်မြောက်ဘက် ၄၁ ကီလိုမီတာခန့်အကွာ အနက် ၁၈ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံ၏ ဘူမိဗေဒစစ်တမ်း(USGS)၏ ထုတ်ပြန်ချက်အရ သိရသည်။

ကော်စတာရီကာ အမျိုးသားအရေးပေါ်အေဂျင်စီ(CNE) က ငလျင်နှင့်ဆက်စပ်၍ ပျက်စီးဆုံးရှုံးမှုမရှိသောသတင်းများကို ထုတ်ပြန်ခဲ့သော်လည်း ဒေသခံတချို့က နောက်ဆက်တွဲငလျင်များ ထပ်မံလှုပ်ခတ်လာမည်ကို စိုးရိမ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဘရာဇီးနိုင်ငံမြောက်ပိုင်းတွင် ကာလရှည်မိုးခေါင်မှုကြောင့် တာပါဂျို့စ်မြစ်ရေကျဆင်းကာ ရေကြောင်းကုန်သွယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားရ

**ဘရာဇီးလီးယား အောက်တိုဘာ ၁၄**

ဘရာဇီးနိုင်ငံ မြောက်ပိုင်းတွင် ကာလရှည် မိုးခေါင်မှုကြောင့် တာပါဂျို့စ်မြစ် ရေမျက်နှာပြင် ကျဆင်းသွားကာ စပါးတင်ပို့မှုများကဲ့သို့ ရေကြောင်းကုန်သွယ်ရေး လုပ်ငန်းများ ရပ်ဆိုင်းထားရကြောင်း ယနေ့သတင်းများအရ သိရသည်။

ကာဂေးနှင့် လူးဝစ္စဒရေးဖျူ့ ကုမ္ပဏီပိုင် စပါးများတင်ဆောင်လာသည့် ကုန်တင်သင်္ဘောများသည် ဘရာဇီးဆိပ်ကမ်းတွင် အောက်တိုဘာလ ပထမပတ်ကတည်းက ရပ်နားထားရကြောင်း၊ မိုးရွာသွန်းပါက မြစ်ရေမျက်နှာပြင် မြင့်တက်လာကာ သင်္ဘောများထွက်ခွာရန် မျှော်မှန်းထားသော်လည်း လက်ရှိအချိန်ထိ မိုးရွာသွန်းမှုမရှိသေးကြောင်း၊ စပါးများတင်ဆောင်ထားသည့် ကုန်တင်သင်္ဘောများအနေဖြင့် နိုဝင်ဘာလတွင် စပါးတင်ပို့မှုများကို ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

"ကာလရှည်မိုးခေါင်မှုကြောင့် တာပါဂျို့စ်မြစ်မှာ ရေပမာဏ သိသိသာသာ ကျဆင်းသွားခဲ့တာကြောင့် ပဲပိစပ်နဲ့ စပါးတင်ပို့မှုတို့လို ရေကြောင်းကုန်သွယ်ရေး လုပ်ငန်းတွေကို ခဏရပ်ဆိုင်းထားရပါတယ်"ဟု ကုန်တင်သင်္ဘော လုပ်ငန်း ဆောင်ရွက်နေသော လူးဝစ္စကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တာပါဂျို့စ်မြစ်သည် ဘရာဇီးနိုင်ငံ၏ အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများကို သွယ်တန်းနေသောမြစ်တစ်စင်းဖြစ်ပြီး ဘရာဇီးနိုင်ငံမှထွက်သော ကောက်ပဲသီးနှံများကို အမေဇုန်မြစ်ဝှမ်းဒေသများသို့ ပို့ဆောင်ပေးသော အဓိက ရေလမ်းကြောင်း တစ်ခုဖြစ်ပြီး ရေကြောင်း ကုန်သွယ်ရေးများအတွက် မြစ်ရေမျက်နှာပြင်သည် လက်ရှိမျက်နှာပြင်ထက် စင်တီမီတာ ၂၀ မြင့်တက်ရန်လိုကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ



# ဖီးနစ်ပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းနေပြီး အပူချိန်စံချိန်တင် မြင့်တက်နိုင်

**ဝါရှင်တန် အောက်တိုဘာ ၁၄**

အမေရိကန်နိုင်ငံ ဖီးနစ်ပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းနေပြီး အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်နေပြီး အပူချိန်ပမာဏမှာ စံချိန်တင်မြင့်တက်သွားနိုင်ကြောင်း အမေရိကန် အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဖီးနစ်ပြည်နယ်တွင် အောက်တိုဘာလမှစတင်၍ အပူချိန် ဆက်တိုက် မြင့်တက်နေခြင်းဖြစ်ပြီး လက်ရှိ ဖီးနစ်ပြည်နယ်၏ အပူချိန်ပမာဏမှာ ၃၁ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေကြောင်း၊ ဖီးနစ်ပြည်နယ်တွင် ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၀ ခုနှစ်ထိ နှစ်စဉ်တစ်နှစ်လျှင် အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့သည့် ရက်ပေါင်း ငါးရက်ခန့်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ပုံမှန်ထက် ရက်ရှည်ကြာသွားနိုင်ဖွယ်ရှိကြောင်း သိရသည်။

"ဖီးနစ်ပြည်နယ်မှာ အပူချိန်တွေ ဆက်တိုက်မြင့်တက်နေပါတယ်။ အောက်တိုဘာလထဲကိုဝင်လာပြီးနောက်ပိုင်း အပူချိန်တွေ ဆက်တိုက်မြင့်တက်လာတာဖြစ်ပါတယ်။ အရီဇိုးနားပြည်နယ်မှာဆိုရင် ၂၀၂၄ ခုနှစ်အတွင်း အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့တဲ့ကာလက ရက်ပေါင်း ၈၀ ကြာမြင့်ခဲ့တယ်။ ဖီးနစ်ပြည်နယ်မှာတော့ ၁၉၉၀ ပြည့်နှစ်ကနေ ၂၀၂၀ ခုနှစ်ထိ နှစ်စဉ် တစ်နှစ်ကို ငါးရက်လောက်သာ ၄၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လေ့ရှိတယ်။ ၂၀၂၀ ခုနှစ်နောက်ပိုင်းမှာတော့ ၄၃ ဒီဂရီစင်တီဂရိတ်နဲ့အထက် မြင့်တက်ခဲ့တဲ့ရက်ဟာ ၄၂ ရက်ထက်မနည်းရှိလာတာတွေ့ရတယ်။ ၂၀၂၄ ခုနှစ်အတွင်းမှာတော့ ဒီထက်ပိုပြီး ကာလရှည်ကြာသွားနိုင်တယ်"ဟု အမေရိကန်အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

ဖီးနစ်ပြည်နယ်တွင် အပူချိန်ဆက်တိုက်မြင့်တက်ဖွယ်ရှိနေပြီး အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုများဖြင့် ရင်ဆိုင်ရနိုင်သည့်အတွက် မီးမပေါ့ဆရေး သတိပြုရန် ဖီးနစ်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# အိုင်ယာလန်နိုင်ငံ ကော့ဒေသတွင် မိုးရွာသွန်းမှုအဝါရောင်သတိပေးချက်ပြန်လည်ရုပ်သိမ်း

**ဒပ်ဘ်လင် အောက်တိုဘာ ၁၄**

အိုင်ယာလန်နိုင်ငံ ကော့ဒေသတွင် အောက်တိုဘာ ၁၂ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး အောက်တိုဘာ ၁၃ ရက်တွင် မိုးရွာသွန်းမှု အဝါရောင်အဆင့်သတိပေးချက်အဖြစ် သတ်မှတ်ခဲ့သော်လည်း မိုးရွာသွန်းမှုအခြေအနေတည်ငြိမ်သွားပြီဖြစ်သည့်အတွက် အဝါရောင်သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း Met Éireann အဖွဲ့အစည်းက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းမှု အန္တရာယ်ကို ရုပ်သိမ်းလိုက်ပြီဖြစ်သော်လည်း ရေဘေးအန္တရာယ် ဖြစ်ပေါ်နိုင်ဆဲဖြစ်သည့်အတွက် ရေဘေးအန္တရာယ်သတိပေးချက်ကို ရုပ်သိမ်းခြင်းမရှိသေးကြောင်း၊ မိုးရွာသွန်းမှု ရပ်ဆိုင်းသွားပြီဖြစ်သော်လည်း မိုးရွာသွန်းထားမှုကြောင့် မြစ်ရေလျှံတက်နေသည့်အတွက် ရေဘေးအန္တရာယ်ကို အထူးသတိပြုရမည်ဖြစ်ကြောင်း Met Éireann အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကော့ဒေသမှာ မိုးရွာသွန်းမှု ရပ်တန့်သွားပြီဖြစ်တဲ့အတွက် မိုးရွာသွန်းမှုအန္တရာယ် အဝါရောင်အဆင့်သတ်မှတ်ထားတာ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါတယ်။ ဒါပေမဲ့ ရေဘေးအန္တရာယ်ကတော့ ဖြစ်ပေါ်နိုင်ဆဲ ဖြစ်တဲ့အတွက် ရေဘေးအန္တရာယ်ကိုတော့ သတိပြုသွားရမဲ့ အခြေအနေဖြစ်ပါတယ်။ မိုးရွာသွန်းမှုရပ်ဆိုင်းသွားပြီဖြစ်တဲ့အတွက် လာမဲ့ ၄၈ နာရီအတွင်း အပူချိန် မြင့်တက်မှုတွေတော့ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု Met Éireann အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို စတင်ကျင်းပရာ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာ ရိုးရာသံစုံတေးဂီတအဖွဲ့၏ စုပေါင်းတီးခတ်ဖျော်ဖြေမှုဖြင့် တင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအားလုံး နှလုံးစိတ်ဝမ်းချမ်းမြေ့ကြပါစေ၊ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမြှင့်တင်ပြီး မိမိနိုင်ငံ၊မိမိလူမျိုး၏ဂုဏ်သိက္ခာ မြင့်မားအောင် ကြိုးပမ်းစွမ်းဆောင်နိုင်သူများဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါကြောင်း။





ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပြည်ထောင်စုတိုင်းရင်းသားသွေးချင်းများသည် နှစ်ပေါင်းထောင်ချီ ရှည်လျားသည့် သမိုင်းစဉ်တစ်လျှောက်တွင် စည်းလုံးညီညွတ်စွာ အတူတကွနေထိုင်လာခဲ့ကြကြောင်း၊ ထို့ပြင် ထုထည်ပမာဏကြီးမားခိုင်ခံ့သည့် မြန်မာ့ယဉ်ကျေးမှုအုတ်မြစ်ကြီးများကို စိုက်ထူနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အလယ်၌ ထူးခြားလေးနက်သည့် ကိုယ်ပိုင်မြန်မာ့မူဟန်အပြည့်ဖြင့် ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့ကြကြောင်း။

ယခုကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ်မြန်မာ့ဂုဏ်ရည်များ အစဉ်ထာဝရရှင်သန်ပွင့်လန်းနေစေရန်အတွက် တစ်မျိုးသားလုံးကြိုးပမ်းဆောင်ရွက်နေကြသည့် အမျိုးသားအဆင့်ပွဲတော်များစွာရှိကြောင်း၊ ထိုအထဲမှယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အစဉ်အလာမပျက် ဆင်နွှဲကျင်းပနိုင်ခြင်းသည်လည်း မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသည့် ကြိုးပမ်းမှု၊ တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင်လှုံ့ဆော်ပေးသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ပြည်ထောင်စုသားအားလုံး ပူးပေါင်းပါဝင်ပြီး အောင်အောင်မြင်မြင်ဖြင့် ကျင်းပလာခဲ့သည်မှာ ယခုအခါ ငွေရတုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း။

အမျိုးသားယဉ်ကျေးမှုများ အရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အမျိုးသားရေးကိုယ်ခံအား တည်ဆောက်ပေးလျက်ရှိရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေး
ကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး
ဒေါ်ကြူကြူလှတို့အား
အကအဖွဲ့များက
ကြိုဆိုနှုတ်ဆက်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

**နှစ်ပေါင်းထောင်ချီခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ တင့်တင့်တယ်တယ် ဆက်လက်ရှင်သန်ဖြစ်ထွန်းနေစေရေး အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊ မြန်မာလူမျိုးတို့၏ သမိုင်းကြောင်းခိုင်မာနက်ရှိုင်းမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်းဝင့်ထည်မြင့်မားမှုတို့ကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊ မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအားပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန် တိုက်တွန်းပြောကြားလို. . .**

အရေး၊ အတီးပြိုင်ပွဲကြီးများသည် အရေးပါသည့်အခန်းကဏ္ဍမှ အထောက်အကူပြုစွမ်းဆောင်ပေးလျက်ရှိသည်ကို ပြောကြားလိုကြောင်း။

၁၉၉၃ ခုနှစ်မှစတင်ပြီး ယနေ့တိုင်ကျင်းပပြုလုပ်ခဲ့သည့်ပြိုင်ပွဲကြီးများ၏ ကျေးဇူးကြောင့် ယင်းအချိန်က ဝါသနာရှင်မျိုးဆက်သစ်လူငယ်များသည် ယခုငွေရတုပြိုင်ပွဲကာလတွင် ပညာရှင်အဆင့် အနုပညာရှင်ကြီးများအဖြစ် မြင်တွေ့နေကြရပြီဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝါသနာရှင်သွေးချင်းမောင်နှမများကို အနုပညာအမွေ လက်ဆင့်ကမ်းပေးဝေနေကြပြီဖြစ်သဖြင့် စာမျက်နှာ ၁၈ သို့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များက ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာ ရိုးရာသံစုံတေးဂီတအဖွဲ့၏ စုပေါင်းတီးခတ်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာ ရိုးရာသံစုံတေးဂီတအဖွဲ့မှ တိုင်းရင်းသားဂီတပညာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ၁၅ ရက်မြောက်နေ့ ကောက်ယူနေပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတာ်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာရိုးရာသံစုံတေးဂီတအဖွဲ့မှ တိုင်းရင်းသားဂီတပညာရှင်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

စာမျက်နှာ ၁၇ မှအဆက်

အမျိုးသားရေးအတွက် အားရကျေနပ်ဖွယ် ရာဖြစ်သည်ကို ပြောကြားလိုကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဟူသည့် မျိုးနွယ်စုကြီးများ အတူတကွ ပေါင်းစည်းထားသည့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာယဉ်ကျေးမှုဟူ၍ ဘုံသဘောဆောင်သည့်အမျိုးသားရေးစရိုက်လက္ခဏာကို လက်ခံကျင့်သုံးသည့် ပြည်ထောင်စုအဖြစ် စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိကြကြောင်း၊ ထို့ကြောင့်လည်း မြန်မာတိုင်းရင်းသားများ၏ သုခုမအနုပညာကို လေ့လာကြည့်မည်ဆိုပါက တူရိယာပစ္စည်းများ မည်သို့ပင်ကွဲပြားခြားနားစေကာမူ **“ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်”** ဆိုသည့် မြန်မာတို့၏ တူရိယာငါးပါး အခြေခံတွင် တစ်စုတစ်စည်းတည်း တူညီစွာပါဝင်လျက်ရှိနေသည်ကို တွေ့ကြရမည် ဖြစ်ကြောင်း။



(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များကို တွေ့ရစဉ်။

အလားတူ တိုင်းရင်းသားအကများနှင့် ပတ်သက်ပြီး ကွဲပြားခြားနားသကဲ့သို့ရှိသော်လည်း **“စည်းနှင့်ဝါး”**ကိုအခြေခံသည့် **“ခေါင်း၊ ခါး၊ ခြေ၊ လက်”** အစရှိသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို လှုပ်ရှားကပြကြခြင်းသာဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံသားအားလုံးတို့၏အကများသည် တူညီသည့်အခြေခံအတွင်း၌ပင် ဆင့်ပွားတည်ရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် ယဉ်ကျေးမှုဖလှယ်သည့်အနေဖြင့် ပြည်နယ်အသီးသီး၏ရိုးရာအကများကို နှစ်စဉ်မဲနှိုက်စေပြီး မဲကျရာတိုင်းရင်းသားရိုးရာအကကို တိုင်းဒေသကြီးနှင့် ပြည်နယ်များက အနုပညာရှင်များအနေဖြင့် အတူတကွပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဖလှယ်ကြခြင်းအားဖြင့် တစ်ဦး၏ယဉ်ကျေးမှုကို တစ်ဦးက သိရှိနားလည်လာပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားစေရုံသာမက တိုင်းရင်းသားရိုးရာ အနုပညာရပ်များ ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်နိုင်ရေး အတွက်လည်း များစွာအထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

ထို့ပြင် ယခုနှစ် ငွေရတုပြိုင်ပွဲကြီး၏ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားများ၏ ရိုးရာတူရိယာများနှင့် စုပေါင်းတီးခတ်ထားသည့် တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြခြင်းအပြင် ထူးခြားသောဝိသေသဖြစ်သည့် ပြည်နယ်များ၏ တိုင်းရင်းသားရိုးရာ တေးဂီတများနှင့် ဂုဏ်ပြု ဖျော်ဖြေနိုင်ခြင်းသည်လည်း ပြည်ထောင်စုဖွား မြန်မာတိုင်းရင်းသားအားလုံး၏ ရိုးရာအနုပညာအမွေအနှစ်တန်ဖိုးများကို ဖော်ထုတ်ပြသနိုင်ရုံသာမကဘဲ သွေးစည်းညီညွတ်မှုကိုပါ အနုပညာဖြင့် သက်သေပြုတင်ဆက်ပြသခြင်းပင် ဖြစ်ကြောင်း။

ခေတ်အဆက်ဆက် ထွန်းကားလာခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များသည် မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ခဲ့ရပြီးနောက် ကိုလိုနီနယ်ချဲ့တို့၏ဖိနှိပ်ချုပ်ချယ်မှုများကိုခံခဲ့ရကြောင်း၊ သို့သော် မြန်မာအနုပညာရှင်များအနေဖြင့် ကိုလိုနီနယ်ချဲ့များ၏ ဖိနှိပ်မှုများကို ကြံ့ကြံ့ခံတွန်းလှန်ပြီး အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ကြိုးပမ်းထိန်းသိမ်းလာခဲ့ကြသည့်အတွက် ယနေ့အထိ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များသည် မြန်မာ့ရိုးရာ သွင်ပြင်ဟန်ပန်အတိုင်း ရှေးမူမပျက် ဆက်လက်ဖြစ်ထွန်းနေသည်ကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့မြင်ကြရမည် ဖြစ်ကြောင်း။

ရဟန်းစာဆိုများအပါအဝင် လူပညာရှိရဟန်းပညာရှိများသည် မြတ်ဗုဒ္ဓ၏ ဖြစ်တော်စဉ်များဖြစ်သည့် ၅၅၀ နိပါတ်တော်နှင့် ဇာတ်ကြီးဆယ်ဘွဲ့တို့ကို ပုံပြင်လိုတစ်မျိုး၊ ပျို့ကဗျာလင်္ကာစာပေလိုတစ်နည်း၊ စာဟောကွက်စိပ်ဇာတ်သဘင်လိုတစ်ဖုံ၊ နည်းလမ်းမျိုးစုံဖြင့် ဖန်တီးဖွဲ့ဆိုပြီး အရွယ်သုံးပါးစလုံးအတွက် လိုက်ဖက်သည့် နည်းလမ်းရွေးချယ်ခံစားနိုင်စေရန် စီမံထားရစ်ခဲ့ကြကြောင်း။

ယခုနှစ်ပြိုင်ပွဲ၏ မဟာဇနကဇာတ်တော်ကြီး ကပြတင်ဆက်မှုများတွင် **“မဟာဇနက”** ဇာတ်တော်ကြီးမှ ပေးလာသည့်သင်ခန်းစာဖြစ်သည့် ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တို့၏မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် မြင့်မားခိုင်ကျည်သည့် စိတ်ဓာတ်တို့ဖြင့် မှန်ကန်စွာအားထုတ်ကြိုးပမ်းမည်ဆိုပါက မည်သို့ပင်အခက်အခဲအဟန့်အတားများ ကြုံတွေ့ရပါစေ၊ ကျော်လွှားအောင်နိုင်ပြီး မိမိတို့မျှော်မှန်းသည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရစမြဲဖြစ်သည်ဆိုသည့် သင်ခန်းစာကို ပိုင်ပိုင်နိုင်နိုင်သရုပ်ဖော်သွားနိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း။

အလားတူ ပညာရှင်အဆင့် ရုပ်သေးပြိုင်ပွဲ၌ ကပြယှဉ်ပြိုင်မည့် **“ဝေဿန္တရာ”** ဇာတ်တော်ကြီးတွင်လည်း ပရမတ္ထပါရမီ၏ သဘောသဘာဝဖြစ်သည့် ပါရမီဖြည့်ဖက်ပုဂ္ဂိုလ်မြတ်တို့၏ ကျင့်ကြံပွားများရသည့် သီလကုသိုလ်အကျိုးနှင့် ဓမ္မနှင့် အဓမ္မအားပြိုင်မှုတို့ကို ပေါ်လွင်အောင် ညွှန်းဖွဲ့ တင်ဆက်နိုင်ကြလိမ့်မည်ဟုလည်း မျှော်လင့်ကြောင်း။

အနုပညာရှင်များအားလုံးကို မေတ္တာရပ်ခံမှာကြားလိုသည်မှာ **နှစ်ပေါင်းထောင်ချီခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင် အမျိုးသားရေးစရိုက်လက္ခဏာများ တင့်တင့်တယ်တယ် ဆက်လက်ရှင်သန်ဖြစ်ထွန်းနေစေရေး အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊ မြန်မာလူမျိုးတို့၏ သမိုင်းကြောင်းခိုင်မာနက်ရှိုင်းမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်းဝင့်ထည်မြင့်မားမှုတို့ကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊ မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအားပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်** တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာရိုးရာ သံစုံတေးဂီတအဖွဲ့မှ တိုင်းရင်းသားဂီတပညာရှင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့်ဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။**(ဖြဝ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့ "မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့်စီမံချက်များ (Quick Impact Projects-QIP)" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ(MoU)များ လက်မှတ်ရေးထိုး




နေပြည်တော် အောက်တိုဘာ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့ "မြန်ဆန်စွာအကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ ငါးစောင် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာအကောင်အထည်ဖော်မည့်ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Abhay Thakur၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဒုတိယအကြီးအကဲ Mr. Ashish Sharma၊ အိန္ဒိယနိုင်ငံဘက်မှ တာဝန်ရှိကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် "စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အခြောက်ခံစက်နှင့် အခြောက်ခံစက်ထားရန် အဆောက်အအုံစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"၊ "အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန ဗဟုသုတဘဏ်တည်ထောင်ခြင်း စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"၊ "မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံအောက်ရှိ ရက်ကန်းနှင့် သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"၊ "မန္တလေးတိုင်းဒေသကြီးရှိ အမျိုးသမီးကလေးများကျောင်းအတွက် တစ်ထပ်အဆောက်အအုံ ဆောက်လုပ်ခြင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာနားလည်မှုစာချွန်လွှာ"နှင့် "ရန်ကုန်တိုင်းဒေသကြီး အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန တည်ထောင်ခြင်း စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံး၏ ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့က လက်မှတ်ရေးထိုးကြသည်။

စီမံချက်များသည် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ရှိပြီး "စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အခြောက်ခံစက်နှင့် အခြောက်ခံစက်ထားရန် အဆောက်အအုံ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် စပါးစိုက်ပျိုးသည့် လူ့အဖွဲ့အစည်းများ၏ အသက်မွေးဝမ်းကျောင်းကို မြှင့်တင်နိုင်ခြင်း၊ "အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန ဗဟုသုတဘဏ် တည်ထောင်ခြင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် တက္ကသိုလ်အတွင်း ပညာရပ်နှင့် သုတေသနဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၊ စာအုပ်စာတမ်းများရယူနိုင်သည့် ဗဟုသုတဘဏ်ထူထောင်နိုင်ခြင်း၊ "မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံအောက်ရှိ ရက်ကန်းနှင့် သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာနားလည်မှုစာချွန်လွှာ"ကို လက်မှတ်ရေးထိုးအကောင်အထည်ဖော်ခြင်းအားဖြင့် ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းများရှိ ဆရာ၊ ဆရာမများသည် နည်းပညာရပ်များ လေ့လာသင်ယူခွင့်ရရှိနိုင်ခြင်း၊ "မန္တလေးတိုင်းဒေသကြီးရှိ အမျိုးသမီးကလေးများကျောင်းအတွက် တစ်ထပ်အဆောက်အအုံ ဆောက်လုပ်ခြင်း စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် အမျိုးသမီးကလေးများ၏ လူနေမှုဘဝ ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်းနှင့် "ရန်ကုန်တိုင်းဒေသကြီး အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန တည်ထောင်ခြင်းစီမံချက်အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"ကိုလက်မှတ်ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် ရန်ကုန်မြို့၌ နိုင်ငံတကာ လူသားချင်းစာနာမှုအကူအညီများ လက်ခံရာတွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာဗဟိုဌာနအဖြစ် အမျိုးသားအဆင့် အကြီးစားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနအနေဖြင့် အထောက်အကူပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။ စီမံချက်များ အကောင်အထည်ဖော်ရေးအတွက် စီမံချက်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးပူးတွဲကော်မတီ ဖွဲ့စည်း၍ ကြီးကြပ်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

QIP စီမံချက်များသည် နှစ်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်အရဆောင်ရွက်ခြင်းဖြစ်ပြီး စီမံချက်တန်ဖိုးအားဖြင့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုး ခွင့်ပြုပေးခြင်းဖြစ်သည်။ ယမန်နှစ်ကလည်း အလားတူစီမံချက်သုံးခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါ QIP စီမံချက်များကို မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရန်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ(APTERR) အစီအစဉ်(၃)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော ဆန်တန် ၂၀၀ နှင့် ကိုရီးယားသမ္မတနိုင်ငံက လှူဒါန်းသောဆန် ၅၂ ဒသမ ၇၁ တန်ကို ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့နိုင်ရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ



မန္တလေး အောက်တိုဘာ ၁၄

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ(APTERR) အစီအစဉ်(၃)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော ဆန်တန် ၂၀၀ နှင့် ကိုရီးယားသမ္မတနိုင်ငံက လှူဒါန်းသော ဆန် ၅၂ ဒသမ ၇၁ တန်အား မန္တလေးတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနကတစ်ဆင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအနေဖြင့် APTERR အစီအစဉ်တွင် ပါဝင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးခဲ့ကြသူများ၊ အလှူရှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံမှ တာဝန်ရှိသူများကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ယနေ့ထောက်ပံ့ပေးသည့် ဆန် ၂၅၂ ဒသမ ၇၁ တန်ကို တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြှုပ်ခံစားခဲ့ရသော ပြည်သူများထံသို့ လက်ဝယ်အရောက် ပေးအပ်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသူရစိုးက အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ (ASEAN Plus Three Emergency Rice Reserve-APTERR) ထောက်ပံ့ပေးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ အစီအစဉ်(၃)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့က လှူဒါန်းသော ဆန် ၂၅၂ ဒသမ ၇၁ တန် လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ခင်းကျင်းပြသထားသည့် ဆန်အိတ်များကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

**အောက်တိုဘာ ၆ ရက်မှ ၁၃ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦးတွေ့ရှိ**

နေပြည်တော် အောက်တိုဘာ ၁၄

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၆ ရက် ည ၈ နာရီမှ အောက်တိုဘာ ၁၃ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၁၅၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၁၂ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ၂၀၂၄ခုနှစ် (၂၅) ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲစတင်ကျင်းပ










**နေပြည်တော် အောက်တိုဘာ ၁၄**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက်ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ဆီးနှင်းပြိုက်ကျ (ကြိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ခွာပြာသင်း(ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

"ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ပန်းစုံတဲ့တော သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြန်မာ့ဂီတလှပဝေဆာ သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက်၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုး ကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ကျင်းပရာ ဝါသနာရှင် အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့ရိုးရာအမွေ အလှတိုးဖြာစေ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂီတဖြင့် ပြည်အလှဆင်မည်" ခေါင်းစဉ်ဖြင့်လည်း ကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲ တွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထံတျာ တေအစ မဟာဂီတ" ခေါင်းစဉ်ဖြင့်လည်း ကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက "လူငယ်အားမာန် အမြဲရှင်သန် နိုင်ငံပြည်ကျိုးဆောင်သယ်ပိုး" ခေါင်းစဉ် ဖြင့်လည်းကောင်း ရသစုံလင်စွာ ဖော်ကျူး တေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲကို မြန်မာအပြည် ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၀နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီ တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသ ကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသ ကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက မင်္ဂလာသီရိမြေမြတ် စွာ(ဘွဲ့)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာ ရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ တွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီ တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက တောမြိုင်ခြေလမ်း (ယိုးဒယား) သီချင်း ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ယမုန်နာ (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင် ကြသည်။

စောင်းအတီးပြိုင်ပွဲကို အမျိုးသား ပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုး သားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းဟေဝန်" (ယိုးဒယား) သီချင်းဖြင့်လည်း ကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုး သမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသ ကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှန်းရွှန်းမြ" (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာ အဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှိုင်းရိပ်ကယ်တည့်" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာ ရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကယား ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင် များက "ထောင်ရောင်နေ"(သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင် အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူကျွန်းလုံး"(သီချင်းခံ) သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဒိုးပတ်အတီးပြိုင်ပွဲကို သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေး ဇာတ်ရုံ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပြိုင်ပွဲတွင် ဧရာဝတီတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင် ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့် ပညာအဆင့်ပြိုင်ပွဲတွင် တနင်္သာရီတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်း ကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြူးကြွ မြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲကို အမျိုး သားပြတိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်း ရာဇာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာ အဆင့်အမျိုးသမီးပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသ ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့် ပညာအဆင့်

စာမျက်နှာ ၂၁ သို့

## မြန်မာအမျိုးသားလေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းတို့မှ ပုသိမ်လေဆိပ်သို့ လေယာဉ်ခရီးစဉ်များ စတင်ပျံသန်းပြေးဆွဲမည့် အစီအစဉ် အသိပေးကြေညာခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်လေဆိပ်သို့ အောက်တိုဘာ ၁၃ ရက်မှစတင်၍ မြန်မာအမျိုးသားလေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းလိုင်းတို့က အောက်ဖော်ပြပါ ခရီးစဉ်များအတိုင်း ရက်သတ္တပတ်လျှင် လေးရက် ပျံသန်းပြေးဆွဲရန် စီစဉ်ဆောင်ရွက်ထားရှိပါသည် -

| စဉ် | လေကြောင်းလိုင်း | ခရီးစဉ် | နေ့ရက် |
|---|---|---|---|
| (က) | မြန်မာအမျိုးသားလေကြောင်း | ရန်ကုန်-ပုသိမ်-ညောင်ဦး-မန္တလေး | တနင်္ဂနွေ |
| | | မန္တလေး-ညောင်ဦး-ပုသိမ်-ရန်ကုန် | တနင်္လာ |
| ( ခ ) | အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း | ရန်ကုန်-ပုသိမ်-ညောင်ဦး-မန္တလေး | ကြာသပတေး |
| | | မန္တလေး-ညောင်ဦး-ပုသိမ်-ရန်ကုန် | သောကြာ |

အဆိုပါခရီးစဉ်ဒေသများသို့ သွားရောက်လိုသည့် ခရီးသွားပြည်သူများအနေဖြင့် ခရီးစဉ်ပြေးဆွဲနေမှု အခြေအနေအား သိရှိနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ကျောင်းသားတစ်ဦးကို စာရေးကိရိယာများ ပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၁၄

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်၊ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

အလားတူ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းတက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို စာရေးကိရိယာများပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

☆ **ကျောဖုံးမှအဆက်**

ဒီနှစ်က ရာသီဥတုအခြေအနေကြောင့် အောက်တိုဘာလကုန်ပိုင်းမှ ဖွင့်မှာပါ။ ပုံမှန်ဆိုရင် အောက်တိုဘာလဆန်းမှာ ဖွင့်တာပါ။ သစ်တောဦးစီးဌာနကမြေမှာ ငှားရမ်းပြီးဖွင့်ထားတဲ့ အပန်းဖြေစခန်းတစ်ခုလည်းဖြစ်ပါတယ်။ ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာနက ခွင့်ပြုထားတဲ့ ခရီးသွားအေဂျင်စီတွေက ကော့သောင်းကလာတဲ့ နိုင်ငံခြားသားခရီးသွားတွေကို နေ့ချင်းပြန်ခရီးစဉ်အဖြစ် စီစဉ်ပေးလေ့ရှိပါတယ်။ Wa Ale Resort မှာတည်းခိုတဲ့ နိုင်ငံခြားသားတွေဆိုရင် ဗီဇာပေါ်မူတည်ပြီး တစ်ပတ်၊ ၁၀ ရက်တည်းကြတာများပါတယ်။ ခရီးသွားရာသီဖွင့်ပြီဆိုတာနဲ့ နိုင်ငံတကာခရီးသွားတွေ လာရောက်အပန်းဖြေကြတာများပါတယ်။ နိုင်ငံခြားသားတွေနှစ်ခြိုက်သဘောကျတဲ့ အပန်းဖြေနေရာဆိုရင်မမှားပါဘူး။ ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်မီးကဏ္ဍနှင့် အခြေခံအဆောက်အအုံတွေကို မြှင့်တင်ပေးမယ်ဆိုရင် ဒီဒေသရဲ့ခရီးသွားလုပ်ငန်းဟာပိုပြီးဖွံ့ဖြိုးလာမှာပါ။ အဏ္ဏဝါအမျိုးသားဥယျာဉ်ကြီး ရေရှည်တည်တံ့ဖို့အတွက် ထိန်းသိမ်းမှုနဲ့အတူ စောင့်ကြည့်ခြင်းလေ့လာမှုတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်နေပါတယ်”ဟု လန်ပိကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောသည်။

လန်ပိကျွန်းတွင် ခရီးသွားများအနေဖြင့် သစ်တောအလှကိုကြည့်ကာ ကနူးလှေစီးခြင်း၊ တောတွင်းလမ်းလျှောက်၍ ငှက်ကြည့်ခြင်း၊ ရေအောက်အလှနှင့်သန္တာကျောက်တန်းများကိုကြည့်ရှုခြင်း၊ လှိုင်းစီးခြင်းနှင့်ဒိုင်ဗင်ထိုးခြင်း၊ ဆလုံတိုင်းရင်းသားတို့၏လူနေမှုဘဝပုံစံကိုလေ့လာခြင်း၊ သစ်ပင်နှင့်နို့တိုက်သတ္တဝါများ၊ ကုန်းနေ၊ ရေနေသတ္တဝါများကိုလေ့လာခြင်း၊ငှက်နှင့် ပင်လယ်ရေမှော်များကို လေ့လာခြင်းစသည့် နှစ်သက်ရာ ဝါသနာအလိုက် လေ့လာအပန်းဖြေလေ့ရှိပြီး ပင်လယ်ကမ်းခြေ၏နူးညံ့သော သဲသောင်မွမွပေါ်တွင် လမ်းလျှောက်ခြင်းနှင့် နေပူစာလှုံခြင်းကိုလည်း ခရီးသွားများ နှစ်သက်ကြလေ့ရှိသည်။

လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်သည် အလျားမိုင် ၃၀၊ အနံ ခုနစ်မိုင်ရှိပြီး ရေပျော်ငှက်နှင့် ဒေသမျိုးရင်းငှက် ၂၈၈ မျိုး ရှင်သန်ကျက်စားလျက်ရှိရာ ပုလင်းနှုတ်သီးလင်းပိုင်နှင့် အောက်ချင်းငှက်အပါအဝင် ရှားပါးမျိုးစိတ်များ နေထိုင်ကျက်စားမှုကြောင့် ခရီးသွားများ လေ့လာစူးစမ်းအပန်းဖြေရာ နေရာတစ်ခုအဖြစ် ဆွဲဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်နှင့် ကျွန်းနံ့သာအမျိုးသား အဏ္ဏဝါဥယျာဉ်ဟူ၍ အဏ္ဏဝါဥယျာဉ်ကြီးနှစ်ခုရှိပြီး လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်သည် အာဆီယံအမွေအနှစ် ဥယျာဉ်ကြီးတစ်ခုအဖြစ် ဂုဏ်ယူစွာတည်ရှိလျက်ရှိကာ အဆိုပါလန်ပိကျွန်းရှိ ဝါးအလယ်ကျွန်း (Wa Ale Resort )သို့ နှစ်စဉ်နိုင်ငံတကာမှ ခရီးသွားများ လာရောက်အပန်းဖြေလေ့လာကြလျက်ရှိကြကြောင်း သတင်းရရှိသည်။

**ညိမ်းသူ(သတင်းစဉ်)**

## ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် အောက်တိုဘာ ၁၄

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ဆေးရုံ၊ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ရပ်ကွက်၊ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက လွိုင်လင်မြို့ရှိ မင်္ဂလာအနောက်ကျောင်းတိုက်၌ သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ လွိုင်လင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာဗလအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**စာမျက်နှာ ၂၀ မှအဆက်**

အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “ဝေဿန္တရာ” ဇာတ်တော်ကြီးဖြင့် မွန်ပြည်နယ်ကိုယ်စားပြု အောင်နန်းစိုးရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကိုဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် “မဟာဇနက” ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု မဟာရေဝဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆိုင်ပြောပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ သဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ဗဟိုအဆင့်ဟူ၍ အဆင့်ဆင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၅၈၄ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကဲဖြတ်ပညာရှင် ဦးရေ ၁၈၀ ဖြင့် စနစ်တကျစိစစ်အကဲဖြတ် အမှတ်ပေးသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ ဆင့်မအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



**ရန်ကုန် အောက်တိုဘာ ၁၄**

နိုင်ငံတော် သံဃမဟာနယကအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့မင်းကျောင်း ပထမပြန် စာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး ကိုးပါး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်အောင်နှင့် ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နင်းဘိုမြို့တွင် အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက် ထိကျင်းပမည့် ၂၀၂၄ ခုနှစ် ဆင့်မအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့ တက်ရောက်ရန် ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)


၂၀၂၄ ခုနှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့

WORLD FOOD DAY 2024

**"ပိုမိုကောင်းမွန်သည့်ဘဝနှင့် အနာဂတ်ရရှိရေး**

**လူသားတိုင်း စားရေရိက္ခာ ပြည့်မီအောင် ဖြည့်ဆည်းပေး"**

**"Right to Foods for a Better Life and a Better Future"**

အောက်တိုဘာလ (၁၆) ရက်


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။


  **မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း(Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်ထိ ကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက်လေ့ကျင့်ခန်းများနှင့် လက်တွေ့ပစ်ခတ်ခြင်းများ(Live Firing) ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ် စသည့် Coordinates အမှတ်များဆက်ဆွဲထားသည့်ဧရိယာကိုသတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့ကို ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ငါးမိုင်ပတ်လည်ကို သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀( တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ




## မတ္တရာမြို့နယ် ဝသုန္ဒရကျေးရွာအနီး နွားကျောင်းနေသည့်ကလေး ၁၀ ဦးနှင့် အုတ်ဖိုမြို့နယ် ဝိုင်းကျေးရွာအနီးရှိ ဒေသခံပြည်သူ ဦးရေ ၂၀ တို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ ဖမ်းဆီးသွားခဲ့သည်ဟု သတင်းတု၊သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ







**နေပြည်တော် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဝသုန္ဒရကျေးရွာအနီးတွင် နွားကျောင်းနေသည့် အသက် ၁၅ နှစ်အရွယ် ကလေး ၁၀ ဦးကို အောက်တိုဘာ ၁၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မတ္တရာမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် မတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် PDFအမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများအား ဖမ်းဆီးခြင်းများရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအား အကြောင်းမဲ့ ဖမ်းဆီးခြင်းများမရှိကြောင်း သိရှိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ဝိုင်းကျေးရွာအနီးတွင် အောက်တိုဘာ ၁၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုင်းဆွဲတိုက်ခိုက်ခံရကြောင်းနှင့် အဆိုပါတိုက်ခိုက်ခံရမှုကြောင့် ဖြစ်စဉ်ဖြစ်ပွားသည့်နေရာမှ ဒေသခံပြည်သူဦးရေ ၂၀ ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ ဖမ်းဆီးသွားသည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ အုတ်ဖိုမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းရက်တွင် ဝိုင်းကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုင်းဆွဲတိုက်ခိုက်ခံရသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းမရှိကြောင်းနှင့် ဒေသခံပြည်သူများကိုလည်း ဖမ်းဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန်လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“တိုင်းပြည်တည်ငြိမ်မှုကို မလိုလားသူများက သန်းခေါင်စာရင်းကောက်ခံသူတွေကို ဒုက္ခပေးနေ”**ခေါင်းစဉ်ဖြင့် ၁၆-၁၀-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“တော်လှန်ရေးအကြောင်းပြ စတေးခံ PDF အကြမ်းဖက်သမားများ၏ဘဝနှင့် ကိုယ်ကျိုးရှာအလျှုခံ ပြည်ပသို့ ရွှေပြောင်းသူများရဲ့ တော်လှန်ရေး”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Yu Yu (ပန်ပန်မေမေ)” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၂) (က) ရပ်ကွက်နေ ယုယုဝင်းကို မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် မင်္ဂလာဒုံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)



ဝတ္ထုတိုကဏ္ဍ

# သူ့နေရာနှင့်သူ

ဇင်မင်းစိုး(ဗိုလ်ကလေး)

(၁)

"ဒူဝေဝေ … … …"

"ကျွန်ုပ်ပြုရသော ကုသိုလ်ကောင်းမှု အစုစုကို ၃၁ဘုံ၌ရှိသော ဝေနေယျ၊ သုခိတ၊ ဒုက္ခိတ သတ္တဝါ အားလုံး ရရာအရပ်၊ ရောက်ရာအရပ်မှရရှိ သာဓု ခေါ်နိုင်၍ နိဗ္ဗာန် ရွှေပြည်လမ်းကို ခပ်မြန်မြန်ပင် ရောက်ရှိ ခံစား၊ စံစားနိုင်ကြပါစေ။ သာဓု … သာဓု … သာဓု"

နံနက်အရုဏ်တက်ချိန်တွင် ကြားရလေ့ရှိသော အဘွားမေ၏ ဘုရားရှိခိုးသံ၊ အမျှဝေသံ၊ သာဓု ခေါ်သံများဖြစ်သည်။ ဒီလိုအချိန်ရောက်လျှင် အဘွားမေ တစ်ယောက် နေ့စဉ်ပြုနေကျ အလုပ်များဖြင့် တစ်နေ့တာကို အစပျိုးလေ့ရှိသည်။တကယ်တော့ အဘွားမေ၏ နာမည်အရင်းက ဒေါ်လုံးမေ ဖြစ်သည်။ အသက် ၇၀ ကျော် အရွယ်ဖြစ်သည်မို့ အဘွားလုံးမေဟုခေါ်ရင်း တဖြည်းဖြည်းနှင့် အမြန်ခေါ်ကြရာမှ အဘွားမေအဖြစ်သို့ ကူးပြောင်းသွားခဲ့ခြင်းဖြစ်သည်။ နံနက်ခင်း အကြော်သည်၊ အီကြာကွေးသည်များ ဈေးထွက်လျှင် အပေါင်းအဖော်မရှိသော တစ်ဦးတည်း အဘွားမေအတွက် အီကြာကွေးနှင့် အကြော်စုံများကို အိမ်ဝတွင် အိတ်ကလေးတစ်လုံးနှင့် ချိတ်ဆွဲပေးခဲ့ကြသည်။ အဘွားမေ အိပ်ရာကနိုးသည်နှင့် အိမ်ဝက ချိတ်ဆွဲထားသော အိတ်ထဲမှ အီကြာကွေးနှင့် အကြော်များကို ထုတ်၍ ဒါနပြုသူ ကုသိုလ်ရအောင် ဘုရားဆွမ်းတော်ကပ် အမျှဝေ သာဓုခေါ်ပေးခြင်းဖြစ်သည်။ အီကြာကွေးနှင့် အကြော်တို့သည်ကား အမြဲတမ်းတော့မရ။ တစ်ခါတလေ ဘိန်းမုန့်၊ စမူဆာ၊ ကိတ်မုန့်ခြောက်လေးတွေလည်း ရတတ်သည်။ တစ်ခါတလေ ဘာမျှမရတတ်သည်လည်းရှိသည်။ ထိုအခါ သကြားနှင့် ဆွမ်းတော်ကိုဖြူးပြီး ကပ်ရလေသည်။

ဘုရားကို အရုဏ်ဆွမ်းကပ်ပြီးသည်နှင့် အိမ်ထောင့်တွင် ထောင်ထားသည့် အဘွားမေ ကိုယ်တိုင်ပြုလုပ်ထားသော တံမြက်စည်းအရှည်ကိုင်၍ လမ်းထိပ်မှ အဘွားမေ လှဲနိုင်သည့်နေရာထိ တရွှမ်းရွှမ်း အသံပေး၍ မနားမနေလှဲကျင်း အမှိုက်သိမ်းလေ့ရှိသည်။ အသက် ၇၀ ကျော် ဆိုသော်လည်းသန်တုန်း၊ မြန်တုန်း၊ မာန်ရှိတုန်းဖြစ်သည်။ နံနက်မိုးလင်းလို့ အိပ်ရာထ ဈေးသွားကြ၊ လမ်းလျှောက်ကြ၊ အလုပ်သွားကြသည် ထိုထို လူအပေါင်းတို့သည် အဘွားမေ၏ တကုတ်ကုတ် အလုပ်လုပ်ပုံတို့ကိုကြည့်ပြီး မုန့်ပဲသရေစာ၊ဆေးဖိုး စသည်ဖြင့် အနည်းငယ်စီ တစ်ခုခု တော့ပေးသွားကြစမြဲပင်။ တချို့ကလည်း အဘွားမေကိုသာကြောင်းမာကြောင်းမေးပြီး သန့်ရှင်းသပ်ရပ်နေသော လမ်းကလေးအတွက် ချီးကျူးထောမနာပြုသွားကြသည်။ ထိုအခါ အဘွားမေ၏ ပီတိအပြုံးကို တွန့်လိမ်နေသော ပါးရည်နပ်ရည်ကြောင်းများမှ ရှာဖွေတွေ့ရှိရလေသည်။

နံနက်ပိုင်း အလုပ်ပြီးသွားလျှင်တော့ သူ၏ ပုံမှန်လုပ်နေကျ ရေအိုးစင်ရေဖြည့်၊ တောင်းလေးတွေ၊ ဂျပ်ဖာလေးတွေ၊ မြက်ဖျာလေးတွေရက် လမ်းထဲက ကလေးများ၏ အဝတ်လေးတွေကိုလည်း ရံဖန်ရံခါ လက်ချုပ် ချုပ်ပေးတတ်သေး၏။

(၂)

အဘွားမေ၏ ဘဝသည် အလွန်သနားဖို့ ကောင်းသည်ဟုဆိုရမည်ဖြစ်သည်။ အဘွားမေသည် တကယ်တော့ တစ်ကိုယ်တည်းသမားတော့ မဟုတ်ပေ။ သားတွေချည်း လေးယောက်ရှိသည်။ အသီးသီး အိမ်ထောင်ကျ၍ အိုးခွဲနေထိုင်နေကြခြင်းဖြစ်သည်။

အဘွားမေ၏ ခင်ပွန်းဖြစ်သူ ဦးလေးဦးအောင်ထူး ရှိစဉ်က အဘွားမေသည် စင်ပေါ်ကဇာတ်မင်းသမီးပမာ ကျော့မော့စွာ နေရသည်။ ဦးလေးဦးအောင်ထူးက ကုန်ရောင်းကုန်ဝယ်လုပ်သည်။ ပွဲစား လုပ်သည်။ အဘွားမေတို့ ချောင်လည်စဉ်က အဘွားမေသည် ရွှေကြယ်သီး၊ ရွှေ ဘီးနှင့် စိန်နားကပ်အထိ ရှိခဲ့ဝတ်ခဲ့ အဆင်ပြေခဲ့ဖူးသည်။ သားလေးယောက်ကိုလည်း လူတန်းစေ့ထားနိုင်သလို ပညာလည်း ကောင်းစွာ သင်ပေးသည်။ သို့သော် မိဘက အဆင်ပြေသည်မို့ သားတွေက ပညာကို ကောင်းစွာမသင် တေလေဆိုးသွမ်းကြသည်။ ဦးလေးဦးအောင်ထူး ခရီးတစ်ခုက အပြန် ငှက်ဖျားမိပြီး ဆုံးပါးသွားရာ အဘွားမေ၏ ခမ်းနားသောဘဝသည် အပြီးတိုင် တစ်ခန်းရပ်သွားခဲ့လေသည်။ သားလေးယောက်ကလည်း ပညာမစုံတဲ့အပြင် အိမ် ထောင်အသီးသီးကျပြီး သူတို့ဘဝ သူတို့ဆက် လျှောက်သွားကြသည်။ မပြေလည်သော ဒုက္ခများစွာဖြင့် လောကကို အခက်အခဲများစွာနှင့် အလုဆင်နေကြတော့သည်။ အဘွားမေကိုလည်း လှည့်မကြည့်နိုင်သလို စွန့်ပစ်သလိုပင် ပစ်ထားခဲ့ကြသည်။ စွန့်ပစ်သည်ဟု ပြောရအောင်လည်းခက်သည်။ ဒုက္ခရောက်လျှင် အပူလာကပ်ကြသူများမို့ အတိအလင်း အဓိပ္ပာယ်မဖွင့်ဆိုနိုင်ပေ။

အရပ်ကပေး၊ လမ်းထဲကပေးသည့်အရာလေးတွေနဲ့ ရပ်တည်နေသည့်အဘွားမေဆီကပင် လာရောက်ချေးငှား ယူဆောင်ကြသေးသည်။ လိုချင်တာမရလျှင် အဘွားမေကိုပင် ပြစ်တင်ပြောဆိုသွားသေးသည်။

အိမ်နီးနားချင်းများကလည်း အဘွားမေကို သနားကြသော်လည်း သူ့သားသမီးတွေကို ကြည့်မရသဖြင့် မခေါ်မပြောဘဲ ခပ်တန်းတန်းဆက်ဆံကြသဖြင့် ဒါကိုပင် အဘွားမေကြောင့်ဟု ထင်မြင်၍ စောင်းမြောင်းအော်ဟစ်ပြောဆိုကြသည်။ "ကျားဆိုးရဲ့ရာ ကြမ္မာအားကိုး ကံမယိုးနဲ့" ဟူသော စကားပုံကိုပြောင်းပြန်လှန်၍ကျားဆိုးနှင့်တူသော အဘွားမေ၏ သားဆိုးလေးယောက်တို့သည် အားမဖြစ်ဘဲ ကျားဖြစ်လျက် လူတို့၏ရပ်ရွာသို့ လာရောက်ဆူပူသောင်းကျန်းနေသည်ဟုပင် ဆိုရမည်ဖြစ်လေသည်။

(၃)

အရပ်ထဲမှ အဘွားမေသည် ရှေ့မီနောက်မီ အသက်အကြီးဆုံး လူကြီးတစ်ယောက်ဖြစ်သည်မို့ အချို့ကိစ္စများ၌ အဘွားမေဆီ လာရောက်အကူအညီတောင်းကြရသည်။ အဘွားမေက ကြည်ကြည်ဖြူဖြူပင် လုပ်ပေးတတ်သည်။

ယုံကြည်မှုနှင့်ဆိုင်သော နတ်ပွဲ၊ စားပွဲများတွင်လည်း သိမီကျွမ်းကျင်သည်ဟု ဆိုနိုင်လေသည်။ ပွဲတော်ပြင်ဆင်ပုံ၊ နတ်ချော့နတ်ဆက်ပုံ၊ နတ်အကူအညီတောင်းခံပုံတွေအထိပါ အဘွားမေ မပါလျှင် မပြီးပေ။

ကန်တော့ပွဲ ဘယ်နှပွဲ၊ မုန့်ဆီကြော် ဘယ်နှချပ်၊ မုန့်ဖြူဘယ်နှချပ်၊ ကြက်၊ ဝက်ဆက်သပုံ စသည်ဖြင့် စီမံတိုင်းထွာရာမှာလည်း အဘွားမေက ဦးဆောင်လုပ်ပေး၏။ ဘုရားကိုးဆူပွဲ၊ အရပ်အလှူပွဲ၊ ရိုးရာဆွမ်းတော်တင်ပွဲတွေပါ အဘွားမေက အထူးကျွမ်းကျင်လှသည်။

"ရေငန်တစ်ခွင် အစိုးရပါတဲ့ ရေငန်ပိုင် ဦးရှင်ကြီးဘုရား တနင်္ဂနွေသား၊ ကြာသပတေး သားသမီးတစ်စုက ဆွမ်း၊ ကွမ်း၊ ငှက်ပျော၊ အုန်း တို့ဖြင့် ပူဇော်ပသပါတယ်။ ကြွရောက်သုံးဆောင်တော်မူပါ၊ သုံးဆောင်တော်မူပါ၊ သုံးဆောင်တော်မူပါ ရေငန်ပိုင်ဦးရှင်ကြီးဘုရား"

အဘွားမေ၏ ဒေသအလိုက် ဆွမ်းတော်တင်ပွဲများ၌လည်း အသံနေအသံထားဖြင့် ဖွဲ့နွဲ့ဖိတ်ခေါ်ဆက်သပုံမှာ ကြားရသူအပေါင်းကို ဘဝင်နှလုံးဖြင့် အားကိုးအားထားပြုချင်စရာ ကောင်းလှအောင် စိတ်ဝင်တစားရှိလှသည်။

သူ့အရွယ်၊ သူ့လုပ်အား၊ သူ့ပညာဖြင့် အရပ်ကို အကျိုးပြုရသည်ဟု အဘွားမေက ခံယူထားသည်။ ဘာမှမလုပ်နိုင်သော်လည်း လုပ်နိုင်သည့်ဘက်မှ ပံ့ပိုး ကူညီပေးခြင်း ဖြစ်လေ၏။ အရပ်ကလည်း အဘွားမေကို ဘာဖြစ်ဖြစ် အားကိုးအားထားပြုပြီး အကြံဉာဏ်တောင်း မေးမြန်းလေ့ရှိကြသည်။ အဘွားမေသည် ဒါတင်မကသေး။ လူငယ်လူရွယ်တွေ စေ့စပ်တောင်းရမ်းတာ၊ လက်ထပ်ထိမ်းမြားကြရာမှာလည်း အဘွားမေကို ဦးဆောင်ခေါ်ယူ ဆုံးမစကားပြောကြားစေသည်။ အမျိုးသမီးတွေ မျက်နှာမြင်မီးဖွားရာတွင်လည်း အဘွားမေက မပါမဖြစ်ပေ။ ကလေးနေမကောင်းဖြစ်လည်း အဘွားမေကို ခေါ်ယူပြသကြသည်။

"ကလေးကို တစ်ချိန်လုံး အနှီးမထုပ်ထားရဘူးကွဲ့ ငါ့မြေးရဲ့။ ထုပ်ရင်လဲ ချောင်ချောင်ချိချိ ထုပ်ရတယ်။ နောက်ပြီး သန့်သန့်ရှင်းရှင်းထား "

"မတင်လှ မြေးက မှက္ခရုနာပေါက်နေတာလေ၊ အဘွား မန်းမှုတ်ပေးပါ့မယ်ကွယ်"ဟု ဆိုကာ ဖယ်ရှား မန်းမှုတ်ပေးတတ်သည်။

"မသန်းခင် မြေးလေးက အချောလေးတော့ နှာတံကို စင်းနေတာပဲ ။ လက်လေးနဲ့ နှာတံကို ဆွဲဆွဲပေးအေ့"

အချို့ နေမကောင်းတဲ့ ကလေးတွေကို ပြုစုလုပ်ကိုင်ပေးပြီး ခေါပန်းတောင်းပစ်တန်သူပစ်၊ မန်းမှုတ်သင့်က မန်းမှုတ်ပေးလေ့သည်။ ရှေးလူကြီးမို့ ရိုးရာအရ ဆောင်ရွက်တတ်ရာ ပျောက်ကင်းသက်သာသွားသည်က များလေသည်။ ကလေးမိခင်များက အဘွားမေရှိလျှင် အားကိုးစိတ်ချရသည်ဟု ဆိုကြပြောကြ၏။ အဘွားမေ၏အရွယ်လွန်လုပ်အားများပင် ဖြစ်လေသည်။

(၄)

တိုးချဲ့မြေကွက်တွေ ပေါ်လာတော့ အဘွားမေ၏ မြေကွက်ကျယ်ကလေးသည် တန်ဖိုးရှိလာသည်။ လိုချင်သူတွေက မကြာခဏ လာရောက်မေးမြန်းကြသည်။ ထိုကြောင့် အဘွားမေ၏ သားလေးယောက်က တစ်စခန်း ထလာလေတော့သည်။ အမွေခွဲဝေပေးရန် စုပေါင်းတောင်းဆိုကြသည်။ အဘွားမေသည် အိုဇာတာမကောင်းဟု အများက သိရှိသတ်မှတ်ကြပြီး စိတ်မကောင်းဖြစ်ကြသည်။ "မိဘတော့ လုပ်မကျွေးချင်ဘူး။ အမွေတောင်းတာတော့ ညီပ့်" ဟု အရပ်က ဝိုင်းဝန်းထောမနာပြုကြသည်။ အဘွားမေတစ်ယောက် ကျောတစ်နေရာစာလေးချန်ပြီး ရောင်းချကာ ခွဲဝေပေး၍ အချို့ကို နှမ်းပါးတဲ့ ဘုန်းတော်ကြီးကျောင်း၏ သိမ်ဆောက်လုပ်ရာတွင် အဘွားမေက ထည့်ဝင်လှူဒါန်းလေသည်။ သားလေးယောက်က အဘွားမေဆီတွင် ခွေးတစ်ကောင်၊ ကြောင်တစ်မြီးပင် ထားခဲ့ချင်စိတ်မပေါ်ပေ။ သစ္စာရှိလွန်း၍သာ အိမ်မှာ ခွေးတွေ၊ ကြောင်တွေ ကျန်ခဲ့သည်။ ခေါ်သွားလည်း ခဏပင်။ နောက်နေ့ ပြန်ရောက်လာသည်။ ကျန်ရှိသော ခွေးလေး၊ ကြောင်လေးများအတွက် အလှူ၊ ထမင်းဆိုင်၊ အဆောင်တို့မှ ထမင်းကျန်၊ ဟင်းကျန် များ ယူဆောင်ကျွေးမွေးသည်။ တစ်ခါတလေ ချက်ကျွေးတတ်သည်။"တိရစ္ဆာန်တွေက ကိုယ်ကျွေးမှ စားရမှာလေ" ဟု အဘွားမေက မကြာခဏ တီးတိုးပြောတတ်သည်။ အသက်ကြီးသော်လည်း သတိမလွတ်။ အရပ်ထဲ က လူငယ်တချို့ စုပေါင်း၍ သီတင်းကျွတ်၊ ဝါကျွတ်အချိန်များတွင် သွားကန်တော့ပါက ဆုတွေ

စာမျက်နှာ ၂၅ သို့ ➤

# တမူးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၈၇၁၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တမူး အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးစပါး ၄၈၇၁၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် မိုးစပါးကေ ၄၉၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၈၇၁၆ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်အတွင်း စပါးကေ ၄၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ စပါးကေ ၄၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေတယ်။ တောင်သူတွေ အနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် မိုးစပါးစိုက်ပျိုးပြီးစီးမှု အနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၂၉၁၇ ကေ၊ တမူးမြို့နယ်တွင် ၁၄၈၃၁ ကေနှင့်ခါမ်းပါတ်မြို့နယ်တွင် ၂၀၉၆၈ ကေ စုစုပေါင်း ၄၈၇၁၆ ကေ တို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် စပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ကေ ၁၂၈၈၀၊ တမူးမြို့နယ်တွင် ကေ ၁၅၅၈၀ နှင့် ခါမ်းပါတ်မြို့နယ်တွင် ကေ ၂၁၀၄၀ စုစုပေါင်း ကေ ၄၉၅၀၀ တို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တမူးခရိုင်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအလိုက် ဝန်ထမ်းများက မျိုးကောင်း မျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးပိမျိုးစုံ ပိဿာချိန် ၁၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ငါးပိမျိုးစုံ ပိဿာချိန် ၁၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ဒေသထွက် ငါးပိမျိုးစုံ ပိဿာချိန် ၁၀၅၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ ၁ ရက် မှ ၃၀ ရက်ထိ ငါးပိမျိုးစုံ ပိဿာချိန် ၁၅၅၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသထွက် ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများသောကြောင့် တင်ပို့မှု မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်း ငါးပိမျိုးစုံ ပိဿာချိန် ၁၅၅၀၀၀ ထိတင်ပို့ ရောင်းချခဲ့ရပါတယ်။ မော်လကျွန်းမြို့နယ်က ထွက်ရှိတဲ့ ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်း ချတာဖြစ်ပါတယ်။ ဒီလထဲမှာလဲ ငါးပိတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေပါတယ်။ အခုလို ဝယ်ယူမှု အားကောင်းတော့ ဒေသအလုပ်အကိုင် အခွင့်အလမ်းလဲ ကောင်းတာပေါ့။ လက်ရှိ ငါးပိမျိုးစုံကို ရန်ကုန်အပြင် နေပြည်တော်ဘက်ကပါမှာ ယူနေပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးပိမျိုးစုံသည် ငါးရံ့ငါးပိ၊ ငါးခုံးမ ငါးပိ၊ ဂျပန်ငါး ငါးပိ၊ ငါးပနော်ငါးပိ၊ ငါးပြေမ ငါးပိ စသည့် ရေချိုငါးပိများ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ပြီး အဆိုပါ ငါးပိတစ်ပိဿာလျှင်အမျိုးအစားအလိုက် ငွေကျပ် ၁၁၅၀၀ မှ ၄၈၅၀၀ ထိ ဈေးရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးပိ၊ ငါးခြောက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

ရွှန်းရွှန်းဝေအောင် ပေးတတ်သည်။

သို့သော် မေတ္တာငတ်နေသူ အဘွားမေတစ်ယောက် တစ်စုံတစ်ခုကို သတိရသွားလျှင် မျက်နှာမကောင်း။ အသက်ကြီးမှ မှီခိုရာကင်းတဲ့ သူ့ဘဝကို ဝမ်းနည်းလို့လား၊ ဒါမှမဟုတ် သွားလေသူကြီးကို သတိရလို့လား၊ သို့မဟုတ် မျှော်လင့်သူတို့က ရောက်မလာဘဲ မမျှော်လင့်သူတွေက ရောက်လာလို့ ဝမ်းသာ၊ ဝမ်းနည်းလား ဆိုတာတော့ အဘွားမေသာ အသိဆုံးပင်။

(၅)

လူတိုင်း တစ်နေ့ အိမ်ပြန်ကြရမည် ဖြစ်သည်။ ခဏတာလာရသော ဧည့်သည်တစ်ယောက်ဖြစ်တဲ့ အဘွားမေတစ်ယောက် လူကြီးရောဂါနှင့် သူချစ်တဲ့ ဒီမြို့စွန်လေးမှာ ခေါင်းချသွားခဲ့သည်။ အရပ်ထဲမှာအဘွားမေ အတွက် စိတ်မကောင်းဖြစ်လွန်း၍ တတွတ်တွတ် ပြောဆိုကြသည်။ သားသမီးမြေးမြစ်တွေက အဘွားမေ၏ နောက်ဆုံးခရီးကို သာမန်ဧည့်သည်လာသလိုပင် လာရောက်နှုတ်ဆက်ကြပြီး ကျန်ရှိသည့် အမွေလေးခွဲဖို့အတွက် စိုင်းပြင်းကြလေသည်။ အဘွားမေအတွက် တစ်ဘဝပြီး၍ အေးချမ်းသွားပြီဖြစ်သော်လည်း အဘွားမေ၏ ပုံရိပ်တို့ကတော့ အရပ်ထဲမှာ အချိန်အတိုင်းအတာတစ်ခုထိ လှုပ်ရှားသက်ဝင် စိုးမိုးနေဦးမည် ဖြစ်သည်။“သေသောသူ ကြာရင်မေ့”ဆိုသည့်အတိုင်း အရပ်ထဲမှာ အဘွားမေဟူသော အမယ်အိုတစ်ဦး ရှိခဲ့သည်ကိုတော့ အချိန်ကာလကျော်ဖြတ်သွားသည်နှင့် တဖြည်းဖြည်း မေ့မှိန်ပျောက်ကွယ်သွားမှာတော့ အမှန်ပင်။

နံနက်တိုင်း ဘုရားရှိခိုး အမျှဝေသံ၊ တရွှမ်းရွှမ်းနှင့် တံမြက်စည်းလှဲသံတို့ကိုလည်း အားလုံးက မကြားနိုင်တော့ပြီမို့ လွမ်းနေရဦးမည်ဖြစ်သည်။ အရပ်၏ အားကိုးအားထားရာ အဘွားမေ၏ ရပ်ရွာအကျိုးပြုပုံတွေကိုလည်း သတိရနေကြပေဦးမည်။ အဘွားမေ နေ့တိုင်း အစာကျွေးနေတဲ့ ခွေး၊ ကြောင်လေးတွေကလည်း အဘွားမေပြန်လာမည်အထင်နှင့် ငံ့လင့်စောင့်ဆိုင်းနေကြဆဲ။

မည်သို့ပင်ဆိုစေ အချိန်ကာလတွေ ဖြတ်ကျော် ပြောင်းလဲခဲ့သော်လည်း အရပ်ထဲက အဘွားမေအကြောင်းလေးကတော့ ပုံပြင်တစ်ပုဒ်ပမာကျန်ရှိနေခဲ့ပြီး ယခုအချိန်ထိ အမှတ်တရ ထုတ်ဖော်ပြောဆိုနေကြတုန်း၊ စိတ်မကောင်းဖြစ်နေကြတုန်းပင် ဖြစ်လေ၏။

## ငါးမည်ကြာပန်း ကြိုင်လှျမ်းပွင့်ကြ သီတင်းကျွတ်လ

– သီတင်းကျွတ်ခါ သည်ချိန်မှာ
သာယာဝင်းပ ရွှန်းမြမြ
လကိုတူယှဉ် နက္ခတ်လျှင်
ဖြူစင်လှသည် အသဝနီ
ကြည်တယ်လေ့ကြည်တယ်လေ့။

– တူရာသီထွတ် သီတင်းကျွတ်
မိုးမလွတ်သေး ပလ္လင်ဆေး
ဝါသွေးဖြူနီ မီးပုံးစီ
စုံညီကြာပန်းငါးမျိုးလန်း
ဆန်းတယ်လေ့ဆန်းတယ်လေ့။

– မိနတ်ရှိရာ တာဝတိံသာ
ဟောကာတရား နတ်အများ
စိတ်ထားကြည်လင် လွန်ပျော်ရွှင်
ဗုဒ္ဓင်သူမြတ် ပြန်ကြွအပ်
မြတ်တယ်လေ့မြတ်တယ်လေ့။

– ဂီတသံသာ စောင်းခတ်ကာ
နတ်ဗြဟ္မာများ ထီးမိုးထား
ပတ္တမြားစောင်းတန်း လွန်ထူးဆန်း
သက်လှမ်းဗုဒ္ဓါ ကြွချီလာ
သာတယ်လေ့သာတယ်လေ့။

– မြင်းမိုရ်မီးပွဲ တို့ဆင်နွဲ
ပျော်ပွဲဆင်ရာ သည်ချိန်ခါ
စိတ်မှာရွှင်လန်း မမောတမ်း
တင့်လန်းဝေဆာ ကြိုရတာ
သာယာပျံ့ပျူး စိတ်ကြည်နူး
ထူးတယ်လေ့ထူးတယ်လေ့။

ဘိုမျိုး(ရွှေဘို)

# ကွမ်းခြံကုန်းမြို့နယ် ကော့ဒွန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွမ်းခြံကုန်း အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ကော့ဒွန်းကျေးရွာ၌ ပဉ္စမအကြိမ်ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP ) ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၃ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရေးဦးစွာ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းများကိုပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကော့ဒွန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူအသင်းသား၊အသင်းသူ၁၁၃ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# လူချင်းတူသော်လည်း

**စောဖိုးသွား**

၂၀၂၄ ခုနှစ်၏ မိုးရာသီ အနောက်တောင် မုတ်သုံလေသည် မြန်မာပြည်ကို နှုတ်ဆက်ကာ ယခုအခါ နောက်ဆုတ်ထွက်ခွာသွားခဲ့ပါလေပြီ။ ဆောင်းဦးပေါက်ရာသီရောက်သည်နှင့် မြောက်ပြန်လေအေးက တသွေးသွေးတိုက်ခတ်ဝင်ရောက်လာခဲ့သည်။

မြန်မာပြည်တွင် နွေရာသီက ပူအိုက်လှသည်။ နေမင်းအပူရှိန်ပြင်းသဖြင့် ခရီးသွား၍ မကောင်း၊ မိုးရာသီရောက်ပြန်လျှင်လည်း မိုးစိုစိုရွှဲရွှဲ လမ်းပန်းမသာ၊ ခရီး ထွက်ရန်မသင့်ပါ၊ ငှက်ကလေးများပင် သူတို့အသိုက်အမြုံထဲတွင်သာ အနေများကြ၏။ အစာရှာချိန်မှအပ မိုးထဲလေထဲကောင်းကင်မှာ မပျံဝဲကြပေ။

မြန်မာပြည်ကလူများအတွက်ကား စွတ်စိုသော မိုးရာသီနှင့် ပူအိုက်သောနွေရာသီကြားက ဤကဲ့သို့ လှပသာယာသော ဆောင်းဥတုလေးမှာ ခရီးအနီး၊ အဝေးသွားလာရန် အကောင်းဆုံးအချိန်ဖြစ်ပေသည်။ သီတင်းကျွတ်ပြီဆိုသည်နှင့် မြို့တိုင်း၊ ရွာတိုင်းမှာ ဘုရားပွဲ၊ အလှူပွဲ၊ ပျော်ပွဲရွှင်ပွဲများ မြိုင်မြိုင်ဆိုင်ဆိုင်နှင့်ကုသိုလ်ပြုရင်း ဝတ်ကောင်းစားလှဝတ်ဆင်ကြကာ စုစုဝေးဝေး လူအများစုပေါင်းပျော်ရွှင်မြူးတူးကြသောကာလဟု ဆိုရပေမည်။

ဤအချိန်အတောအတွင်းတွင် ရပ်နီးရပ်ဝေး ဘုရားဖူးခရီးများလည်း ထွက်လေ့ရှိကြသည်။ တောင်သူ၊ ယာသမားများလည်း သီးနှံပေါ်ပြီးစ အချိန်ဖြစ်၍ ပဲတွေ၊ နှမ်းတွေ ယာသီး၊ ယာစာထွက်လာသမျှ မြို့တက်ရောင်းချပြီး ရွာသူ၊ ရွာသားများ ငွေရွှင်သော အချိန်ကာလဖြစ်ပေသည်။ ဆွေမျိုးတစ်သိုက် စုပေါင်းကားငှား၍ဖြစ်စေ၊ မြစ်ကြောင်းမှ သင်္ဘောဖြင့်ဖြစ်စေ မိမိတို့ရွာက ဦးကြီး၊ ဘကြီးများနှင့် ဒေါ်ကြီး၊ ဒွေးလေး တို့သည် ပုဂံဘုရားဖူး၊ မန္တလေး၊ စစ်ကိုင်းဘုရားဖူးခရီးထွက်ကြသည်။ အမှန်တော့ တစ်နှစ်တာကာလပတ်လုံး ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း နွားနှင့်အတူဖက်၍ ထွန်ယက်စိုက်ပျိုးလျက် အလုပ်များခဲ့သော တောသူ၊ တောင်သား မိမိတို့ဆွေမျိုးများသည် ဤပွင့်လင်းရာသီ ဆောင်းဦးပေါက်တွင် လွတ်လပ် ပေါ့ပါးစွာ ခရီးထွက်လည်ပတ်ချင်ခဲ့ရှာမည်ကို ကိုယ်ချင်းစာမိပါသည်။

ယခုခေတ်တွင် လူတွေစာဖတ်ကြသည်၊ စာအုပ်စာပေ သတင်းစာ ဂျာနယ် မဂ္ဂဇင်းသာဖတ်ကြသည် မဟုတ်၊ မျက်စိဖြင့် တယ်လီဖုန်း၊ တက်ဘလက်၊ လက်တော့၊ ကွန်ပျူတာတို့ဖြင့်ကြည့်၍လည်း ဖတ်နေကြပြီ၊ လက်ကိုင်ဖုန်းမှတစ်ဆင့် ဟောပြောချက်၊ ဆွေးနွေးချက် ဖြေကြားချက်တွေလည်း နားထောင်ကြသည်။ မျက်စိဖြင့်နားဖြင့် စာဖတ်ကြခြင်းပင်။

ခြေထောက်ဖြင့်လည်း စာဖတ်ကြပါသေး၏။ ဒေသန္တရ၊ ဘာသန္တရ ဗဟုသုတ တိုးပွားလာအောင် ခရီးတို့ ခရီးရှည်ထွက်ကြခြင်းဖြစ်ပါသည်။ ပြည်တွင်းရှိ အမြို့မြို့ အရွာရွာသို့ သွားလာရုံမျှမက ပြည်ပနိုင်ငံများသို့လည်း လူငယ်၊ လူရွယ်များ ခရီးသွားနေကြလေပြီ။ အချို့သောကျေးရွာများဆိုလျှင် လူငယ်လူလတ် ရွာတွင်မကျန်သလောက်ပင် နိုင်ငံခြားရောက်နေကြပြီ။ ထိုင်း၊ မလေးရှား၊ စင်ကာပူ သာမက ဂျပန်၊ တောင်ကိုရီးယား၊ ဆော်ဒီအာရေဗျနှင့် တရုတ် ယူနန်ပြည်နယ် စသည်။

အချို့လည်း ခြောက်လတစ်နှစ်ကြာ၏။ အချို့လည်း လေးငါး ခြောက်နှစ်ကြာပြီ၊ အချို့ကား ဆယ်နှစ်၊ ဆယ့်ငါးနှစ်တောင်ရှိပါပြီ။ ဟိုတုန်းကတော့ အလုပ်လုပ်ခလေးကို မိဘထံသို့ ဟွန်ဒီခေါ် လူကြုံငွေပါးခြင်းဖြင့် ပို့ရသည်။ ယခုတော့ အစိုးရ ငွေလွှဲစနစ်ဖြင့် ပို့၍ရနေပြီ။ ပြည်ပသို့သွားရောက် အလုပ်အကိုင် လုပ်ဆောင်နေကြသော မြန်မာအမျိုးသား၊ အမျိုးသမီးအရေအတွက်မှာ ထောင်ဂဏန်း၊ သောင်းဂဏန်း မျှသာမဟုတ်ချေ။ သိန်းဂဏန်းပင်ကျော်ကာ သန်းနှင့်ချီ၍ များပြားနေလေပြီ။

အဆင်ပြေသူလည်းရှိ နည်းပါ၏။

အဆင်မပြေသူလည်းရှိ၊ အတော်များ၏။

အမိနိုင်ငံမှမဟုတ်လေတဲ့၊ သူ့ရေ သူ့မြေမှာ သူ့အခြေသူ့ဥပဒေသူ့စည်းကမ်းနှင့်အဆင်ပြေအောင် နေတတ်ရပေသည်။ အကောင်းအဆိုး အမျိုးမျိုး အခက်အခဲ အကျပ်အတည်းတွေကတော့ လူ့ဘဝမှာ တွေ့ရကြုံရစမြဲပေပဲ။ မိမိမှာ အသိပညာ အတတ်ပညာနှင့် စာရိတ္တသီလပြည့်စုံခဲ့ပါက ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံ ဘယ်တိုင်းပြည်ဖြစ်ဖြစ် သူတို့က တလေးတစား ကြိုဆိုကြမည်သာ။ ပညာမတတ် အကျင့်မကောင်း စည်းကမ်းဥပဒေကို ရိုသေလိုက်နာကြရကောင်းမှန်း မသိကြလျှင်ကား ဆင်းရဲဒုက္ခကြုံတွေ့ခြင်းသည် ဆုံးမပါလိမ့်မည်။ ငယ်စဉ်ကပင် ပညာကို လိုလားစွာကြိုးစား၍ အသိအမြင် အကျင့်စရိုက်ကောင်းအောင် မိမိကိုယ်ကို ပျိုးထောင်ခဲ့သူအတွက် ကမ္ဘာမြေကြီးက သင့်တော်သောနေရာကိုပေးလျက် လက်ကမ်းကြိုဆိုနေမြဲ မဟုတ်ပေလော။

**❖ကမ္ဘာမြေကြီးဟာ ဘယ်လိုပဲကျယ်ဝန်းပေမယ့် လူတွေဟာ အမျိုးမျိုးအစားစား ကွဲပြားကြပေမယ့် မိမိမှာကောင်းမွန်တဲ့ ကိုယ်ကျင့်သိက္ခာနဲ့ စိတ်နေစိတ်ထား(ပြဟ္မစိုရ်တရား) ရှိထားခဲ့ရင် ကောင်းတာတွေနဲ့ပဲ ကြုံတွေ့ရမယ်။ မိမိက အသက်မွေးဝမ်းကျောင်းတဲ့အလုပ်အကိုင်နဲ့ဆိုင်တဲ့ ပညာရပ်မှာ တစ်စုံတစ်ခုပဲဖြစ်ဖြစ်၊ အမျိုးမျိုး အသွယ်သွယ်ပဲဖြစ်ဖြစ် နှံ့စပ်ကျွမ်းကျင်စွာ ကောင်းကောင်းတတ်မြောက်ခဲ့သူဖြစ်တယ်ဆိုရင် ဘယ်နိုင်ငံဘယ်နေရာ ဖြစ်ဖြစ် တန်ဖိုးရှိပါတယ်။ ❖**

ခရီးသွားပါ။ ခရီးမသွားခင် အချိန်ယူ၍ ပညာသင်ပါ။ ဘာသာစကားနှင့် လုပ်ငန်းခွင်ဆိုင်ရာ အတတ်ပညာများကို စိတ်ရှည်ရှည်ဖြင့် နှစ်နှင့်ချီ၍ သေချာစွာတတ်မြောက်ကျွမ်းကျင်အောင် လေ့လာသင်ယူလေ့ကျင့်ခဲ့ပါ။ မျက်နှာငယ်စရာမရှိ၊ ဘာမသိညာမသိထွက်ရပြီးရော ကြုံရာကျပန်းလုပ်မှာပဲဆိုသူတို့အတွက်တော့ ပြည်ပခရီးသည် ကြမ်းတမ်းခက်ထန်ပါလိမ့်မည်။ ကြိုတင်မြော်တွေး၍ စနစ်တကျ ကြိုတင်ပြင်ဆင်ခြင်းသည်သာ ချောမောအောင်မြင်သော ခရီးဖြစ်ပါလိမ့်မည်။

ခရီးသွားခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူးများကို စာရေးသူ၏မိတ်ဆွေတစ်ယောက် ပြည်ပခရီးမှပြန်ရောက်လာသောအခါ သူက ဆရာဝန်စာရေးသူဖြစ်သည့်အလျောက် အမှတ်စဉ်ဂဏန်းထိုး၍ အောက်ပါအတိုင်းရေးချ၍ ပေးလာပါ၏။ ကောင်းလေစွ၊ မှတ်မှတ်သားသားအနှစ်ချုပ်၊ အကျဉ်းမှတ်စု အဖိုးတန်ပါသည်။ စာဖတ်သူလည်း ခရီးသွားခဲ့ဖူးမည်။ ဤအချက်များကို စဉ်းစားကြည့်စေလိုပါသည်။

၁။ ပညာရဲ့အရေးပါမှုကိုသိလာမယ်။
၂။ ကျန်းမာခြင်းဟာ လာဘ်တစ်ပါးဆိုတာ ထင်ထင်ရှားရှား သဘောပေါက်လာမယ်။
၃။ ကိုယ့်ရေ ကိုယ့်မြေ ကိုယ့်နိုင်ငံကို ခင်မင်တွယ်တာတတ်လာမယ်။
၄။ ရန်သူလား၊ မိတ်ဆွေလား ခွဲခြားသိမြင်လာမယ်။
၅။ ဒေါသကိုထိန်းတတ်လာမယ်။
၆။ ဒေါသကိုစီမံခန့်ခွဲတတ်လာမယ်။
၇။ သည်းခံခြင်းတရားကြီးမားလာမယ်။
၈။ ပတ်ဝန်းကျင်ကို ရှုမြင်ပုံကွဲပြားလာမယ်။
၉။ အချိန်ကိုလေးစားရကောင်းမှန်းသိလာမယ်။
၁၀။ အချိန်ကိုစီမံခန့်ခွဲတတ်လာမယ်။
၁၁။ မတူကွဲပြားမှုတွေကို လက်ခံနိုင်လာမယ်။
၁၂။ နိုင်ငံကြီးသားစိတ်ဓာတ်ဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ကို နားလည်လာမယ်။
၁၃။ ကိုယ့်အားကိုယ်ကိုးတတ်လာမယ်။
၁၄။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာမယ်။
၁၅။ ပတ်ဝန်းကျင်လေ့လာမှု ပိုအားကောင်းလာမယ်။
၁၆။ အထီးကျန်ခြင်းကို ခံနိုင်ရည်ရှိလာမယ်။
၁၇။ မြန်မာ့ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံကို ယခင်ကထက်ပိုမိုနားလည် တန်ဖိုးထားတတ်လာမယ်။
၁၈။ မြန်မာအစားအစာတွေကို ပိုခံတွင်းတွေ့လာမယ်။
၁၉။ အရေးကြီးတာနဲ့ အရေးမကြီးတာကို ခွဲခြားတတ်လာမယ်။
၂၀။ လုပ်အားတန်ဖိုးချစ်မြတ်နိုးနိုင်လာမယ်။
၂၁။ အစားအစာကို ခြိုးခြံချွေတာတတ်လာမယ်။
၂၂။ ငွေကိုတန်ဖိုးထားတတ်လာမယ်။
၂၃။ ကိုယ့်နိုင်ငံနဲ့မတူတဲ့ ကွဲပြားတာတွေကို တွေ့မြင်ရမယ် (အကောင်း အဆိုး အမျိုးမျိုးပေါ့)
၂၄။ ဘာသာစကားကျွမ်းကျင်မှု အသုံးကျပုံ အရေးကြီးပုံကို သိလာရမယ်။
၂၅။ ပေါင်းသင်းဆက်ဆံရေးမှာ စိတ်နေစိတ်ထားနဲ့ ကိုယ်အမူအရာ မျက်နှာထိ မျက်နှာထားအကဲခတ်ဖို့ အရေးပါပုံ သိလာမယ်(စကား မပေါက်တဲ့သူတွေ တွေ့ရမယ်လေ)
၂၆။ လူလူချင်းတူပေမယ့် အမူအကျင့် အယူအဆဓလေ့စရိုက် အမျိုးမျိုးအစားစား အလွန်ပဲ ကွဲပြားခြားနားကြတာကို တွေ့ရမယ်။
၂၇။ မမျှော်လင့်တဲ့အခက်အခဲ အကျပ်အတည်း ပြဿနာပုစ္ဆာဘေးဒုက္ခတွေကြုံရတဲ့အခါ ဖြေရှင်းကြံဆနည်းတွေ ရှာဖွေတတ်ရမယ် ဆိုတာ သိလာမယ်။(ဘဝပုစ္ဆာတိုင်းဟာ ပုံသေမရှိပါ)

နိုင်ငံခြားကို တစ်ပတ်ဆယ်ရက်ကြာနေခဲ့ရတာနဲ့ တစ်နှစ်၊ နှစ်နှစ်နေခဲ့ရတာ မတူနိုင်ဘူး။ နေရာအနည်းငယ်ပဲ ကြည့်ခဲ့မြင်ခဲ့ရတာနဲ့နေရာဒေသ၊ မြို့ရွာ ရပ်ကွက်ထဲ သွားလာကြည့်မြင်ရတာ မတူကြဘူး။

ဘာပဲဖြစ်ဖြစ် ခရီးရှည်ခရီးဝေးသွားရဖူးတယ်ဆိုတာနဲ့ ဒေသအမျိုးမျိုး၊ နေရာအမျိုးမျိုး ရာသီဥတု အခြေအနေအမျိုးမျိုးမှာ လူအမျိုးမျိုးနဲ့တွေ့ကြုံဆက်ဆံရတဲ့အခါ ယခင်နဲ့မတူတဲ့ အယူအဆ အတွေးအမြင်တွေ ပြောင်းလဲလာတာ မိမိဘာသာ သတိပြုမိပါလိမ့်မည်။ အမြင်ကျယ်လာပါတယ်။ စိတ်ရှည်သည်းခံနိုင်ပြီး စိတ်လိုက်မာန်ပါ တစ်ကိုယ်ကောင်းဆန်လို့မရဘူးဆိုတာ နားလည်လာနိုင်ပါတယ်။

ကမ္ဘာမြေကြီးဟာ ဘယ်လိုပဲကျယ်ဝန်းပေမယ့် လူတွေဟာ အမျိုးမျိုးအစားစား ကွဲပြားကြပေမယ့် မိမိမှာကောင်းမွန်တဲ့ ကိုယ်ကျင့်သိက္ခာနဲ့ စိတ်နေစိတ်ထား(ပြဟ္မစိုရ်တရား) ရှိထားခဲ့ရင် ကောင်းတာတွေနဲ့ပဲကြုံတွေ့ရမယ်။ မိမိက အသက်မွေးဝမ်းကျောင်းတဲ့အလုပ်အကိုင်နဲ့ဆိုင်တဲ့ ပညာရပ်မှာ တစ်စုံတစ်ခုပဲဖြစ်ဖြစ်၊ အမျိုးမျိုး အသွယ်သွယ်ပဲဖြစ်ဖြစ် နှံ့စပ်ကျွမ်းကျင်စွာ ကောင်းကောင်းတတ်မြောက်ခဲ့သူဖြစ်တယ်ဆိုရင် ဘယ်နိုင်ငံ ဘယ်နေရာဖြစ်ဖြစ်တန်ဖိုးရှိပါတယ်။

သာဓကတစ်ခုပဲပြောပါမယ်။ မြန်မာပြည်က သူနာပြုတက္ကသိုလ်မှ အဆင့်မြင့်မြင့် အမှတ်ကောင်းကောင်း၊ လက်တွေ့ အတွေ့အကြုံလဲ နှစ်နှစ်၊သုံးနှစ်ရှိခဲ့ပြီးတဲ့ သူနာပြုများ စင်ကာပူရှိ သူတို့ဆီက ဆေးရုံတွေမှာ အလုပ်လုပ်ရာမှာ လစာ ဘယ်လောက်ရတယ်ထင်ပါသလဲ၊ မယုံရရင်နဲ့ မြန်မာပြည်က ပါမောက္ခနဲ့ ညွှန်ချုပ်တွေရဲ့လစာထက် ဆယ်ဆကျော်ရပါတယ်။ ဟာ...စင်ကာပူမှာ အလုပ်လုပ်တဲ့ သူနာပြုလစာဝင်ငွေများလှချေလား (သူတို့ စင်ကာပူနိုင်ငံသူ၊ သူနာပြုရဲ့လစာ ထက်ဝက်သာ ပေးတာနော်) မယူဆပါနဲ့။ နိုင်ငံတကာသူနာပြုစာမေးပွဲဝင်ဖြေပြီး ထူးထူးချွန်ချွန်အောင်မြင်တဲ့သူကို ဩစတြေးလျနိုင်ငံဆေးရုံတွေက အဲဒီစင်ကာပူဆေးရုံလစာထက် နှစ်ဆပေးပြီး ခေါ်ယူတဲ့အတွက် စင်ကာပူမှ ဩစတြေးလျသို့ ပြောင်းရွှေ့အလုပ်လုပ်နေတဲ့ သူနာပြုမြန်မာမိန်းကလေးများလည်း ရှိပါသတဲ့။ ပညာတန်ဖိုး။

မြန်မာပြည်က ဌာနတချို့မှ ဝန်ထမ်းတချို့ဟာ အစိုးရလစာ(အခြားနိုင်ငံနဲ့စာရင်) နည်းမှန်းသိပေမယ့် နိုင်ငံတော်ကအခြေခံပညာ၊ အဆင့်မြင့်ပညာတွေကို အချိန်ကာလနှစ်ပေါင်းများစွာ ငွေကြေးသိန်းပေါင်းများစွာ ရင်းနှီးပြုစုကာ ပျိုးထောင်မွေးမြူလာခဲ့တဲ့ ပြည်သူရဲ့ကျေးဇူးကို နားလည်ထောက်ထားပြီး မိမိတာဝန်ကို ကြိုးကြိုးစားစား စေတနာထက်ထက်သန်သန် အလုပ်လုပ်နေကြဆဲပါပဲ။ လေးစားစရာပါ။

နိုင်ငံခြားမှာလစာ အလွန်ကောင်းတာကို အဝေးမှမျှော်ကြည့် နှိုင်းယှဉ်ပြီး ဟိုဘက်ကမ်းက မြက်တွေဟာပိုပြီးစိမ်းလှပါလား ထင်မြင်ယူဆသူ ဝန်ထမ်းတချို့ကတော့ သစ္စာမဲ့စွာ အလုပ်ခွင်မှ ထွက်ခွာသွားတဲ့အခါ ပြည်ပမှာ မကျက်တကျက် ပေါင်မုန့်ဖြစ်နေရရှာ။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကကတစ်ငါး ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကကတစ်ငါး ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ကကတစ်ငါးပိဿာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကကတစ်ငါးပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကကတစ်ငါး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ငွေကျပ် ၂၂၀၀၀ ထိ ဈေးပါက်နေကြောင်း သိရသည်။

"ဖျာပုံမြို့နယ်က ကကတစ်ငါး ထွက်ရှိပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ကကတစ်ငါး ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားခဲ့လို့ အရောင်းအဝယ် ကောင်းခဲ့တာပါ။ အရောင်းအဝယ်ကောင်းလာတော့ ကုန်သွယ်လုပ်ငန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

အဆိုပါ ဈေးကွက်ဝင် ကကတစ်ငါးများသည် ပုံမှန်အားဖြင့် ခန္ဓာကိုယ်အလျား ၂၅ စင်တီမီတာမှ စင်တီမီတာ ၁၀၀ အတွင်းရှိပြီး အကြီးဆုံးမှာ စင်တီမီတာ ၂၀၀ ထိရှိပြီး ကကတစ်ငါးများကို ရေချိုတွင်လည်းကောင်း၊ ရေချို၊ ရေငန်စပ်တွင် လည်းကောင်း စီးပွားဖြစ်မြစ်ချောင်းများတွင် လည်းကောင်း မွေးမြူကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးထံမှ သိရသည်။

**ကျော်ကျော်လင်း**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၅၈၀၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**အရာတော် အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၅၈၀၈ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၅၂၆၆ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၈၀၈ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ဝါ ၅၂၆၆ ကေ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၅၈၀၈ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဝါစိုက်ပျိုးမှုအနေနဲ့ လက်ရှိအချိန်မှာတော့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ ဝါစိုက် ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်းမျိုးသန့်တွေကို တောင်သူတွေအနေနဲ့ စိုက်ပျိုးရာသီအမီ စိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။



အရာတော်မြို့နယ်တွင် ယခုနှစ် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရန်၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန်၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမွန်စေရန်၊ စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူလိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# နတ်မောက်မြို့နယ် နဘဲတန်းကျေးရွာ၌ ကွန်ကရစ်ရေကျော် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နတ်မောက် အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက နဘဲတန်းကျေးရွာ၌ ကွန်ကရစ်ရေကျော် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်း အင်ဂျင်နီယာ-၃ (မြို့ပြ) ဒေါ်ရွှေစင်ဝင်းသူနှင့် တာဝန်ရှိသူများက နဘဲတန်းကျေးရွာ၌ ကွန်ကရစ်ရေကျော် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အငယ်တန်း အင်ဂျင်နီယာ-၃ (မြို့ပြ) ဒေါ်ရွှေစင်ဝင်းသူက ရေကျော်တည်ဆောက်ခြင်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ နဘဲတန်းကျေးရွာ အရှည်ပေ ၈၀၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်ပေရှိ ကွန်ကရစ်ရေကျော် တည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၅၀ ဒသမ ၈၀၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် ငွေယွန်းစံကုမ္ပဏီက ဇူလိုင်လ တတိယပတ်မှ စတင်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းအားလုံး၏ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပါက လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

**သူသူငြိမ်း**

# ဖောင်းပြင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖောင်းပြင် အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုဂံတောင်ကျေးရွာနှင့် ရွှေညောင်ပင်ကျေးရွာ၌ ဒသမအကြိမ်မြောက် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၁၃ရက် နံနက်ပိုင်းက ပုဂံတောင်ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ ချေးငွေများထုတ်ချေးပေးရာတွင် ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းညွန့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှု အဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသား၊ အသင်းသူများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေယူသည့်လုပ်ငန်းများအား အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရေး၊ ကျေးလက်ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကျေးရွာစိတ်ဓာတ်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံက ပုဂံတောင်ကျေးရွာနှင့်ရွှေညောင်ပင်ကျေးရွာ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၆၃၆ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ပုဂံတောင်ကျေးရွာနှင့်ရွှေညောင်ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ဦးရေ ၅၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၅၉ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၃၃ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၂ ဦးကို ငွေကျပ် ၆၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။

**သက်မာ**

# ဇီးကုန်းမြို့နယ် သစ်စင်တောင်စုကျေးရွာ၌ မြေနီလမ်းခင်းနေမှု စစ်ဆေး

**ဇီးကုန်း အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်စင်တောင်စုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ သစ်စင်တောင်စုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေသားတင်ခြင်းလုပ်ငန်း၊ မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းအရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဇီးကုန်းမြို့နယ် သစ်စင်တောင်စုကျေးရွာ၌ အရှည်ပေ ၃၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေရှိ မြေသားတင်ခြင်းလုပ်ငန်းနှင့် အမြင့် ကိုးလက်မရှိ မြေနီခင်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၉၂ ဒသမ ၅၄ သန်းဖြင့် ဟိန်းမေတ္တာစံကုမ္ပဏီမှ တာဝန်ယူ၍ ဇွန် ၁၃ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက သစ်စင်တောင်စုကျေးရွာရှိ တောင်သူများ ထွက်ကုန်သီးနှံများ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုညီ**

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလိုအပ်နေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ

မောင်သောင်းဝင်း(တမန်ဟောင်း)

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပေါ်အခြေအနေဖြစ်လျက်ရှိသဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI) မြှင့်တင်ရေးအတွက် ချက်ချင်းလုပ်ဆောင်သွားရန် လိုအပ်နေပြီဖြစ်သည်။ တိုင်းပြည်အနေဖြင့် အသေးစားစီးပွားရေးလုပ်ငန်း စိန်ခေါ်မှုများနှင့် ရုန်းကန်ရလျက်ရှိသောကြောင့် FDI ဆွဲဆောင်ရေးသည် တစ်ခုတည်းသောရွေးချယ်ရန်မဟုတ်သည့်အပြင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် မတူကွဲပြားသောစီးပွားရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်သွားရန် လိုအပ်လျက်ရှိသည်။ မကြာသေးမီက တွေ့ရှိသော စီးပွားရေးအလားအလာများအရ FDI စီးဝင်မှုသည် ကျရိပ်ပြလျက်ရှိသောကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လုပ်သာကိုင်သာရှိသော ရင်းနှီးမြှုပ်နှံမှုအခြေအနေဖန်တီးရန် ထိရောက်သော အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်သွားရန် လိုအပ်သည်။

**FDI စီးဝင်မှုအလားအလာ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏စီးပွားရေးသည် ဆန္ဒထုတ်ဖော်မှုများကြောင့် ကမောက်ကမဖြစ်လျက်ရှိရာ ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာသည် ရာထူးမှနုတ်ထွက်ပေးခဲ့ရပြီး ကြားဖြတ်အစိုးရလက်ထက်တွင် မသေချာမရေရာမှုများနှင့် စခန်း သွားရလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ FDI သည် ယခုနှစ်နွေရာသီမတိုင်မီကတည်းကပင် ကျရိပ်ပြနေသည်ကိုသိရှိထားသင့်ပေသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အသားတင် FDI စီးဝင်မှုသည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၈ ဘီလီယံရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သုံးဘီလီယံသာရှိခဲ့သဖြင့် ၁၄ ရာခိုင်နှုန်းခန့် ကျဆင်းသွားခဲ့သည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း FDI စီးဝင်မှု ၂၀ ဒသမ ၂ ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့ပြီးနောက်ပိုင်း FDI ဆက်တိုက်ကျဆင်းလာခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် မသေချာမရေရာမှုများ ရင်ဆိုင်နေရသည်ကို မီးမောင်းထိုးပြသလျက်ရှိသည်။

အထူးသဖြင့် ၂၀၂၃ ခုနှစ်တွင် ရှိရင်းစွဲကုမ္ပဏီများသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၀ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့သောကြောင့် FDI စီးဝင်မှုအားလုံး၏ ၇၃ ရာခိုင်နှုန်းရှိခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ FDI ပမာဏအများအပြားသည် ပြည်ပရင်းနှီးမြှုပ်နှံမှုအသစ်များထက် ရှိရင်းစွဲရင်းနှီးမြှုပ်နှံသူများထံမှ ပြန်လည်ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်းသာဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် FDI ကျဆင်းခြင်းသည် ဒေသတွင်း၌ FDI စီးဝင်မှုပိုမိုလာခြင်းနှင့် သက်ဆိုင်လျက်ရှိသည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံသည် တစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ နှင့် ဗီယက်နမ်နိုင်ငံသည် ၁၅ ဘီလီယံ ဆွဲဆောင်နိုင်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စုစုပေါင်း FDI တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၁ ဘီလီယံသာရှိသဖြင့် GDP ၏ ၄ ဒသမ ၆ ရာခိုင်နှုန်းခန့်သာရှိပြီး တောင်အာရှနှင့် အရှေ့တောင်အာရှရှိနိုင်ငံများထက် များစွာနည်းပါးလျက်ရှိသည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် FDI အရင်းအမြစ်များဖြစ်နေသော်လည်း အခြားနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နှိုင်းယှဉ်ပါက သိသိသာသာနည်းပါးနေဆဲပင်ဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အကြီးမားဆုံး FDI အရင်းအမြစ်နိုင်ငံဖြစ်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၉၄၀ ရင်းနှီးမြှုပ်နှံခဲ့သည်။ ထိုအတောအတွင်း အမေရိကန်နိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ FDI စီးဝင်မှုသည် ၁၁ ရာခိုင်နှုန်းကျဆင်းခဲ့ရာ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၁၅ သန်းသာ ရှိခဲ့သည်။

**FDI ကျဆင်းရသောအကြောင်းတရားများ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံခြားငွေလဲနှုန်းသည် အဆိုးရွားဆုံးကာလကို ကြုံတွေ့ရလျက်ရှိပြီး လွန်ခဲ့သော နှစ်နှစ်အတွင်း အမေရိကန်နှင့်လဲလှယ်ရာတွင် တာကာတန်ဖိုးသည် ၃၅ ရာခိုင်နှုန်း အရှုံးပြခဲ့သည်။ ထိုသို့ ငွေကြေးမတည်ငြိမ်ခြင်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကြား ငွေကြေးအန္တရာယ်အပြင် စီးပွားရေးဝန်းကျင်တစ်ရပ်လုံးနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုမြင့်တက်စေလျက်ရှိသည်။

ထို့ထက်ပို၍ဆိုးရွားသည်မှာ အဂတိလိုက်စားမှုများသည် FDI ဆွဲဆောင်ရာတွင် ကြီးမားသောအတားအဆီးဖြစ်လျက်ရှိသည်။ ဗျူရိုကရက်လွှမ်းမိုးမှုများနှင့် အလွဲသုံးစားမှုများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း သတင်းအစီရင်ခံစာများက ညွှန်ပြလျက်ရှိသည်။ ကဏ္ဍအသီးသီးတွင် စီမံအုပ်ချုပ်မှုကင်းမဲ့နေခြင်းသည် အဂတိလိုက်စားမှုပြဿနာများကို ပိုမိုကြီးထွားလာစေလျက်ရှိသည်။




လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုရှိခဲ့သော်လည်း လက်ရှိအချိန်တွင် FDI ဆွဲဆောင်နိုင်မှုသည် လုံလောက်မှုမရှိသေးပေ။ ပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍတို့တွင် အခြေခံအဆောက်အအုံလိုအပ်ချက်ရှိနေခြင်းသည် လုပ်ငန်းပိုင်းဆိုင်ရာလည်ပတ်မှုတွင် အဟန့်အတားဖြစ်စေလျက်ရှိသည်။

မူဝါဒပိုင်းဆိုင်ရာတွင် ရှေ့နောက်မညီညွတ်မှုနှင့် ကန့်သတ်ချက်ရှိနေသော လုပ်ငန်းများသည် FDI စီးဝင်မှုလျော့နည်းကျဆင်းရခြင်း၏ အကြောင်းတရားများပင်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုမူဝါဒများ မကြာခဏပြောင်းလဲခြင်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို မသေချာမရေရာမှုများဖြစ်ပေါ်စေလျက်ရှိသည်။ အခွန်ကောက်ခံမှုနှင့်လုပ်ထုံးလုပ်နည်းများအပေါ် အစိုးရ၏ချုပ်ကိုင်ဆောင်ရွက်မှုသည် ကြိုတင်ခန့်မှန်းတွက်ချက်မှုများမရှိသောကြောင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်စီမံကိန်းရေးဆွဲရန် စိန်ခေါ်မှုဖြစ်စေလျက်ရှိသည်။ ထို့ပြင် ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနာ ရုတ်တရက်နုတ်ထွက်ရခြင်းသည်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို မသေချာမရေရာမှုများဖြစ်ပေါ်စေလျက်ရှိသည်။ ကြားဖြတ်အစိုးရ၏ စီးပွားရေးဆိုင်ရာချဉ်းကပ်မှုမှာ မသေချာမရေရာသလို ထိုအစိုးရအဖွဲ့အနေဖြင့် အချိန်မည်မျှကြာသည်ထိ အာဏာဆက်လက်စွဲကိုင်ထားမည်လဲဟူသော အချက်မှာလည်း မသေချာမရေမရာဖြစ်ပေါ်လျက်ရှိသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံခြားဝင်ငွေ ၈၆ ရာခိုင်နှုန်းကျော် ရှာဖွေပေးလျက်ရှိသောအထည်အလိပ်ကဏ္ဍအပေါ် အလွန်အမင်းမှီခိုခြင်းသည် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်အတက်အကျတွင် စီးပွားရေးဆိုင်ရာအားနည်းချက်များ ဖြစ်ပေါ်စေလျက်ရှိသည်။ ရင်းနှီးမြှုပ်နှံသူများသည် မတူကွဲပြားသောကဏ္ဍများတွင် အခွင့်အလမ်းများ ရှာဖွေလျက်ရှိသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အဆိုပါအလားအလာအပေါ် အပြည့်အဝရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်နိုင်စွမ်းမရှိသေးပေ။

**FDI စီးဝင်မှုများမှတစ်ဆင့်**

လက်ရှိစီးပွားရေးအခင်းအကျင်းအရ နိုင်ငံခြားအရန်ငွေကြေးအပေါ် ဖိအားများဖြစ်ပေါ်လျက်ရှိသဖြင့် ချေးငွေများနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုဦးစားပေးလုပ်ဆောင်ခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် များစွာအရေးပါလျက်ရှိသည်။ မကြာသေးမီက ထုတ်ပြန်ခဲ့သောအစီရင်ခံစာများအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံခြားအရန်ငွေကြေးသည် သိသိသာသာ ကျဆင်းလျက်ရှိပြီး ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံရှိခဲ့ရာမှ ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၆ ဘီလီယံခန့်ကျဆင်းသွားခဲ့သည်။ ကြွေးမြီဝန်ဆောင်မှုလုပ်ငန်းများကြောင့် နိုင်ငံခြားအရန်ငွေကြေးအပေါ် ဖိအားများဖြစ်ပေါ်စေခဲ့သည်။

အမှန်တော့ ချေးငွေများအပေါ် မှီခိုနေခြင်းသည် အကြွေးသံသရာလည်နေပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်စေမည်ဖြစ်သည်။ ချေးငွေများသည် အကြွေးဝန်ထုပ်ဝန်ပိုးပိနေချိန်တွင် FDI သည် အရင်းအနှီးအပြင် နည်းပညာလွှဲပြောင်းမှု၊ ကျွမ်းကျင်မှုတိုးတက်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာအရောင်းကွင်းဆက်သို့ ပေါင်းစည်းခြင်းတို့ကိုလည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ FDI သည် ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို နှိုးဆွပြီး အလုပ်အကိုင်များဖန်တီးပေးသောကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စဉ်ဆက်မပြတ်အခွင့်အလမ်းပိုမိုရရှိစေမည်ဖြစ်သည်။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများဆွဲဆောင်ရေး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် တိုင်းပြည်ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လာရောက်သည့်နေရာအဖြစ်မြှင့်တင်နိုင်ရန်သည် အားလုံးလွှမ်းခြုံသောစီးပွားရေးဝန်းကျင်တိုးတက်ရေးရည်မှန်းကာ အမျိုးမျိုးသော မဟာဗျူဟာလုပ်ငန်းများကို အကောင်အထည်ဖော်သွားရမည်ဖြစ်သည်။ ပထမဆုံးခြေလှမ်းအနေဖြင့် ဗျူရိုကရေစီလုပ်ငန်းစဉ်ကို ရိုးရှင်းအောင်ဆောင်ရွက်ခြင်းဖြင့် လုပ်ထုံးလုပ်နည်းမူဘောင်များ ထိရောက်အောင်ဆောင်ရွက်သွားသင့်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်သည့်စနစ် ထူထောင်သွားရန်လိုအပ်သည်။

ထို့ပြင် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံခြင်း အထူးသဖြင့် စွမ်းအင်နှင့် ပို့ဆောင်ရေးတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ခြင်းသည် များစွာအရေးပါလျက်ရှိသည်။ ပြည်သူပါဝင်သော ပုဂ္ဂလိကမိတ်ဖက်ဆောင်ရွက်မှုသည် စီမံကိန်းများအကောင်အထည်ဖော်ရာတွင် ရန်ပုံငွေရရှိနိုင်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို အထောက်အကူဖြစ်စေမည့် လိုအပ်သောအခြေခံအဆောက်အအုံများထူထောင်ထားနိုင်မည်ဖြစ်သည်။ ထို့ပြင် အထည်အလိပ်လုပ်ငန်းအပြင် နည်းပညာ၊ ဆေးဝါးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဲ့သို့သော မတူကွဲပြားသည့်ကဏ္ဍများမြှင့်တင်ခြင်းသည် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်သကဲ့သို့ ရည်မှန်းချက်ထားကာ အားပေးလုပ်ဆောင်ခြင်းသည် အဆိုပါနယ်ပယ်များအတွက် တိုးတက်ရန် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် စီမံအုပ်ချုပ်မှုခိုင်မာအားကောင်းအောင်ဆောင်ရွက်ပြီး အဂတိလိုက်စားမှုများတိုက်ဖျက်ခြင်းသည် ရင်းနှီးမြှုပ်နှံသူ ယုံကြည်မှုတည်ဆောက်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအမံများအကောင်အထည်ဖော်ခြင်းနှင့် e-governance လုပ်ငန်းစဉ်များသည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို မြှင့်တင်ပေးသွားနိုင်မည်ဖြစ်သည်။ အောင်မြင်မှုရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပြသနိုင်ခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ခြင်း၏ အကျိုးကျေးဇူးများကို ပြသနိုင်သကဲ့သို့ အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများကိုဆွဲဆောင်ရန် အားကောင်းသည့် ဈေးကွက်လက်နက်တစ်ရပ်အဖြစ်လည်း အသုံးပြုသွားနိုင်မည်ဖြစ်သည်။

နောက်ဆုံးအချက်အနေဖြင့် တည်ငြိမ်မှုရှိသော စီးပွားရေးဝန်းကျင်ဖန်တီးခြင်းသည် ရင်းနှီးမြှုပ်နှံသူယုံကြည်မှုပြန်လည်ရရှိရေးအတွက် အရေးပါလျက်ရှိသည်။ ထိုသို့ဖန်တီးမှုတွင် ငွေကြေးဖောင်းပွမှုစီမံခြင်း၊ တည်ငြိမ်သောငွေလဲနှုန်းလုပ်ဆောင်ခြင်း၊ နိုင်ငံခြားအရန်ငွေကြေး တောင့်တင်းအောင်ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ အဆိုပါလုပ်ငန်းအားလုံးသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို တိုင်းပြည်အတွင်း ကာလရှည်ရင်းနှီးမြှုပ်နှံရန် အားပေးသွားမည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန်အချိန်သည် လက်ရှိအချိန်ပင်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အလားအလာကောင်းများစွာ ပိုင်ဆိုင်ထားသော်လည်း ရှိရင်းစွဲစိန်ခေါ်မှုများကို ဖြေရှင်းသွားရမည်ဖြစ်ပြီး တောင်အာရှတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်နေရာတစ်ခုဖြစ်လာစေရန် မဟာဗျူဟာမြောက်ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်သွားရမည်ဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှုရှိသော ဝန်းကျင်တစ်ရပ်ဖန်တီးခြင်းအားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲရန်နှင့် နိုင်ငံသားများ၏ ဘဝတိုးတက်ရေးတို့အတွက် FDI များ ပိုမိုမြှင့်တင်သွားနိုင်မည်ဖြစ်ပေသည်။ အမှန်တော့ အခွင့်အလမ်းကောင်းနှင့်အချိန်အခါကောင်းတို့ကျရောက်နေပြီဖြစ်ပေရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်နိုင်စေမည့်အပြင် အနာဂတ်တွင်လည်း စဉ်ဆက်မပြတ်စီးပွားရေးတိုးတက်မှုတို့ ခိုင်မာအားကောင်းစေရန်သည် မူဝါဒချမှတ်သူများ၏ ထိထိရောက်ရောက်လုပ်ဆောင်နိုင်မှုအပေါ် များစွာမူတည်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **Bangladesh at a Crossroads : The Urgent Need to Revitalize Foreign Investment by The Diplomat.**




**5 Digits အောင်ဘာလေအွန်လိုင်းထီ လာတော့မည် ကံထူးရှင်ကြီးဖြစ်တော့မည်**

- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှစတင်၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးဖြင့် ရောင်းချသွား မည်ဖြစ်ပြီး ထီလက်မှတ်တစ်စောင် တန်ဖိုးမှာ ကျပ် ၁၀၀၀ ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက် နေ့အထိသာ နောက်ဆုံးရောင်းချပေးမည်ဖြစ်ပါသည်။
- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်သော (၆၇)ကြိမ်မြောက် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ အောင်ဘာ လေအွန်လိုင်းသိန်း ဆုထီစနစ်၏ ထီပေါက်စဉ်အား အသစ်ဆောင်ရွက်ထားသည့် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံး အောင်ဘာလေ အွန်လိုင်းထီစနစ်တွင် ဆက်လက်ကြည့်ရှုနိုင်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား (၁)လလျှင် (၂)ကြိမ် ရောင်းချပေးမည် ဖြစ်ပြီး ရောင်းချမည့်ကာလ များမှာ လတစ်လ၏ (၁)ရက်နေ့မှ (၁၄)ရက်နေ့အထိ (၁)ကြိမ် နှင့် (၁၆)ရက်နေ့မှ လကုန်ရက် မတိုင်မီ (၁) ရက် အလိုအထိ (၁) ကြိမ် စုစုပေါင်း (၂) ကြိမ်ဖြစ်ပါ သည်။ လတစ်လ၏ ပထမအကြိမ်အတွက် ထီဖွင့်ပွဲအား လစဉ် (၁၆)ရက်နေ့ နှင့် ဒုတိယအကြိမ် အတွက် ထီဖွင့်ပွဲအား နောက်လ၏ (၂)ရက် နေ့တွင် ပုံမှန် ဖွင့်လှစ် ပေးသွားမည်ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီတွင် **Jackpot** ဆု၊ ယူနစ်ဆုနှင့် နစ်သိမ့်ဆု များဖြင့် ထီဆုများ ဖွင့်လှစ် ပေးမည် ဖြစ်ပါသည်။
- **Jackpot** ဆု၏ ထီလက်မှတ်ကံထူးရှင်အား (၃) ကြိမ်တိတိ ဖွင့်လှစ်ရွေးချယ်ပေးမည်ဖြစ်ပြီး (၃)ကြိမ် အတွင်းပေါက်မဲ နံပါတ် ထွက်ပေါ်လာပါက **Jackpot** ဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ (၃) ကြိမ်အတွင်း ပေါက်မဲနံပါတ် မထွက်ပေါ် ပါက **Jackpot** ဆုအတွက် ထီဆုငွေအား နောက်တစ်ကြိမ် ထီဖွင့်ပွဲတွင် ပေါင်းထည့်ပေးသွားမည် ဖြစ်ပါသဖြင့် ဆတိုးရရှိနိုင် သည့် ထီဆုကြီး အမျိုးအစားဖြစ်ပါသည်။ **Jackpot** ဆု အတွက် ကံထူးရှင် မထွက် ပေါ်လာသေးသော **Jackpot** ထီ ဆုငွေများအား အများဆုံး (၆)ကြိမ် (၃လ) အထိဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။ (၆)ကြိမ်မြောက် တွင် **Jackpot** ထီဆုကြီးအား (၃) ကြိမ် မဟုတ်ပဲပေါက်မဲနံပါတ် ထွက်ပေါ်လာသည်အထိ ဖွင့်လှစ်ရွေးချယ်ပေးသွားမည်ဖြစ်ပါသည်။
- ယူနစ်ဆုနှင့် နစ်သိမ့်ဆုများကို ပေါက်မဲနံပါတ် မထွက်ပေါ်လာမချင်း ဖွင့်လှစ်ပေးသွားမှာဖြစ်ပြီး ယူနစ် ရသလောက်ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို ယခင် **Aung Bar Lay** အက်ပလီကေးရှင်း တွင်ပင် ဝယ်ယူကံစမ်းနိုင်ပါသည်။
- **Aung Bar Lay** အက်ပလီကေးရှင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် **Version** အသစ်မြှင့်တင်မှု စတင် ဆောင်ရွက်နိုင်ပြီဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှ စတင်၍ ထီလက်မှတ်ကို ဝယ်ယူကံစမ်း နိုင်မည်ဖြစ်ပါသည်။
- ထီလက်မှတ် ငွေပေးချေခြင်း နှင့် ထီဆုငွေထုတ်ယူခြင်းများသည် ယခင် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ် (အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံး) အတိုင်း ဖြစ်ပါသည်။

**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှ စတင်ပြီး ကံစမ်းနိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။**


# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၉၀၁၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၉၀၁၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၂၅၇ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၉၀၁၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မင်းကင်းမြို့နယ်အတွင်း ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၂၁၂၅၇ ကေစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၉၀၁၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်း ကောင်းမွန်စေဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးနှမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# တောင်တွင်းကြီးမြို့နယ် ထန်းပင်တဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ထန်းပင်တဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ထန်းပင်တဲကျေးရွာ၌ အရှည် ၅၄၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ကွန်ကရစ်လမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထန်းပင်တဲကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ကိုးသန်း၊ စုစုပေါင်း ၂၄ သန်း အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၁၇ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ချိုလေး**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့**

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
## (လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန)သင်တန်းလျှောက်လွှာများခေါ်ယူခြင်း

| | | |
|---|---|---|
| ၁ | သင်တန်းအမည် | **Diploma in English Course No.69 (Basic Level) ( Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူဖြစ်ရမည်။ |
| | ပုံစံစစ်ရန် နှင့် ဝင်ခွင့်စာမေးပွဲ ကြေးပေးသွင်းရမည့်ရက် | (၂၁-၁၀-၂၀၂၄)ရက်နေ့မှ (၆-၁၁-၂၀၂၄)ရက်နေ့ထိ |
| | ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်ရက် | ၉-၁၁-၂၀၂၄ ရက် (စနေနေ့) နံနက် (၉:၀၀ မှ ၁၁:၀၀)နာရီထိ ဝင်ခွင့်ဖြေဆိုရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၇-၁၂-၂၀၂၄) စနေနေ့ နံနက် (၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| | သင်တန်းကြေး | ၃ လအတွက် (၆၀၀၀၀/-) (ကျပ်ခြောက်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၂ | သင်တန်းအမည် | **Postgraduate Diploma in English Course No.64 (Basic Level) (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ဒီဂရီရပြီးသူ ဖြစ်ရမည်။ |
| | ပုံစံစစ်ရန် နှင့် ဝင်ခွင့်စာမေးပွဲ ကြေးပေးသွင်းရမည့်ရက် | (၂၁-၁၀-၂၀၂၄)ရက်နေ့မှ (၆-၁၁-၂၀၂၄)ရက်နေ့ထိ |
| | ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်ရက် | ၉-၁၁-၂၀၂၄ ရက် (စနေနေ့) မွန်းလွဲ (၁:၀၀ မှ ၃:၀၀)နာရီထိ ဝင်ခွင့်ဖြေဆိုရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၇-၁၂-၂၀၂၄) စနေနေ့ မွန်းလွဲ (၁:၀၀ မှ ၄:၀၀)နာရီထိ |
| | သင်တန်းကြေး | ၃ လအတွက် (၆၀၀၀၀/-) (ကျပ်ခြောက်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၃ | သင်တန်းအမည် | **ကွန်ပျူတာသင်တန်းအခြေခံအမှတ်စဉ် (၁၁၉) (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၇-၁၂-၂၀၂၄) စနေ၊ တနင်္ဂနွေ နံနက် (၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| | သင်တန်းကြေး | ၃ လအတွက် (၆၀၀၀၀/-) (ကျပ်ခြောက်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၄ | သင်တန်းအမည် | **ကွန်ပျူတာ Advanced Excel သင်တန်းအမှတ်စဉ်(၁၁) (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး Basic Computer သင်တန်းဆင်းလက်မှတ် ရရှိပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၇-၁၂-၂၀၂၄) စနေ၊ တနင်္ဂနွေ နံနက် (၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| | သင်တန်းကြေး | ၃ လအတွက် (၆၀၀၀၀/-) (ကျပ်ခြောက်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၅ | သင်တန်းအမည် | **ကွန်ပျူတာသင်တန်းအဆင့်မြင့်အမှတ်စဉ်(၁၀၄) (Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီး Basic Computer သင်တန်းဆင်းလက်မှတ် ရရှိပြီးသူ ဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၇-၁၂-၂၀၂၄) စနေ၊ တနင်္ဂနွေ နံနက် (၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| | သင်တန်းကြေး | ၃ လအတွက် (၆၀၀၀၀/-) (ကျပ်ခြောက်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၆ | သင်တန်းအမည် | **English Language Proficiency Course No.50(Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၇-၁၂-၂၀၂၄) စနေ၊ တနင်္ဂနွေ နံနက် (၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| | သင်တန်းကြေး | ၃ လအတွက် (၆၀၀၀၀/-) (ကျပ်ခြောက်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၇ | သင်တန်းအမည် | **တရုတ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယားနှင့် ရုရှားဘာသာစကားကျွမ်းကျင်မှုသင်တန်း Basic Level-I,No.65(Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၇-၁၂-၂၀၂၄) စနေ၊ တနင်္ဂနွေ နံနက် (၉:၀၀ မှ ၁၂:၀၀)နာရီထိ |
| | သင်တန်းကြေး | ၆ လအတွက် (၁၂၀၀၀၀/-) (ကျပ်တစ်သိန်းနှစ်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |
| ၈ | သင်တန်းအမည် | **Basic Course for Phonetics and Phonology,No.3(Weekends)** |
| | ပညာအရည်အချင်း | တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူဖြစ်ရမည်။ |
| | သင်တန်းစတင်မည့်နေ့ | (၇-၁၂-၂၀၂၄) စနေ၊ တနင်္ဂနွေ မွန်းလွဲ (၁:၀၀ မှ ၄:၀၀)နာရီထိ |
| | သင်တန်းကြေး | ၃ လအတွက် (၆၀၀၀၀/-) (ကျပ်ခြောက်သောင်းတိတိ) (တစ်ကြိမ်တည်းပေးသွင်းရပါမည်) |

Postgraduate Diploma in English Course & Diploma in English Course သင်တန်းများအတွက် ဝင်ခွင့်လျှောက်လွှာများကို (၂၁-၁၀-၂၀၂၄)ရက်နေ့မှ (၆-၁၁-၂၀၂၄)ရက်နေ့အထိလည်းကောင်း၊ English Language Proficiency Course၊ ကွန်ပျူတာသင်တန်းများ၊ ဘာသာစကားကျွမ်းကျင်မှုသင်တန်းများနှင့် Basic Course for Phonetics and Phonology အတွက် လျှောက်လွှာများကို (၂၁-၁၀-၂၀၂၄)ရက်နေ့မှ (၄-၁၂-၂၀၂၄)ရက်နေ့အထိလည်းကောင်း ရုံးချိန်အတွင်း လာရောက်လျှောက်ထားရမည်ဖြစ်သည်။ (ပညာအရည်အချင်းအတွက် အောင်လက်မှတ် (သို့) ဘွဲ့ရလက်မှတ်မိတ္တူကို မူရင်းနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ပြီး ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ(၄)ပုံ ယူဆောင်လာရမည်ဖြစ်သည်။) တီရှပ် (သို့) စပို့ရှပ်ဖြင့် ရိုက်ကူးထားသော ဓာတ်ပုံများကို လုံးဝ(**လုံးဝ**) လက်ခံမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းရန် – CHRD ရုံးခန်း, ၀၉-၃၃၀၃၉၈၇၇

**ဒေါက်တာ**
**မော်ကွန်းထိန်း**
**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

---

ဦးအာရှရတ်(ဖ)၏သားသမီးများဖြစ်ကြသော–

**(မြေပိုင်ရှင်များ)**

(၁) ဦးတင့်ဆွေ (၉/မရတ (နိုင်)၁၀၄၀၃၇)
(၂) ဦးခင်မောင်သန်း(၉/မရတ(နိုင်)၁၀၄၀၃၆)
(၃) ဦးမောင်မောင်(၉/အမဇ(နိုင်)၀၁၇၂၁၃)
(၄) ဒေါ်ဘန်နူး(ခ)ဒေါ်မြင့်မြင့်သန်း(၉/မရမ(နိုင်)၁၀၄၀၆၆)
အကွက်(၁၇၁)၊(၂၄_၂၅)လမ်းကြား၊ (၈၃_၈၄)လမ်းကြား၊
စစ်ကိုင်းတန်း ၊ ဗလီဝင်း၊ ပြည်ကြီးကျက်သရေ၊ အနောက်ရပ်ကွက်၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

**ကန်ထရိုက်တာ–**
ဦးနီတာ
(၉/ပဘန(နိုင်)၀၀၉၈၁၇)
(မြတ်မိခင်ဆောက်လုပ်ရေး)၊
ရုံးအမှတ်(၁၉၈/က၊ ပထမထပ်)၊
(၈၂)လမ်း၊ (၂၇_၂၈)လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊
မန္တလေးမြို့။

## အထက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် အများသိစေရန် အသိပေးကြေညာချက်

ဒေါ်ရှီဒါဘာနို (ဘ) ဖကီးမာမက် (ခ) ဦးဖေခင်(၉/မရမ(နိုင်)၀၅၇၀၇၄)၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးဇော်ဝင်း (၉/မမန(နိုင်)၀၁၇၀၄၂)၊ အမှတ်(၉၈)၊ (၇)ကွက်၊ (၈)လမ်း၊ ရပ်ကွက်ကြီး(၄)၊ ပြင်ဦးလွင်မြို့နေသူမှ အထက်ဖော်ပြပါ မြေရှင်များ၊ ကန်ထရိုက်တာနှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အကွက်(၁၇၁) ၊ (၂၄_၂၅) လမ်းကြား၊ (၈၃_၈၄)လမ်းကြား၊ စစ်ကိုင်းတန်း၊ ဗလီဝင်းရှိ အလျား(၄၈) ပေ၊ အနံ(၄၈)ပေ မြေကွက်ပေါ်တွင် (၄)ခန်းတွဲ၊ (၇)ထပ်တိုက် အသစ်တစ်လုံးတည်ဆောက်ရန် မြေရှင်နှင့် ကန်ထရိုက်တာတို့မှ (၃၁-၁၂-၂၀၁၂) ရက်နေ့တွင် သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး အပိုဆောင်းငွေကျပ်သိန်း(၁၀၀၀)ကို ကန်ထရိုက်တာမှ မြေရှင်သို့ (၃၁-၁၂-၂၀၁၂)နေ့မှအစပြု၍ လူနေထိုင်ခွင့်ရသည့်အချိန်ထိ (၇)ရစ်ခွဲ၍ ပေးချေရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ အဆောက်အဦးကို (၁၈)လအတွင်း ပြီးစီးအောင်ဆောက်လုပ်၍ သတ်မှတ်ရက်အတွင်းမပြီးပါက ကျော်လွန်သည့်လအတွက် တစ်လလျှင် (၅၀၀၀၀၀/-)ကျပ်ကို လစဉ်ပေးဆောင်သွားမည်ဖြစ်ကြောင်း နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ (၃၁-၁၂-၂၀၁၂)ရက်စွဲပါ မြေရှင်နှင့် ကန်ထရိုက်တာတို့ ချုပ်ဆိုသည့်စာချုပ်စာမျက်နှာ(၄)၊ အပိုဒ်(၇)တွင် ကန်ထရိုက်တာရရှိသော တိုက်ခန်းများနှင့်ပတ်သက်၍ ကန်ထရိုက်တာအနေဖြင့် မည်သည့်အဆင့်၊ မည်သည့်အချိန်တွင်မဆို ရောင်းချပေါင်နှံ ပေးကမ်းစွန့်ကြဲခွင့်ရှိကြောင်းနှင့် လိုအပ်ပါက မြေရှင်/အိမ်ရှင်မှ မည်သည့်အဆင့်တွင်မဆို လက်မှတ်ရေးထိုးပေးမည်ဖြစ်ကြောင်း အောက်တွင် နှစ်ဦးသဘောတူကတိပြု လက်မှတ်ရေးထိုးပါသည်။ ဟု နှစ်ဖက်သဘောတူညီချက်အရ ဒေါ်ရှီဒါဘာနို၏ ကွယ်လွန်သူသားနှင့် မိတ်ဆွေတို့မှ ကန်ထရိုက်တာရရှိမည့် မြေညီ( A/B )နှစ်ခန်းနှင့် အခန်းအမှတ်(A-4) တို့အား ငွေအကြေပေးချေ၍ ဝယ်ယူခဲ့ပါသည်။ ထို့နောက် မြေပိုင်ရှင်မှ မန္တလေးခရိုင်တရားရုံး တရားမကြီးမှုအမှတ် (၄၅၀/၂၀၁၈) တွင် ကန်ထရိုက်တာအပေါ် **"သတ်မှတ်ကာလအတွင်း ကန်ထရိုက်တိုက်အပြီးတည်ဆောက်လက်ရောက်အပ်ပေးမည်ဟူသော ကတိအတိုင်း ဆောင်ရွက်မပေးသဖြင့် လျော်ကြေးငွေ ကျပ်သိန်း(၆သောင်း)ရလိုမှု" စွဲဆိုခဲ့ရာ ရုံးတော်မှ အမှုကိုစားရိတ်နှင့်တကွ ပလပ်ခဲ့ပါသည်။** ကန်ထရိုက်တာမှလည်း မြေရှင်များအပေါ် မန္တလေးခရိုင်တရားရုံးတော်၌ပင် တရားမကြီးမှုအမှတ် (၆၅၄/၂၀၁၇)တွင် **"တရားလိုက တရားပြိုင်များ အပေါ် နှစ်ဦးသဘောတူကန်ထရိုက်စာချုပ်ပါ သဘောတူချက်များအရ ဆက်လက်ဆောက်လုပ်ခွင့်ရလိုမှု (သို့မဟုတ်) မြေရှင်များဘက်မှ ရယူထားသည့် လိုက်ငွေကျပ်သိန်း(၁၀၀၀)တိတိနှင့် စိုက်ထုတ်ကုန်ကျသည့်ငွေ ကျပ်သိန်း(၅၀၀၀)ရလိုမှု"ကို စွဲဆိုခဲ့ရာရုံးတော်မှ ထိုအမှုကိုလည်း စားရိတ်နှင့်တကွပလပ်ခဲ့ပါသည်။** ယခုအခါ မြေပိုင်ရှင်များမှ အခြားဆောက်လုပ်ရေးကုမ္ပဏီတစ်ခုနှင့်ဆက်သွယ်၍ အဆောက်အဦးအား အပြီးဆက်လက်ဆောက်လုပ်ခဲ့ပါသည်။ (၃၁.၁၂.၂၀၁၂)ရက်စွဲပါ မြေပိုင်ရှင်များနှင့် ကန်ထရိုက်တာ တို့ချုပ်ဆိုသည့်စာချုပ်အရ မြေပိုင်ရှင်များ၏ ခွင့်ပြုချက်ဖြင့် ကန်ထရိုက်တာမှ ရောင်းချခဲ့သည့်အခန်းများနှင့်ပတ်သက်ပြီး မြေရှင်များ၊ကန်ထရိုက်တာနှင့်ဝယ်ယူသူများအကြား တစ်စုံတစ်ရာပြီးပြတ်အောင် ဆောင်ရွက်ရခြင်းမရှိသေးမီ ကန်ထရိုက်တာရောင်းချခဲ့ပြီးဖြစ်သည့် အခန်းများနှင့်ပတ်သက်ပြီး တစ်နည်း နည်းလွှဲပြောင်းခြင်းမပြုရန် ကန့်ကွက်ကြေညာအပ်ပါသည်။ လိုက်နာခြင်းမရှိပါက ရာဇဝတ်ကြောင်း၊ တရားမကြောင်းများဖြင့် တရားစွဲဆိုအရေးယူတော့မည်ဖြစ်ကြောင်း မြေရှင်များ၊ ကန်ထရိုက်တာနှင့် အများသိရှိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း**
**(ဒေါ်ရှီဒါဘာနို၏အထွေထွေ**
**ကိုယ်စားလှယ်စာရသူ)**
**(လွှဲအပ်ညွှန်ကြားသူ)**

**ဒေါ်မေဟန်စိုးဝင်း LL.B, DPS, DIR, DIL, DBL, PGDE (MUFL)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၂၄၉၊ သိင်္ဂါလမ်းသွယ်၊ဘိုကုန်း၊**
**ရ. က . က (၆)၊ ပြင်ဦးလွင်မြို့။ 09-403705886**

**ဒေါ်ချမ်းကေသီ(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၇၇၇၉)/၂၀၂၂**
**ရပ်ကွက်ကြီး(၂၁)၊ ပြင်ဦးလွင်မြို့၊**

(လွှဲအပ်ညွှန်ကြားချက်အရ)







## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် **အင်္ဂမတိုက်တန်း၊ ဆိုင်ခန်းအမှတ်(၄)**သည် ဒေါ်ယဉ်ယဉ်မျိုး အမည်ပေါက်ပြီး ဒေါ်ယဉ်ယဉ်မျိုး အမည်မှ ဦးဝင်းတင့် အမည်သို့ ဆိုင်ခန်းမှတ်ပုံတင် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မဟာမုနိဂေါပကအဖွဲ့ရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် **သံထီးတိုက်တန်း၊ သီးခြားတောင်ဆိုင်ခန်းအမှတ်(၆)**သည် ဒေါ်ဝင်းကြည် အမည်ပေါက်ပါသည်။ ဒေါ်ဝင်းကြည် မှာ ကွယ်လွန်သွားခဲ့ပါသဖြင့် ဒေါ်ဝင်းကြည် အမည်မှ ဦးအောင်မင်းဦး အမည်သို့ ဆိုင်ခန်းမှတ်ပုံတင်အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မဟာမုနိဂေါပကအဖွဲ့ရုံး**







# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ **"ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့်သိပ္ပံ နယ်ပယ် နှစ်ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်...**

❖ **လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ် နှစ်ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။


**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏ Wa Ale Resort တွင် အောက်တိုဘာလနောက်ဆုံးပတ်မှစ၍ လာရောက်အပန်းဖြေအနားယူနိုင်



လန်ပိကျွန်း၏ ဆည်းဆာအလှကို တွေ့ရစဉ်။

ရန်ကုန် အောက်တိုဘာ ၁၄

မြန်မာနိုင်ငံတွင် ပထမဆုံးသော အဏ္ဏဝါဥယျာဉ်ကြီး တစ်ခုဖြစ်သည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သို့ နှစ်စဉ်ပြည်တွင်း၊ပြည်ပခရီးသွားများ လာရောက်အပန်းဖြေကြလျက်ရှိရာ ထိုကျွန်းပေါ်ရှိ ဝါးအလယ်ကျွန်း(Wa Ale Resort)အပန်းဖြေစခန်းကို ယခုလနောက်ဆုံးပတ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကော့သောင်းမြို့နှင့် ရေမိုင် ၆၀အကွာတွင်ရှိသည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် ဧရိယာ ၁၀၀ ဒသမ ၁၅ ဧကကျယ်ဝန်းပြီး ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ကျက်စားသည့်နည်းတူ အဏ္ဏဝါဆိုင်ရာကုန်းနေ၊ရေနေသတ္တဝါများ ရှင်သန်ကြွယ်ဝကာ သန့်ရှင်းကောင်းမွန်သော ပင်လယ်ပြင်နှင့်သဘာဝပတ်ဝန်းကျင်ကို ပိုင်ဆိုင်ထားရာ နိုင်ငံခြားသားခရီးသွားများ အထူးစိတ်ဝင်စားရာ အပန်းဖြေလေ့လာမှုနေရာ တစ်ခုအဖြစ် ထင်ရှားလျက်ရှိသည်။

"နိုင်ငံခြားသားတွေလာရောက်အပန်းဖြေတဲ့ ဝါးအလယ်ကျွန်း(Wa Ale Resort) အပန်းဖြေစခန်းကို

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် အောက်တိုဘာ ၁၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၁၅ ရက်တွင် ပိုမိုအားကောင်းလာနိုင်ကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်တွင် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ တမီးနာဒူးလ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

